http://www.dhammadownload.com

သုတ္တန္တပိဋက၊ ဒီဃနိကာယ်၊
သီလက္ခန္ဓဝဂ္ဂပါဠိတော်၊ အဋ္ဌကထာ

# သာမညဖလသုတ်တရားတော်

(ရဟန်းဘဝ၏အကျိုး၊ သာသနာတော်၏တန်ဖိုး)

## ပို့ချချက်

အရှင်ဣန္ဒြိယ (သျှင်မိုးဝေ)
သာသနဓဇဓမ္မာစရိယ၊ သာသနကံ့ရဓမ္မာစရိယ
(မဂ်လာဗျူဟာဓမ္မစာပေသင်တန်းနှင့် ရှင်သာမဏေဓမ္မဗိမာန် သင်တန်းပြဆရာတော်)

http://www.dhammadownload.com

# သာမညဖလသုတ်တရားတော်

အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)

မင်းကြီး၊ အကြင်သူသည်
အပြစ်ကို အပြစ်အားဖြင့် မြင်၍
အကြောင်းအားလျော်စွာ ကုစား၏ ။
နောင်အခါ စောင့်စည်း၏ ။
ထိုသူ၏ ဤကုစား,စောင့်စည်းခြင်းသည်
အရိယာတို့၏အဆုံးအမ၌ ကြီးပွားခြင်း၏
အကြောင်းတည်း ။

(သာမညဖလသုတ်)

သာမညဖလသုတ်တရားတော်

http://www.dhammadownload.com

သုတ္တန္တပိဋက၊ ဒီဃနိကာယ်

သီလက္ခန္ဓဝဂ္ဂပါဠိတော်၊အဋ္ဌကထာ

# သာမညဖလသုတ်တရားတော်

(ရဟန်းဘဝ၏အကျိုး၊ သာသနာတော်၏တန်ဖိုး)

အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)

သာသနဓဇဓမ္မာစရိယ၊သာသနကိုရဓမ္မာစရိယ

(မင်္ဂလာရွှေဟုံဓမ္မာစာသင်တိုက်နှင့် ရွှင်သာဓုကောဓမ္မဝိဆာန်သင်တန်းပြဆရာတော်)

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ကောဇာ-၁၃၇၁ခုနှစ်၊ သာသနာ-၂၅၅၃ခုနှစ်၊ ခရစ်-၂၀၁၀။

http://www.dhammadownload.com

"ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်၌သာ တည်သကဲ့သို့၊
သူတော်ကောင်းတရားသည်
သူတော်ကောင်းတို့ နှလုံးသား၌သာ တည်ပါ၏။"


## ပုံနှိပ်မှတ်တမ်း

◆◆◆

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူးဦးဝင်းနိုင်မှ
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)ဖြင့်
ထုတ်ဝေခွင့်ပြု၍
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်
အမှတ်(၁၈၄၊ဘီ)(၃၁)လမ်း
ဦးဇော်မြင့်ဝင်း
ကာလာဇုံပုံနှိပ်တိုက်မှ
ပုံနှိပ်ထုတ်ဝေသည်။
ပထမကြိမ်၊၂၀၁၀၊မေလ
အုပ်ရေ(၁၀၀၀)
တန်ဖိုး

http://www.dhammadownload.com

# သာမညဖလသုတ်တရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာနှင့်ဒါယကာ သာသနာပြုဖို့ရာ | (က- ဋ္ဌ) |
| ၂။ | သာမညဖလသုတ်တရားတော်(မြန်မာပြန်) | ၁ |
| ၃။ | လပြည့်ညညီလာခံ၏ဥဒါန်းသံ | ။ |
| ၄။ | အဇာတသတ်မင်း၏ဥဒါန်းစကား | ။ |
| | -အဇာတသတ်မင်း | ၂ |
| | -ဥဒါန်းဟူသည် | ။ |
| | -ညဉ့်၏အပြစ်(၅)မျိုး | ။ |
| ၅။ | ပူရဏကဿပ၏တပည့်အမတ်အကြံပြုပုံ | ၃ |
| ၆။ | မက္ခလိဂေါသာလ၏တပည့်အမတ်အကြံပြုပုံ | ။ |
| | -အရိပ်နိမိတ်စကားဆိုခြင်း | ။ |
| | -ပူရဏကဿပ | ၄ |
| | -မက္ခလိဂေါသာလ | ။ |
| | -အဇိတကေသကမ္ဗလ | ။ |
| ၇။ | အဇိတကေသကမ္ဗလ၏တပည့်အမတ်အကြံပြုပုံ | ၅ |
| ၈။ | ပကုဓကစ္စာယန၏တပည့်အမတ်အကြံပြုပုံ | ။ |
| | -ပကုဓကစ္စာယန | ။ |
| ၉။ | သဉ္စယဗေလဋ္ဌပုတ္တ၏တပည့်အမတ်အကြံပြုပုံ | ၆ |
| ၁၀။ | နိဂဏ္ဌနာဋပုတ္တ၏တပည့်အမတ်အကြံပြုပုံ | ။ |
| ၁၁။ | ဇီဝကအား အဇာတသတ်မင်းမေးခြင်း | ၇ |
| ၁၂။ | ဘုရားရှင်၏ဂုဏ်တော်(၉)ပါးပြောပြခြင်း | ။ |
| | -ဇီဝကကိုမေးခြင်းရည်ရွယ်ချက် | ။ |
| | -ဇီဝကပြောသော ဘုရားဂုဏ်(၉)ပါးပါဠိ | ၈ |
| | -ဇီဝက၏စီမံမှုပညာ | ၉ |
| | -ဘုရင်ကြောက်လန့်မှုဖြစ်ခြင်း | ၁၀ |
| | -သံဃာကိုမြင်၍ သားစိတ်ဝင်ရခြင်း | ၁၁ |

http://www.dhammadownload.com

-----------မာတိကာ-----------


၁၃။ သာမညဖလပြဿနာကိုမေးလျှောက်ခြင်း ၁၂
-သာမညဖလဟူသည် ၁၃
၁၄။ ပူရဏကဿပ၏အယူဝါဒ ၁၅
-ပူရဏကဿပ၏အကြိယဝါဒ ၁၇
၁၅။ မက္ခလိဂေါသာလ၏အယူဝါဒ ၁၈
-မက္ခလိဂေါသာလ၏အဟေတုကဝါဒ ၁၉
၁၆။ အဇိတကေသကမ္ဗလ၏အယူဝါဒ ၂၁
-အဇိတကေသကမ္ဗလ၏နတ္ထိကဝါဒ ၂၂
၁၇။ ပကုဓကစ္စာယန၏အယူဝါဒ ၂၄
-ပကုဓကစ္စာယန၏အကင္ဆဝါဒ ၂၅
၁၈။ နိဂဏ္ဌနာဋပုတ္တ၏အယူဝါဒ ၂၇
-နိဂဏ္ဌနာဋပုတ္တ၏စတုယာမသံဝရဝါဒ ၂၈
၁၉။ သဥ္စယဗေလဋ္ဌပုတ္တ၏အယူဝါဒ ၂၉
-သဥ္စယဗေလဋ္ဌပုတ္တ၏အမရာဝိက္ခေပဝါဒ ၃၁
၂၀။ သာမညဖလကို ဗုဒ္ဓရှင်တော်ဟောတော်မူခြင်း ၃၂
၂၁။ ကျွန်ဥပမာဖြင့် ရဟန်းဖြစ်ကျိုးကို ဟောတော်မူပုံ ၃၃
၂၂။ ကျွန်၏အကြံဖြစ်ပုံ ၃၄
၂၃။ ကျွန်ရဟန်းဝတ်ပုံ ၃၅
၂၄။ မင်းချင်းအမတ်တို့လျှောက်ပုံ ။
၂၅။ လယ်သမားဥပမာဖြင့် ရဟန်းဖြစ်ကျိုးဟောခြင်း ၃၆
၂၆။ လယ်သမား၏အကြံဖြစ်ပုံ ၃၆
၂၇။ လယ်သမားရဟန်းဝတ်ပုံ ၃၇
၂၈။ မင်းချင်းအမတ်တို့လျှောက်ပုံ ။
-ဘုရားပွင့်ရာလောက ၃၈
၂၉။ သာလွန်မြင့်မြတ်သောရဟန်းဖြစ်ကျိုး ၃၉
-ကောင်းခြင်း(၃)ဖြာ ပြည့်စုံသောတရား ။
-စ,လယ်,ဆုံး (၂)မျိုးခွဲပုံ ။
၃၀။ ဘုရားပွင့်တော်မူလာခြင်း ၄၀
-အလုံးစုံစင်ကြယ်သောတရားဖြစ်ပုံ ။
၃၁။ တရားဟောတော်မူခြင်း ၄၁

http://www.dhammadownload.com

-----------မာတိကာ----------


-လူ့ဘဝကျဉ်းမြောင်းပုံ ၄၁
၃၂။ သဒ္ဓါဖြင့် ရဟန်းပြုသူ ၄၂
-နည်းသောဉစ္စာ,များသောဉစ္စာခွဲပုံ ၄၂
၃၃။ အရာရာ၌ စောင့်စည်းမှုရှိခြင်း ၄၃
၃၄။ စူဠသီလနှင့် ပြည့်စုံခြင်း ၄၃
-ဝေါစရဟူသည် ။
-စူဠသီလပါဠိများ ၄၄
၃၅။ မဇ္ဈိမသီလနှင့်ပြည့်စုံခြင်း ၄၇
-ဗီလာစကားဟူသည် ၅၀
-တိရစ္ဆာနကထာ(၂၈)မျိုးပါဠိ ။
၃၆။ မဟာသီလနှင့်ပြည့်စုံခြင်း ၅၃
၃၇။ ရန်အောင်ဘုရင်ဥပမာနှင့်သီလ၏အကျိုး ၅၇
-သီလအကျိုးပြပါဠိ ။
-အပြစ်ကင်းသောချမ်းသာ ။
-သီလသံဝရတောဟူသည် ။
၃၈။ ဣန္ဒြိယသံဝရသီလနှင့်ပြည့်စုံခြင်း ၅၈
-ဣန္ဒြေစောင့်စည်းပုံပါဠိ ။
-ဣန္ဒြိယသံဝရသီလအကျိုး ၅၉
၃၉။ သတိသမ္ပဇဉ်ပြည့်စုံခြင်း ၆၀
-သတိသမ္ပဇဉ်ပြည့်စုံပုံပါဠိ ။
-သတိသမ္ပဇဉ် ။
-သမ္ပဇဉ်(၄)ပါး ။
၄၀။ သန္တောသနှင့်ပြည့်စုံခြင်း ၆၁
-သန္တောသပါဠိ ။
၄၁။ နီဝရဏ(၅)ပါးကို ပယ်မှုပြည့်စုံခြင်း ၆၂
-တရားအားထုတ်ရန်အခြေခံအကြောင်း(၄)မျိုး ။
-တရားအားထုတ်ရာနေရာဌာန(၉)မျိုး ။
-ကမ္မဋ္ဌာန်းတရားစတင်အားထုတ်ပုံ ၆၃
-နီဝရဏ(၅)ပါးကို ပယ်ခွာမှုဖြစ်ပုံများ ။
၄၂။ ကြွေးကင်းသူဥပမာနှင့် ကာမစ္ဆန္ဒငြိမ်းမှု ၆၅

http://www.dhammadownload.com

-----------မာတိကာ-----------


၄၃။ ရောဂါပျောက်သူဥပမာနှင့် ဗျာပါဒငြိမ်းမှု ၆၅
၄၄။ ထောင်လွတ်သူဥပမာနှင့် ထိနမိဒ္ဓငြိမ်းမှု ၆၆
၄၅။ ကျွန်ဥပမာနှင့် ဥဒ္ဓစ္စကုက္ကုစ္စငြိမ်းမှု ။
၄၆။ ခရီးသွားသူဥပမာနှင့် ဝိစိကိစ္ဆာငြိမ်းမှု ၆၇
-နီဝရဏငြိမ်းခြင်းအကျိုးပါဠိ ။
-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြ၍ သမာဓိရပုံ ။
၄၇။ နီဝရဏ(၅)ပါးငြိမ်းခြင်းအကျိုး ၆၈
-ပထမဈာန်ဖြစ်ပုံပါဠိ ။
၄၈။ ပထမဈာန်နှင့် ရဟာန်ဖြစ်ကျိုး ၆၉
-ပထမဈာန်ဟူသည် ။
-ပထမဈာန်ရသူ၏ချမ်းသာမှု ။
၄၉။ ပထမဈာန်၏ဥပမာ ၇၀
-ဒုတိယဈာန်ဖြစ်ပုံပါဠိ ။
၅၀။ ဒုတိယဈာန်နှင့် ရဟာန်းဖြစ်ကျိုး ၇၁
၅၁။ ဒုတိယဈာန်၏ဥပမာ ၇၁
-တတိယဈာန်ဖြစ်ပုံပါဠိ ၇၂
၅၂။ တတိယဈာန်နှင့် ရဟာန်းဖြစ်ကျိုး ၇၃
၅၃။ တတိယဈာန်၏ဥပမာ ။
၅၄။ စတုတ္ထဈာန်နှင့် ရဟာန်းဖြစ်ကျိုး ၇၄
-လောကီသုခတို့တွင် ထိပ်တန်းသုခ ၇၄
၅၅။ စတုတ္ထဈာန်၏ဥပမာ ၇၅
-စတုတ္ထဈာန်ဖြစ်ပုံပါဠိ ။
၅၆။ ဝိပဿနာဉာဏ်(၁) ၇၆
-သမထဘာဝနာကြောင့် သမာဓိပြည့်စုံပုံ ။
-ဝိပဿနာဘာဝနာသို့ ကူးပြောင်းပုံ ၇၇
၅၇။ ဝိပဿနာဉာဏ်ဖြင့် သိပုံဥပမာ ၇၈
-တရားရှာ ကိုယ်မှာတွေ့နိုင်ပုံ ၇၉
၅၈။ မနောမယိဒ္ဓိဉာဏ်(၂) ၈၀
-မနောမယိဒ္ဓိဉာဏ်ဟူသည် ၈၁
၅၉။ ဣဒ္ဓိဝိဓဉာဏ်(၃) ၈၂

http://www.dhammadownload.com

-----------မာတိကာ-----------

-ဣန္ဒြိယဉာဏ်ဟူသည် ၈၃
၆၀။ ဒိဗ္ဗသောတဉာဏ်(၄) ၈၄
-ဒိဗ္ဗသောတဉာဏ်ဟူသည် ။
၆၁။ စေတောပရိယဉာဏ်(၅) ၈၅
-စိတ်(၁၆)မျိုးနှင့် သရုပ်ကောက်ပုံ ၈၆
-ဝိမုတ္တိ(၅)မျိုးဖြင့် လွတ်မြောက်ခြင်း ၈၇
၆၂။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်(၆) ၈၉
-ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟူသည် ၉၀
၆၃။ စုတူပပါတဉာဏ်(၇) ၉၂
၆၄။ အာသဝက္ခယဉာဏ်(၈) ၉၅
-စုတူပပါတဉာဏ်ဟူသည် ။
၆၅။ သစ္စာ(၄)ပါးသိပုံ ၉၆
၆၆။ အာသဝက္ခယဉာဏ်ဖြစ်ပုံ ၉၆
-အာသဝက္ခယဉာဏ်ဟူသည် ။
-အာသဝက္ခယဉာဏ်သို့စိတ်ညွတ်ပုံပါဠိ ။
၆၇။ ဝိမုတ္တိဉာဏ်နှင့် ဝိမုတ္တိဉာဏဒဿနဉာဏ်ဖြစ်ပုံ ၉၇
-သစ္စာ(၄)ပါးသိပုံပါဠိ ။
-အာသဝက္ခယဉာဏ်ဖြစ်ပုံပါဠိ ။
-အာသဝဟူသည် ၉၈
-ဝိမုတ္တိဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်ပါဠိ ။
-အဘယ်ဇာတိကုန်သနည်း? ၉၉
၆၈။ သာမညဖလနိဂုံး ၁၀၀
၆၉။ တရားတော်ကို ဥပမာဖြင့်လျှောက်ထားပုံ ။
-မြတ်သောအကျင့်ကို ကျင့်ပြီးပုံ ။
၇၀။ သရဏဂုံဆောက်တည်ခြင်း ၁၀၁
၇၁။ အပြစ်ဝန်ချတောင်းပန်ခြင်း ၁၀၁
-သရဏဂုံဟူသည် ၁၀၂
-ဥပမာဖြင့် လျှောက်ပုံပါဠိ ၁၀၂
-ဥပမာအဓိပ္ပါယ်အဖွင့်များ ။
-သရဏဂုံဆောက်တည်ပုံပါဠိ ။

http://www.dhammadownload.com

-----------မာတိကာ-----------

၇၂။ အပြစ်ကို ခွင့်လွှတ်လက်ခံပုံ ၁၀၂
၇၃။ အပြစ်ကို ကုစားခြင်း၏အကျိုး ၁၀၃
-ရတနာမြတ်သုံးပါးသည် သရဏမည်ပုံ ၁၀၃
-ရတနာမြတ်သုံးပါးအဓိပ္ပါယ် ၁၀၄
-သရဏဂုံအကျဉ်း (၂) မျိုး ။
-သရဏဂုံ(၄)မျိုးအပြား ။
-ပဏိပါတ(၄)မျိုးထဲမှ(၁)မျိုး ၁၀၅
-သရဏဂုံ၏အကျိုးများ ၁၀၆
-သရဏဂုံညစ်နွမ်းကြောင်းများ ။
-သရဏဂုံပျက်စီးကြောင်းများ ၁၀၇
-ဥပါသကာဂုဏ်ရည် ။
-ဥပါသကာ၏ပြည့်စုံမှုနှင့် ပျက်စီးမှု ။
-ဥပါသကာ၏ညစ်နွမ်းမှုနှင့်စင်ကြယ်မှု ၁၀၈
-အပြစ်ဝန်ချတောင်းပန်ပုံပါဠိ ၁၀၉
-အပြစ်ဝန်ချပုံနှင့်တောင်းပန်ပုံ ။
-အဇာတသတ်မင်း၏အပြစ်ဝန်ချ၊ တရားနာရကျိုး ၁၁၀

မာတိကာပြီး၏။

♦ ♦ ♦

http://www.dhammadownload.com

# ဆရာနှင့်ဒါယကာ သာသနာပြုဖို့ရာ

**သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ။**
**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။**

**သာဂါရာစ**၊ အိမ်ရာတည်ထောင်လူတို့ဘောင်၌ ခေါင်းဆောင်ရှေ့သွား လူဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်းကောင်း။ **အနာဂါရာစ**၊ အိမ်ရာမထောင် သာသနာ့ဘောင်၌ ခေါင်းဆောင်ရှေ့သွား သံဃာ့ ဥသျှောင်ဆရာတော် အရှင်မြတ်ဘုရားတို့သည်လည်းကောင်း။ **ဥဘော**၊ ရေနှင့် ကြာပမာ ဆရာနှင့်ဒါယကာ နှစ်ဖြာသော သူတော်ကောင်းအပေါင်းတို့သည်။ **အညောညနိဿိတာ**၊ ကိုင်းကိုကျွန်းမှီ ကျွန်းကိုင်းမှီသကဲ့သို့ ပမာမယွင်း အချင်းချင်း အားထားယုံကြည် အမှီပြုကြကုန်လျက်။

**အနုတ္တရံ**၊ မိမိထက်ကဲလွန် မွန်မြတ်သောတရားမရှိပေသော။ **ယောဂက္ခေမံ**၊ 'ကာမ၊ဘဝ၊ဒိဋ္ဌိ၊အဝိဇ္ဇာ'ဟူသော ယောဂလေးဖြာတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ **သဒ္ဓမ္မံ**၊ သီလ၊ သမာ,ဓိ ပညာဟု သိက္ခာသုံးဖြာ မြတ်ဘုရားရှင်၏ အဆုံးအမတည်းဟူသော သာသနာတော်မြတ်ကြီးကို။ **အာရာဓယန္တိ**၊ မြေပြင်,ရေပြင် ဝေဟင်မဆုံး တစ်လောကလုံးသို့ သာသနာ့ရောင်ဝါ ထွန်းလင်းတောက်ပဖို့ရန်အလို့ငှါ၊ ဆရာနှင့်ဒါယကာ လက်တွဲညီညာ၍ ဝမ်းမြောက်ကြည်နူး အထူးအားရ ချီးမြောက်ထောက်ပံ့တော်မူနိုင် ကြပါစေကုန်သတည်း။

http://www.dhammadownload.com

(၁)

## ဆရာနှင့်ဒါယကာ သာသနာပြုကြရာဝယ်

♦ ♦ ♦

### အဇာသတ်မင်း၏ ဘဝကံကြမ္မာ

အဇာတသတ်မင်းသည် မဂဓတိုင်း၏မြို့တော် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်း၏သားတော် ဖြစ်၏။ အဇာတသတ်မင်းသားကို သန္ဓေလွယ်ထားချိန်၌ပင် မယ်တော်ဝေဒေဟီမိဖုရားကြီးအား ဗိမ္ဗိသာရမင်းကြီး၏ လက်ရုံးသွေးကို ဖောက်ယူသောက်လိုမှု အာသာဆန္ဒပြင်းစွာ ဖြစ်ပေါ်၏။

မင်းကြီးသိသဖြင့် မိမိ၏လက်ရုံးသွေးကို ဖောက်၍ မိဖုရားအား တိုက်လေ၏။ ထိုကိစ္စကို သိကုန်သော နိမိတ်ဖတ်ဆရာတို့က ဤကိုယ်ဝန်သည် မင်းကြီးကို သတ်လတ္တံ့ဟု နိမိတ်စကားပြောကြား သတိပေးကုန်၏။ ဤသို့ လူ့ဘဝသို့ မရောက်ခင်ကပင် 'ဖခင်ကိုသတ်လိမ့်မည်'ဟူသော အတိတ်နိမိတ်စကားကို အစွဲပြု၍လည်း ထိုမင်းသားအား 'အဇာတသတ်'ဟု အမည်ပေးခဲ့ခြင်း ဖြစ်လေသည်။

သို့သော် သူတော်ကောင်းတို့၏ စိတ်နှလုံးရှိတော်မူသော ဖခင်ဗိမ္ဗိသာရမင်းသည်ကား 'မိမိကို သတ်မည့်သား ဖြစ်သည်'ဟု သိလျက်ပင် ချမ်းသာစွာ ဖွားမြင်ခွင့်ကိုလည်းကောင်း၊ ကြီးပြင်းခွင့်ကိုလည်းကောင်း ကြည်ဖြူစွာပေးခဲ့သည့်အပြင် အရွယ်သို့ရောက်လာသဖြင့် အိမ်ရှေ့မင်းအရာကိုပါ အပ်နှင်းမြှောက်စားတော်မူခဲ့သည်။

ဤကား အဇာတသတ်မင်းအတွက် ငယ်ဘဝကပင် မွေးရာပါ 'ပုဗ္ဗေစကတပုညတာ'စက်အနေဖြင့် အတိတ်ကုသိုလ်နှင့် အကုသိုလ်ကံကြမ္မာတို့က အကောင်းနှင့် အဆိုးရောနှောပါဝင်လျက် အကျိုးပေးလာခဲ့ပုံတည်း။

### ဒေဝဒတ်နှင့်လူပေါင်းမှားခဲ့သဖြင့်

တချိန်သောအခါတွင် အရှင်ဒေဝဒတ်သည် ဆိတ်ကွယ်ရာ၌ ဤသို့ ကြံစည်လေ၏။ မြတ်စွာဘုရားရှင်၏အပါးတော်၌ အရှင်သာရိပုတ္တရာသည်

http://www.dhammadownload.com



လည်းကောင်း၊ အရှင်မောဂ္ဂလာန်သည်လည်းကောင်း၊ အရှင်မဟာကဿပ သည်လည်းကောင်း များသောအခြံအရံ တပည့်ပရိသတ်တို့ကို ဦးဆောင်နေ၏။ ငါသည်လည်း အခြံအရံပရိသတ်တို့ကို ဦးဆောင်မှုပြုပေအံ့'ဟု မကောင်းသော 'အယောနိသောမနသိကာရ'နှလုံးသွင်းဆိုးသည် ဖြစ်ပေါ်လာလေ၏။ ထိုနှလုံး သွင်းဆိုးကြောင့်ပင် ' ငါ့အား လာဘ်ပေါများခြင်းနှင့်ကင်း၍ ပရိသတ်အခြံ အရံတို့ မပြည့်စုံနိုင်။ လာဘ်ပေါများခြင်းကို ဖြစ်စေဦးအံ့'ဟု မကောင်းသော အကြံဆိုးတို့ကို ကြံစည်လေတော့သည်။

ထို့ကြောင့်ပင် လာဘ်ပေါများလာစေရန်အလို့ငှါ အဇာတသတ်မင်း သားလေးအား လောကီဈာန်တန်ခိုး အမျိုးမျိုးတို့ကိုပြ၍ ဖြားယောင်းလှည့် စားကာ မိမိအပေါ်၌ သက်ဝင်ကြည်ညိုလာစေ၏။ မိမိအား ကြည်ညိုရင်းစွဲရှိ သဖြင့် တစ်နေ့လျှင် မနက်၊ညဉ့်နှစ်ကြိမ် ဆည်းကပ်လေ့ရှိသော မင်းသားလေး အား 'အမောင်မင်းသား၊ ရှေးအခါက လူတို့သည် အလွန်အသက်ရှည်ကြ၏။ ယခုမူကား လွန်စွာ အသက်တိုကြ၏။ ထို့ကြောင့် သင်သည်လည်း ဖခင်ကို သတ်၍ မင်းပြုပါလေ။ ငါသည်လည်း ဘုရားကို သတ်၍ ဘုရားပြုပေအံ့'ဟု ဆရာနှင့် ဒါယကာလက်တွဲကာ ကြီးလေးသော ပဉ္စာနန္တရိယကံအမှုကို ကျူးလွန်နိုင်ရန် တိုက်တွန်းညွှန်ကြားလေသည်။

ထို့ကြောင့်ပင် ဆရာဖြစ်သူ အရှင်ဒေဝဒတ်သည် ဘုရားကို သွေးစိမ်း တည်အောင်ပြုလျက် ကြီးလေးသော ဂရုကံအမှုကို ကျူးလွန်ဘိသကဲ့သို့၊ အသိအလိမ္မာ၊ ဗဟုသုတတို့ မပြည့်ဝရှာသေးသော အဇာတသတ်မင်းသား သည်လည်း မိမိဆရာညွှန်ပြသည့်လမ်းအတိုင်းသာ ဖခင်ဖြစ်သူ ဗိမ္ဗိသာရ မင်းကြီးကို သတ်လျှက် ကြီးလေးသော ဂရုကံအမှုကို ကျူးလွန်မိလေသည်။

ဤသည်မှာ အဇာတသတ်မင်းသားအား အတိတ်ကံက ပို့ချပေးခဲ့ သော လမ်းမပေါ်တွင် ပစ္စုပ္ပန်ဉာဏ်၊ဝီရိယကင်း၍ **'အတ္တသမ္မာပဏိဓိ'** စက်အနေဖြင့် ချို့တဲ့ခြင်းကြောင့် ကလျာဏမိတ္တကို ပေါင်းဖက်ခွင့် မရှိခဲ့ခြင်း၊ ပါပမိတ္တကို အလွဲအမှား ယုံစားပေါင်းသင်းမိခဲ့ခြင်းတို့သည် အတိတ်ကံ၏

http://www.dhammadownload.com



အကျိုးပေးခွင့်ဟူသော 'ကာလ၊ဂတိ၊ပယောဂ၊ပုဂ္ဂလ'ဝိပ္ပတ္တိတို့ကို ရရှိစေမှု ဖြစ်လာပေ၏။ အလေးအနက် ဂရုပြု၍၊ သတိထားဖွယ် ကောင်းလေစွ။

## ကံ၏အကျိုးကို အစားထိုး၍မရနိုင်

ဤလောက၌ မကောင်းမှု'ပါပ'နှင့် ကောင်းမှု'ပုည'ဟူသော ကံနှစ်ခုတို့၏ အကျိုးတရားသည် လွန်စွာထင်ရှား သိသာလှပေ၏။ မမြင်နိုင်သူတို့မှာကား မသိနိုင်ကြရာပေ။ မသိမှုကြောင့်လည်း မိုက်သဖြင့် အကြိုက်၏နောက်သို့သာ ထပ်ကြပ်မကွာ တကောက်ကောက် လိုက်ပြီး၊ လိုက်ဆဲ၊ လိုက်နေကြမြဲ ဖြစ်ရ၏။ မဆုံးနိုင်သော 'အနန္တခရီး'ကြမ်းပေတည်း။

မိမိပြုလုပ်သော ကံတစ်ခုတိုင်း၌ ဇောစေတနာ(၇)တန် ရှိရာတွင် ယခုဘဝ၌ပင် လက်ငင်းအကျိုးပေးနိုင်စွမ်းရှိသော 'သဟဇာတစွမ်းအင်'ရှိသည့် ဒိဋ္ဌဓမ္မဝေဒနီယ(ပထမဇောစေတနာ)ကံတို့သည်လည်း ပါရှိလေ၏။ ထို့အတူ နောက်ဘဝအဆက်ဆက်၌ အခွင့်သာတုန်းမှာ ဖြုန်းခနဲ ဝင်အကျိုးပေးမည့် 'နာနာက္ခဏိကစွမ်းအင်'ရှိသော အပရာပရိယဝေဒယနီယ(အလယ်ဇောငါးချက်စေတနာ)ကံတို့သည်လည်း ပါရှိလေ၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားက'**ဆာယာဝ အနုပါယိနီ**' မိမိပြုသော ကံတရားတို့သည် 'လူသွားရာ အရိပ်ပါသည့်ပမာ' မိမိနောက်၌ ထပ်ကြပ်မကွာ လိုက်ပါအကျိုးပေးနေသည်ဟုလည်းကောင်း၊ '**စက္ကံဝ ဝဟတော ပဒံ**' နွားခြေရာနောက် လှည့်ဘီးရောက်သကဲ့သို့ အစဉ်မကွာ အရိပ်တကြည့်ကြည့် လိုက်ပါ အကျိုးပေးနေသည်ဟုလည်းကောင်း ဓမ္မပဒ၌ ဟောတော်မူ၏။

ဗုဒ္ဓမြတ်စွာ၏ ဒေသနာတော်အရ ကံတစ်ခုကို ပြုလုပ်အားထုတ်သူသည် ထိုကံ၏ကောင်းကျိုး၊ဆိုးပြစ်၊ အကျိုးရင်း၊အကျိုးဆက်တို့ကို ကိုယ်ကိုယ် မလွဲမသွေ မုချခံစားရပေ၏။ အစားထိုး၍ ငြင်းဆန်နေ၍ မရနိုင်။ ထို့ပြင် ကံတစ်ခုကို ပြုစဉ်အခါ၌ တစ်ဖက်မှ လက်ခံပေးသည့်ပုဂ္ဂိုလ်က အရိယာသူတော်ကောင်းများ ဖြစ်ပါကလည်း ကောင်းကျိုး၊ဆိုးပြစ်တို့ကို ယခု ဘဝ၌ပင်

http://www.dhammadownload.com



လက်ငင်း ခံစားရလေ့ရှိတတ်ပုံကို ဒေဝဒတ်နှင့်အဇာတသတ်တို့၏ ဖြစ်ကြောင်း အတ္ထုပ္ပတ္တိကို ကြည့်၍ သိနိုင်ပေသည်။

## ဒေဝဒတ်နှင့်အဇာတသတ်တို့၏ကံအကျိုး

အရှင်ဒေဝဒတ်သည် သာကီဝင်မင်းသား သူငယ်ချင်းများနှင့်အတူ သာသနာ့ဘောင်သို့ဝင်၍ ကုသိုလ်တရား ပွားများအားထုတ်သဖြင့် လောကီစျာန်၊ အဘိညာဏ်တန်ခိုး အမျိုးမျိုးတို့ကို ရရှိလျက် ကိုယ်တိုင် စျာန်၏အကျိုးကို ခံစားရပေ၏။ ဤဘဝ၌ပင် မဂ်ဖိုလ်တို့သို့ ရောက်နိုင်လောက်သော ပါရမီဓာတ် ရှိခဲ့သူဖြစ်ပါသော်လည်း အယောနိသောမနသိကာရဖြင့် နှလုံးသွင်းမှားခဲ့ခြင်း ကြောင့်သာ မြတ်စွာဘုရားကို သတ်ဖြတ်ရန် အဇာတသတ်မင်း၏အကူညီကို ရယူ၍ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်ခဲကြီးများ လှိမ့်ချခြင်း၊ နာဠာဂီရိ ဆင်ကြီးကို လွှတ်စေ၍ ဆင်ဖြင့် တိုက်ခြင်း၊ လေးသမားတို့ကို ပစ်သတ်စေခိုင်း ခြင်းစသော ကြီးလေးသော အကုသိုလ်ဂရုကံအမှုတို့ကို ပြုလုပ်အားထုတ်ခဲ့၏။

ထိုအကုသိုလ်ကံတို့၏ အကျိုးရင်းကြောင့် မြတ်စွာဘုရားကို နောက်ဆုံး ဖူးမြင်ခွင့်ကိုသော်မှ မရရှိတော့ဘဲ အရှင်လတ်လတ် မြေမျိုခံရကာ အဝီစိငရဲသို့ ကျရောက်ရရှာပေ၏။

ထို့အတူ အရှင်ဒေဝဒတ်ကို လူပေါင်းမှားခဲ့မိရှာသော အဇာတသတ်မင်း သည်လည်း အရှင်ဒေဝဒတ်မြေမျိုသောနေ့မှစ၍ မိမိ၏ပယောဂ အားထုတ်ခြင်း မကင်းစွာ ပါရှိခဲ့သည်ကို အောက်မေ့မိ၍လည်းကောင်း၊ မိမိ၏ဖခင်ဖြစ်သော အရိယာသူတော်ကောင်းကို လုပ်ကြံသတ်ဖြတ်မိခဲ့သည်ကို တွေးကြံပူပန်၍ လည်းကောင်း မိမိကိုယ်တိုင်ပြုခဲ့ဖူးသော အကုသိုလ်ဂရုကံတို့၏ အာရုံနိမိတ် တို့က စိတ်ကို အချိန်ရှိသမျှ စိုးမိုးချုပ်ကိုင် နှိပ်စက်မှုဒဏ်ကို ခံစားရတော့၏။

ထိုအကုသိုလ်ဂရုကံတို့၏ အကျိုးဆက်ကြောင့် နေ့နေ့ညညတိုင်းတွင် အိပ်၍လည်းမပျော်၊ စား၍လည်းမဝင်သဖြင့် ပူပန်စိုးရိမ်ခြင်းတို့ ပြင်းထန်စွာ ဖြစ်လျက် ကြံမှိုင်ညှိုးမှိန်၍ တန်ခိုးအရှိန်အဝါတို့လည်း လျော့ပါးယိမ်းယိုင်

http://www.dhammadownload.com



သကဲ့သို့သာ ဖြစ်လာရရှာ၏။ ထိုသို့ဖြစ်ရခြင်းမှာ အဇာတသတ်မင်းအတွက် အတိတ်ကံက ပစ်ချခြင်းခံရသော ကံကြမ္မာ၏လမ်းမပေါ်၌ ပစ္စုပ္ပန်ဉာဏ်ဝီရိယတို့ဖြင့် ပြုပြင်ပြောင်းလဲခြင်း ကင်းမဲ့မှုကြောင့် ဖြစ်၏။ ယခုဘဝ၌ မိဘ၊ညီအစ်ကိုမောင်နှမ၊ ဆရာသမားစသော ကလျာဏမိတ္တတို့ကို ပေါင်းဖော်ဆည်းကပ်ခြင်း မပြုဘဲ ဒေဝဒတ်ကဲ့သို့သော ပါပမိတ္တတို့ကို ပေါင်းဖော်ဆည်းကပ်မိခဲ့ခြင်းကြောင့်လည်း ဖြစ်၏။

လိုရင်းမှာ အတိတ်ကံ၏ မကောင်းခြင်း အကြောင်းအကျိုးဆက်ကို ပစ္စုပ္ပန်ကံ၊ ဉာဏ်၊ဝီရိယတို့ဖြင့် မပယ်ရှား၊ မပြုပြင်နိုင်မှုပင် ဖြစ်၏။ သတိပြု၊ ဆင်ခြင်ဖွယ် အလွန်ကောင်းလှ၏။ သခ်န်းစာယူစရာလည်း ဖြစ်၏။ အတိတ်ကံ၏ အကျိုးဝိပါက်ကိုကား မည်သူမဆို ရှောင်ပုန်း၍ လုံးဝမရနိုင်ပါချေ။ သို့သော် ပစ္စုပ္ပန်ကံသစ်တို့ကို တစ်ဖန်ထပ်ပြီး ပြုမှု၊မပြုမှုတို့မှာမူ မိမိ၏ အသိဉာဏ်စွမ်းအား၊ ကလျာဏမိတ္တစွမ်းအားတို့ဖြင့် ရွေးချယ်စီရင်ပိုင်ခွင့် လူတိုင်းမှာ ရှိနေသည်သာတည်း။ ပဋ္ဌာန်းတရားတော် ဥပနိဿယသတ္တိ ကျေးဇူးပြုပုံနှင့်၊ ဓမ္မပဒတရားတော် ဒီဃာယုကုမာရဝတ္ထု၊ ကုဏ္ဍလကေသီဝတ္ထုစသော သာဓကများစွာတို့ဖြင့် ချင့်ချိန်စီစစ်ပါလေ။

## အဇာတသတ်အတွက် ကလျာဏမိတ္တတန်ဖိုး

အဇာတသတ်မင်း၏ နန်းတော်၌ အဘယမင်းသားသည် လမ်းမှကောက်ယူ၍ မွေးစားအပ်သော မွေးစားသား ဇီဝကဆေးဆရာသည် ရှိ၏။ ဇီဝကသည် ငယ်စဉ်ကပင် နန်းတော်တွင်း၌ ကြီးပြင်းခဲ့ရသော်လည်း နန်းတွင်းမှ ခိုးထွက်ခဲ့၍ မိမိအလိုရှိရာ ဆေးပညာတို့ကို တက္ကသိုလ်ဆရာကြီးထံမှ သင်ယူတတ်မြောက်ခဲ့သဖြင့် ဗိမ္ဗိသာရမင်းကြီး၏ အထူးချီးမြှောက်မှုကို ရရှိခဲ့သည်။

ထို့ပြင် ဘုရားအမှူးရှိသောသံဃာတော်အပေါင်းအားလည်း မိမိတတ်သောဆေးပညာဖြင့် 'ဇီဝိတဒါန'အဖြစ် စောင့်ရှောက် လှူဒါန်းလေ၏။ ဘုရားရှင်နှင့် ရဟန်းသံဃာအပေါင်းသည် ယခင်က မြေမှုန့်အလိမ်း လိမ်းကပ်နေသော

http://www.dhammadownload.com



ပံသုကူသင်္ကန်းကိုသာ အသုံးပြုတော်မူခဲ့ကြရ၏။ ဇီဝကသည် 'ရဟန်းသံဃာတော်တို့အား အဝတ်သင်္ကန်းအမှုဖြင့် ကြောင့်ကြမဖြစ်ဘဲ ရဟန်းတရားကို ပွားများအားထုတ်နိုင်ခြင်း၊ လှူဒါယကာတို့အားလည်း အဝတ်သင်္ကန်းကို လှူဒါန်းသဖြင့် နတ်ရွာ၊မင်္ဂ၊ဖိုလ်၊နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်စေခြင်း အကျိုးတို့ကို မျှော်ကိုး၍ လှူဒါယကာတို့ကပ်လှူသော '**ဂဟပတိစီဝရ**' သင်္ကန်းကို မြတ်စွာဘုရားထံ ဆုပန်လျှောက်ထားပေးခဲ့လေသည်။

မိမိကိုယ်တိုင်ကလည်း သိဝိတိုင်းဖြစ် တစ်သိန်းတန်အဝတ်သင်္ကန်းကို မြတ်စွာဘုရားအား လှူဒါန်းလျက် တရားနာအပြီးတွင် သောတာပန်အရိယာ သာဝကတစ်ဦး ဖြစ်ခဲ့၏။ ထို့ပြင် ဘုရားအမှူးရှိသော အရိယာအရှင်မြတ်တို့အား တစ်နေ့လျှင် နှစ်ကြိမ်၊သုံးကြိမ်ဆည်းကပ် လုပ်ကျွေးနိုင်ရန်အလို့ငှါ မိမိကိုယ်ပိုင် သရက်ဥယျာဉ်ကြီးကို ကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်းသည်။

ထိုကဲ့သို့သော အရိယာသူတော်ကောင်းတစ်ဦးဖြစ်သူ ဆေးဆရာ ဇီဝကကို ပေါင်းသင်းနိုင်ခဲ့ခြင်းသည်ကား အဇာတသတ်၏ဘဝတွင် မကောင်းခြင်းဘက်မှ ကောင်းခြင်းဘက်သို့ ရွေ့ပြောင်းနိုင်ခဲ့ခြင်း၏ အလှည့်အပြောင်း အကြောင်းရင်းပင် ဖြစ်၏။ ဇီဝက၏ကျေးဇူးကြောင့်ပင် မြတ်စွာဘုရားကိုလည်း ဆည်းကပ်ကိုးကွယ်နိုင်ခွင့် ရခဲ့၏။ မိမိနာယူလိုသော သာမညဖလသုတ် တရားတော်လာ ရဟန်းဘဝ၏အကျိုးနှင့် ဘုရားရှင်၏အဆုံးအမ သိက္ခာသုံးဖြာ သာသနာတော်၏ တန်ဖိုးတရားတို့ကိုလည်း နာယူနိုင်ခဲ့၍ သာသနာတော်ပေါ် ယုံကြည်လေးမြတ်စွာ ဆည်းကပ်ကိုးကွယ်နိုင်မှု ဖြစ်ရလေသည်။ သို့ဖြစ်၍ ဆရာဇီဝကသည် အဇာတ်သတ်မင်းအတွက် အရေးပါးလှသော ဆေးတစ်ခွက် ပမာ တန်ဖိုးကြီးမားသော ကလျာဏမိတ္တတစ်ဦးပါပေတည်း။

**သံသရာ၏အစွန်း(၂)ဖက်**

လူအပါအဝင် သတ္တဝါအားလုံးတို့သည် သံသရာတစ်ခွင်၌ အဝိဇ္ဇာနှင့် တဏှာ မကင်းပြတ်သေး၍ ကျင်လည်နေရသေးသမျှ အကောင်းဘက်နှင့်

http://www.dhammadownload.com



အဆိုးဘက်ဟူသော သံသရာ၏အစွန်းနှစ်ဖက်၌သာ ကပ်၍ခွာ၍မြုပ်၍မျောကြ သဖြင့် မဆုံးနိုင်အောင် လည်နေရဦးပေမည်။ ထိုသို့ သံသရာအလည် မပြတ်၍ ဆက်နေရသေးသမျှ၌ တစ်ခါတရံ မိမိကိုယ်တိုင်က **'အယောနိသောမနသိကာရ'** အမြွတ္တနှလုံးသွင်း မကောင်းခြင်းကြောင့်လည်း ဒေဝဒတ်ကဲ့သို့ ဆိုးမိုက်လှစွာသော ဂရုကံအမှုတို့ကိုပြုလျက် သံသရာနွံ့အတွင်း သို့ ကျွံနစ်ရခြင်းမျိုး ဖြစ်ရပေသည်။

တစ်ခါတရံ မိမိကိုယ်တိုင်က အဆိုးကြီးမဟုတ်သော်လည်း **'ပါပမိတ္တ သေဝန'** မပေါင်းသင်းထိုက်သူမျိုးကို လူပေါင်းမှားမိသဖြင့် အဇာတသတ်ကဲ့သို့ ဆိုးမိုက်လှစွာသော ဂရုကံအမှုတို့ကိုပြုလျက် သံသရာနွံအတွင်းသို့ ကျွံနစ်ရခြင်း မျိုးလည်း ဖြစ်ကြရသည်သာတည်း။

မည်သည့်နည်းကြောင့်ပင်ဖြစ်ဖြစ် တကယ်စင်စစ် ကိုယ်ကျိုးနည်း၍ နစ်နာခြင်းများလှသူမှာ မိမိကိုယ်တိုင်သာ ဖြစ်၏။ သူတစ်ပါး မဖြစ်နိုင်ပေ။ ထိုကြောင့် မည်သူမဆို မိမိကိုယ်တိုင် နစ်နာဆုံးရှုံးခြင်း မကြီးမားရအောင် မိမိဘဝကို ကိုယ်တိုင်သည်သာ ပဓာနအနေဖြင့် သာသနာတော်၏အဆုံးအမ လမ်းညွှန်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်း၍ စောင့်ရှောက်ပေးနိုင်ဖို့ လိုပေသည်။

မိမိကိုယ်တိုင် ပြုပြင်စောင့်ရှောက်နိုင်မှုရှိသူကို **'အတ္တသမ္မာပဏိဓိ'** တရားပြည့်ဝသူဟု ခေါ်၏။ မြတ်စွာဘုရား ညွှန်ပြတော်မူသော မိမိကိုယ်ကိုယ်ပြုပြင် စောင့်ရှောက်နည်းမှာ 'သဒ္ဓါအား'နည်းနေပါက သဒ္ဓါအားများလာအောင်၊ 'သီလအား'နည်းနေပါက သီလအားများလာအောင်၊ 'စာဂအား'နည်းနေပါက စာဂအားများလာအောင်၊ 'ပညာအား'နည်းနေပါက ပညာအားများလာအောင် ပွားများအားထုတ်ခြင်းပင် ဖြစ်၏။

ထိုသို့အားထုတ်ရာတွင် မိမိ၏အမြွတ္တစိတ်နှလုံးသား၌ **'ယောနိသောမနသိကာရ'**ခေါ် နှလုံးသွင်းကောင်းဟူသော 'ကိုယ်တွင်းအကြောင်း'လည်း လို၏။ မိမိ၏ဗဟိဒ္ဓပြင်ပ၌ **'ကလျာဏမိတ္တ'**ခေါ် မိတ်ဆွေကောင်းဟူသော

http://www.dhammadownload.com



'ပြင်ပအကြောင်း' လည်း လိုပေ၏။ ထိုအကြောင်းနှစ်ပါး ပြည့်စုံခြင်းအတွက် တန်ဖိုးရှိ/မရှိ သိလိုတဲ့အခါ ကလျာဏမိတ္တကြောင့် သူတော်ကောင်းတရား၊ စကားတို့ကို ကြားနာခွင့်ရခြင်း၊ ယောနိသောမနသိကာရကြောင့် တရားအဆုံးအမလမ်းညွှန်ချက်နှင့်အညီ လိုက်နာကျင့်သုံးနိုင်ခြင်းရှိ/မရှိတို့ဖြင့် နှိုင်းချိန်ကြည့်၍သာ သိနိုင်ပေ၏။ ကြည့်နိုင်ပါကလည်း သိနိုင်၊ မြင်နိုင်ပါ၏။ သိနိုင်မြင်နိုင်ပါမှလည်း အသိနှင့်အကျင့်ကို ချိန်ခွင်ပမာ မတ်မတ်တည့်၍ မိမိဘဝကို တန်ဖိုးအရှိဆုံးဖြစ်အောင် အသုံးချနိုင်မှု၊ (သို့မဟုတ်) ဘဝဒုက္ခသံသရာဝဋ်အတွင်းမှ လွတ်မြောက်အောင် ရုန်းထွက်နိုင်မည် ဖြစ်ပေသည်။

## အဇာတသတ်ကိုပမာပြု၍

အဇာတသတ်မင်း၏ ဘဝရှေ့ပိုင်းကို ကြည့်လျှင် အတိတ်ကံ၏ အရောင်ဆိုးမှုအောက်တွင် ပစ္စုပ္ပန်ဉာဏ်၊ဝီရိယ၊ပယောဂချို့တဲ့သဖြင့် ဒေဝဒတ်ဟူသော 'ပါပမိတ္တ' ဆရာမျိုးကို ပေါင်းသင်းမိခဲ့ခြင်းကြောင့် 'အသဒ္ဓမ္မ' ခေါ် မသူတော်တို့၏ မတရားစကားမျိုးတို့ကို ကြားနာရခြင်း၊ မိမိကိုယ်တိုင်ကလည်း ပညာဖြင့် နှိုင်းဆသမှု ဆင်ခြင်ပြုနိုင်ခြင်းမရှိသဖြင့် နှလုံးသွင်းဆိုးဟူသော '**အယောနိသောမနသိကာရ**' ကို လက်ကိုင်ပြုမိခဲ့ခြင်းအကြောင်းတို့ကြောင့် 'အသဒ္ဓမ္မ' ခေါ် မသူတော်တို့၏ မတရားမှု၊ ဒုစရိုက်မှုတို့ကို ပြုလုပ်လျှောက်လှမ်းမိကာ လူ့ဘဝ၏တန်ဖိုး အနှစ်သာရများကို အလွဲသုံးစားပြု၍ ဖြုန်းတီးရာရောက်ခဲ့ရရှာသည်။

ဆန့်ကျင်ဘက်အနေဖြင့် အဇာတသတ်၏ဘဝနောက်ပိုင်းကို ကြည့်ပြန်လျှင် အတိတ်ကံ၏အရောင်ဆိုးမှုလက်အောက်မှ လွတ်မြောက်အောင် ဆေးဆရာဇီဝကကဲ့သို့သော ကလျာဏမိတ္တအကူအညီဖြင့် ရုန်းထွက်နိုင်ခဲ့သည်။ ဇီဝကဟူသော 'ကလျာဏမိတ္တ' ကြောင့် သာမညဖလသုတ်ကဲ့သို့သော သာသနာတော်၏တန်ဖိုးတရား၊ သူတော်ကောင်းတရားစကားတို့ကို ကြားနာခွင့် ရခဲ့သည်။ မိမိကိုယ်တိုင်ကလည်း 'ယောနိသောမနသိကာရ' ဖြစ်အောင် ပညာဖြင့် နှိုင်းဆသမှုဆင်ခြင်ပြုလျက်၊ ပစ္စုပ္ပန် ဉာဏ်၊ဝီရိယ၊ပယောဂတို့ပြည့်စုံအောင် အားထုတ်သဖြင့် ရတနာမြတ်သုံးပါးကို အလွန်အမြတ် သက်ဝင်ယုံကြည်နိုင်ခဲ့ခြင်း၊

http://www.dhammadownload.com



ပထမသံဂါယနာအပါအဝင် ကုသိုလ်တရားများစွာတို့ကို အားထုတ်နိုင်ခဲ့သဖြင့် လူ့ဘဝရတုန်းအခိုက်၌ မိမိဆုံးရှုံးခဲ့သမျှတို့တွင် ရနိုင်သမျှ အမြတ်ပြန်လည် ရယူနိုင်ခဲ့သည်ဟု ဆိုရပေသည်။

ထို့ကြောင့် လူ့ဘဝကို ရတုန်းအခိုက်၌ အဓာတသတ်ကို ဥပမာပြု၍ မိမိကိုယ်တိုင်က ပညာဖြင့် နှိုင်းဆဆင်ခြင်၍ နှလုံးသွင်းကောင်းရှိခြင်းဟူသော '**ယောနိသောမနသိကာရ**' အဇ္ဈတ္တအကြောင်း ကောင်းမွန်ပြည့်စုံခြင်း၊ နည်းမှန်၊ လမ်းမှန်အတိုင်း ညွှန်ပြပေးနိုင်သော '**ကလျာဏမိတ္တ**' ဗဟိဒ္ဓအကြောင်း ကောင်းမွန်ပြည့်စုံခြင်းတို့ဖြင့် သူတော်ကောင်းတရားစကားကို ကြားနာသင်ယူနိုင်မှု၊ သူတော်ကောင်းတရားလမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်သုံးအားထုတ်နိုင်မှုတို့ ပြည့်စုံစေလျက် လက်တွေ့ကျကျ လူ့ဘဝ၏အနှစ်သာရကို အရယူနိုင်ဖို့ လိုအပ်ကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်သင့်လှပေသည်။

## ပထမသံဂါယနာနှင့် ဗုဒ္ဓမြတ်စွာ သာသနာ

ဗုဒ္ဓမြတ်ဘုရားသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ (၄၅)နှစ်ကြာ သာသနာပြုတော်မူကာ မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည်၊ မလ္လမင်းတို့၏ အင်ကြင်းတောဝ၌ ပရိနိဗ္ဗာန်ဝင်စံငြိမ်းတော်မူ၏။

ပရိနိဗ္ဗာန်ဝင်စံ၍ (၇)ရက်မျှအကြာတွင် ပုထုဇဉ်၊သောတာပန် ရဟန်းတို့၏ ငိုကြွေးတမ်းတသံကို ကြားသဖြင့် သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးက ''ငါ့ရှင်တို့၊ မငိုကြကုန်လင့်။ မစိုးရိမ်ကြကုန်လင့်။ ငါတို့သည် ယခုအခါ ရဟန်းကြီးဂေါတမလက်မှ လွတ်ကြရပေပြီ။ ရဟန်းကြီးဂေါတမသည် 'ဤအရာသည် မအပ်စပ်။ ဤအရာသည်သာ အပ်စပ်၏'ဟု ပြောဆိုတားမြစ်၍ ငါတို့ကို နှိပ်စက်၏။ ယခုမှာမူ ငါတို့အလိုရှိရာကို ပြုလုပ်၍ နေကြပေတော့အံ့''ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားသိတော်မူရသော အရှင်မဟာကဿပသည် ကြီးစွာ သံဝေဂရတော်မူ၍ ရဟန်းတို့ကို ''ငါ့ရှင်တို့၊ ငါတို့သည် ဓမ္မမဟုတ်သည်ကို ဓမ္မအနေဖြင့်၊ ဝိနည်းမဟုတ်သည်ကို ဝိနယအနေဖြင့် ယူဆပြောဆိုကုန်သော အဓမ္မဝါဒီ၊အဝိနယဝါဒီ ရဟန်းဆိုးတို့ လွှမ်းမိုးခြင်းမဖြစ်မီ မြတ်စွာဘုရား

http://www.dhammadownload.com



**ဟောကြားတော်မူသော ဓမ္မနှင့်ဝိနယ(သုတ်၊ဝိနည်း၊အဘိဓမ္မာ)တို့ကို စုပေါင်း ရွတ်ဆိုကာ သံဂါယနာ တင်ထားကြကုန်အံ့**''ဟုမိန့်ကြားတော်မူကာ ရဟန္တာ (၅၀၀)တို့နှင့်အတူ ပထမဦးဆုံး သံဂါယနာတင်မှုကို ပြုတော်မူသည်။

ထိုသံဂါယနာတင်ပွဲ၌ သံဃာ့မထေရ်ကြီးအဖြစ် အရှင်မဟာကဿပ မထေရ်မြတ်ကြီးက ဦးစီးဆောင်ရွက်တော်မူ၏။ သံဂါယနာပွဲ၏ အလှူ့ဒါယကာ အဖြစ် အဇာတသတ်မင်းက ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

သံဂါယနာပွဲ မစမီကပင် ဘုရင်အဇာတသတ်မင်းက ''**အရှင်ဘုရား တို့သည် လွတ်လွတ်ကျွတ်ကျွတ် ကြောင့်ကြမဲ့ ပြုတော်မူပါကုန်ဘုရား။ အရှင်ဘုရားတို့က ဓမ္မစက်ကို ဖြန့်လွှတ်တော်မူပါ။ တပည့်တော်တို့သည် အာဏာစက်ကို ဖြစ်စေပါကုန်အံ့ဘုရား**'ဟု ဝန်ခံလျက် ဆရာနှင့် ဒါယကာ ညီညာစွာလက်တွဲ၍ ပထမဆုံး သမိုင်းဝင် သံဂါယနာတင်မှုကို အောင်မြင်စွာ ပြုတော်မူနိုင်ခဲ့ကြသည်။

## သိက္ခာသုံးဖြာ သာသနာတည်စေဖို့မှာ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ဝင်စံ ငြိမ်းပြီးချိန်မှစတင်၍ အရှင်မဟာကဿပ အမှူးရှိသော အိမ်ရာမထောင် သာသနာ့ဘောင်မှ ခေါင်းဆောင်ရှေ့သွား သံဃာ တော်အရှင်မြတ်ဘုရားများတို့သည်လည်းကောင်း၊ အဇာတသတ်မင်းအမှူး ရှိသော အိမ်ရာတည်ထောင် လူ့ဘောင်မှ ခေါင်းဆောင်ရှေ့သွား သာသနာပြု လူဒါယကာများတို့သည်လည်းကောင်း၊ ဆရာနှင့်ဒါယကာ လက်တွဲ ညီညာ စွာဖြင့် ယနေ့ထိတိုင် သံဂါယနာအစဉ်အဆက်တင်ကာ ထေရဝါဒ၊ သာသနာ့ နွယ်ဝင် သူတော်စင်အပေါင်းတို့ လိုက်နာကျင့်သုံးခဲ့ကြသော ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသာသနာတော်မြတ်ကြီးမှာ-

'သုတ်၊ ဝိနည်း၊ အဘိဓမ္မာ'ဟူသော ပိဋကအားဖြင့်(၃)ပါး၊ 'ဒီဃ၊ မဇ္ဈိမ၊သံယုတ္တ၊အင်္ဂုတ္တရ၊ခုဒ္ဒက'ဟူသော နိကာယ်အားဖြင့် (၅)ပါး၊ ဓမ္မက္ခန္ဓာအစု အရေအတွက်အားဖြင့် (၈၄၀၀၀)တို့ ဖြစ်ပေ၏။

ထိုဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်ကို လိုရင်းချုပ် အနှစ် သာရထုတ်သည်ရှိသော် 'ဝိမုတ္တိရသ'ခေါ် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်မှု တန်ဖိုးအရသာ (၁)မျိုးတည်းသာ ဖြစ်ပေသည်။

http://www.dhammadownload.com



## ဆရာနှင့်ဒါယကာ သာသနာပြုကြရာဝယ်

ထိုတန်ဖိုးအရသာ 'ဝိမုတ္တိရသ'ကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် ဝိနည်းပိဋကဒ္ဒေသနာတော်မှုအပ်သော **'သီလသိက္ခာကို ကျင့်သုံးခြင်း'** ဖြင့် ဝီတိက္ကမကိလေသာတို့ကို တဒင်္ဂပဟာန်သတ္တိဖြင့် ပယ်ငြိမ်းနိုင်မှုကိုလည်းကောင်း၊ သုတ္တန်ပိဋကဒ္ဒေသနာတော်မှုအပ်သော **'သမာဓိသိက္ခာကို ကျင့်သုံးခြင်း'**ဖြင့် ပရိယုဋ္ဌာနကိလေသာတို့ကို ဝိက္ခမ္ဘနပဟာန်သတ္တိဖြင့် ပယ်ငြိမ်းနိုင်မှုကိုလည်းကောင်း၊ အဘိဓမ္မာပိဋကဒ္ဒေသနာတော်မှုအပ်သော **'ပညာသိက္ခာကို ကျင့်သုံးခြင်း'**ဖြင့် အနုသယကိလေသာတို့ကို သမုစ္ဆေဒပဟာန်သတ္တိဖြင့် ပယ်ငြိမ်းနိုင်မှုကိုလည်းကောင်း ကြီးစားပွားများ အားထုတ်ရမည်သာ ဖြစ်၏။

သိက္ခာ(၃)ဖြာဟူသော အခုံးအမ သာသနာတော်ကို လိုက်နာကျင့်သုံး၊ အားထုတ်ကုန်သော ကလျာဏနွယ်ဝင် သူတော်စင်တို့၏ အဇ္ဈတ္တသန္တာန်၌ သီလသိက္ခာ အကျင့်မြတ်ဖြင့် **'ယထာပရာဓသာသနာ'**သည် တည်နိုင်လေ၏။ သမာဓိသိက္ခာ အကျင့်မြတ်ဖြင့် **'ယထာနုလောမသာသနာ'**သည် တည်နိုင်၏။ ပညာသိက္ခာ အကျင့်မြတ်ဖြင့် **'ယထာဓမ္မသာသနာ'**သည် တည်နိုင်ပေတော့၏။

ထိုသိက္ခာ(၃)ဖြာ သာသနာတော်သည် မိမိ၏ အဇ္ဈတ္တသန္တာန်၌ အရှည်ခိုင်ခံ့ တည်တံ့နိုင်သဖြင့်သာလျှင် 'ဝိမုတ္တိရသ'ခေါ် နိဗ္ဗာန်ချမ်းသာကို ကေန်မုချ မျက်မှောက်ပြုနိုင်မှုသည် ပြည့်စုံပေသတည်း။ သူတစ်ပါးတို့၏ သန္တာန်၌လည်း အရှည်ခိုင်ခံ့ တည်တံ့စေနိုင်သဖြင့်လည်း 'ဝိမုတ္တိရသ'ခေါ် နိဗ္ဗာန်ချမ်းသာကို ကေန်မုချ မျက်မှောက်ပြုစေနိုင်မှုသည် ပြည့်စုံပေသတည်း။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ သိက္ခာသုံးဖြာ သာသနာတော်မြတ်ကြီးကို မိမိတို့၏အဇ္ဈတ္တသန္တာန်၊ သူတစ်ပါးတို့၏ဗဟိဒ္ဓသန္တာန်တို့၌ အရှည်ခိုင်ခံ့တည်တံ့စေလိုကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ဆရာနှင့်ဒါယကာ လက်တွဲညီညာစွာဖြင့် သာသနာပြုတော်မူကြကုန်လျက် သာမညဖလ သုတ်တရားတော်လာ သာသနာတော်၏တန်ဖိုး၊ အနှစ်သာရတို့ကို အရယူတော်မူနိုင်ကြမည် ဖြစ်ပါကြောင်း----။

အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)

၉-၁-၂၀၁၀။

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သုတ္တန္တပိဋက၊ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်လာ

## သာမညဖလသုတ်တရားတော်
(မြန်မာပြန်)

### လပြည့်ညဉ့်လာခံ၏ဥဒါန်းသံ

၁။ တစ်ချိန်သောအခါက မြတ်စွာဘုရားသည် ရဟန်းသံဃာ(၁၂၅၀) တို့နှင့်အတူ ရာဇဂြိုဟ်ပြည် ဇီဝက၏သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါတွင် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်း၏ဘုရင် အဇာတသတ်မင်းသည် နန်းတော်၏ပြာသာဒ်အထက်ဝယ် မင်း၏မှူးမတ်အပေါင်း စုံညီစွာဖြင့် စည်းဝေးလျက် ရှိပေ၏။

အချိန်ကား မိုးလေးလတို့၏အဆုံး ကုမုဒြာကြာဖြူပန်းတို့ ပွင့်လန်းတန်းဖြစ်သော တန်ဆောင်မုန်းလပြည့်၊ ဥပုသ်နေ့ညဉ့်တွင် သော်တာလဝန်း၏ အစွမ်းကုန် လင်းလက်တောက်ပနေချိန်တည်း။

ထိုအခါဝယ် ဘုရင်အဇာတသတ်မင်းသည် မိမိ၏ရင်တွင်း၌ ဖြစ်ပေါ်ခံစားလာရသော စိတ်အကြံအစည်ကို မျိုသိပ်မထားနိုင်တော့ဘဲ အခုလို ထုတ်ဖော်ကျူးရင့် မြွက်ဆိုလိုက်လေတော့၏။

### အဇာတသတ်မင်း၏ဥဒါန်းစကား

"ရမဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ"၊ အမတ်မင်းတို့ လသာခြင်းဖြင့် အပြစ်ကင်းသောညဉ့်သည် မွေ့လျော်ဖွယ်ကောင်းပေစွတကား။ "အဘိရူပါဝတ ဘော ဒေါသိနာ ရတ္တိ"၊ အမတ်မင်းတို့ လသာခြင်းဖြင့် အပြစ်ကင်းသောညဉ့်သည် အလွန်လှပပေစွတကား။

http://www.dhammadownload.com



"**ဒဿနီယာ ဝတ ဘော ဒေါသိနာ ရတ္တိ**"၊ အမတ်မင်းတို့ လသာခြင်းဖြင့် အပြစ်ကင်းသော ညဉ့်သည် ရှုကြည့်ချင်ဖွယ်ကောင်းပေစွတကား။ "**ပါသာဒိကာဝတ ဘော ဒေါသိနာ ရတ္တိ**"၊ အမတ်မင်းတို့ လသာခြင်းဖြင့် အပြစ်ကင်းသော ညဉ့်သည် ကြည်နူးဖွယ်ကောင်းစွတကား။ "**လက္ခဏာ ဝတ ဘော ဒေါသိနာ ရတ္တိ**"၊ အမတ်မင်းတို့ လသာခြင်းဖြင့် အပြစ်ကင်းသောညဉ့်သည် မှတ်သားဖွယ်ရာ ကောင်းပေစွတကား။

"**ကံ နု ခွဇ္ဇ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပယိရုပါ သေယျာမ၊ ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျာ**"၊ ယနေ့လိုညဉ့်မျိုးဝယ် အဘယ်မည်သော သမဏဗြာဟ္မဏကို ငါတို့ ဆည်းကပ်ရပါကုန်အံ့နည်း။ အဘယ်သမဏဗြာဟ္မဏကို ဆည်းကပ်လျှင် ငါတို့၏စိတ်သည် ကြည်လင်နိုင်ရာပါအံ့နည်း"ဟု ဥဒါန်းကျူးရင့် မြွက်ဆို၏။

---

**အဇာတသတ်မင်း**

**အဇာတောယေဝ**-မမွေးဖွားမီကပင်။ **ရညော**-ခမည်းတော်မင်းကြီး၏။ **သတ္တု**-ရန်သူသည်။ **ဘဝိဿတီတိ**-ဖြစ်လာပေလတ္တံ့ဟု။ **နေမိတ္တကေဟိ**-နိမိတ်ဖတ်ပုဏ္ဏားတို့က။ **နိဒ္ဒိဋ္ဌော**-နာမည်ပညတ်အပ်သောကြောင့်။ **အဇာတသတ္တု**- 'အဇာတသတ်' မည်၏။ အဇာတ-မမွေးဖွားမီကပင်၊ သတ္တု-ဖခင်၏ရန်သူအဖြစ် နိမိတ်ဖတ်ခံထားရသောကြောင့် '**အဇာတသတ်**'ဘုရင်ဟု အမည်မှည့်ကြ၏။

**ဥဒါန-ဥဒါန်းဟူသည်**

အကြင် ဝမ်းမြောက်နှစ်လိုဖွယ်စကားသည် စိတ်နှလုံးထဲ၌ ထားခြင်း၊ယူခြင်းငှါ မဆံ့သဖြင့် အပြင်သို့ လျှံထွက်လာ၏။ ထိုစိတ်နှလုံးထဲမှ အပြင်သို့ လျှံထွက်လာသောစကားမျိုးကို 'ဥဒါန်း'ဟု ခေါ်သည်။ (သီ၊ ဋ္ဌ၊ ၁၂၈)

**ညဉ့်၏အပြစ်(၅)မျိုး**

**မဟိကာ**-ဆီးနှင်း၊ **ရဇ**-မြူ၊ **အဗ္ဘာ**-တိမ်တိုက်၊ **ရာဟု**-သူရိန်၊ **ဓူမ**-မီးခိုး(၅)ပါးမျိုးတို့သည် ညဉ့်၏အပြစ်တို့ ဖြစ်၏။ တန်ဆောင်မုန်းလပြည့်နေ့၌ ညဉ့်သည် ထိုအပြစ်ငါးမျိုးတို့ ကင်းစင်နေသဖြင့် '**ဒေါသိနာ ရတ္တိ**'ဟု ဆိုသည်။

http://www.dhammadownload.com



## ပူရဏကဿပ၏တပည့်အမတ်အကြံပြုပုံ

ဤသို့ဥဒါန်းကျူးရင့်သော် မင်းအမတ်တစ်ယောက်သည် အဇာတသတ်မင်းအား ဤသို့ လျှောက်၏။

"မင်းမြတ် ဤပူရဏကဿပသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုပူရဏကဿပကို ဆည်းကပ်တော်မူပါလော့။ ပူရဏကဿပကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏"ဟု လျှောက်၏။ ဤသို့လျှောက်သော်လည်း အဇာတသတ်မင်းကား ဆိတ်ဆိတ်သာနေလေ၏။

## မက္ခလိဂေါသာလ၏တပည့်အမတ်အကြံပြုပုံ

အမတ်တစ်ယောက်ကလည်း ဤစကားကို လျှောက်လေ၏။

---

### အရိပ်နိမိတ်စကားဆိုခြင်း

အဇာတသတ်မင်း၏ 'ယနေ့လိုညဉ့်မျိုးဝယ် အဘယ်သမဏ၊ ဗြာဟ္မဏကို ဆည်းကပ်လျှင် ငါတို့၏စိတ်ကြည်လင်နိုင်မည်နည်း'ဟူသောစကားသည် ဇီဝကအား အရိပ်နိမိတ်အနေဖြင့် ပြောဆိုခြင်း ဖြစ်၏။ အကြောင်းမှာ မြတ်စွာဘုရားကို ဖူးမြင် ဆည်းကပ်လိုမှုကြောင့်တည်း။

ပူရဏကဿပစသော တိတ္ထိဆရာကြီး(၆)ဦးကို ယခင်အခါတို့၌ ဖူးမြင်ပြီး၊တရားဆွေးနွေးပြီး ဖြစ်၏။ မြတ်စွာဘုရားကိုကား မဖူးမြင်ရသေးပေ။ သို့သော် မိမိကိုယ်တိုင်မှာ ဘုရား၏သာဝကဖြစ်သူ ဖခင်ဗိမ္ဗိသာရမင်းကိုလည်း သေစေခဲ့၏။

ဒေဝဒတ်နှင့်ပေါင်း၍ မြတ်စွာဘုရား၏ အကျိုးမဲ့ကို များစွာ ပြုမိခဲ့၏။ ထို့ကြောင့် မိမိ၌များသောအပြစ်များ ရှိနေသည်ကိုသိ၍ ဇီဝက၏ကျောရိပ်ကို အမှီပြုလျက် မြတ်စွာဘုရားကို ဖူးမြင်အံ့။ ဘုရားထံ၌ တရားစကားကို မေးမြန်းနာယူအံ့ဟု စိတ်အကြံပေါ်သဖြင့် ထိုအရိပ်နိမိတ်စကားတို့ကို ဆိုလေသည်။ (သီ၊ ဋ၊ ၁၃၂)

http://www.dhammadownload.com



"မင်းမြတ် ဤမက္ခလိဂေါသာလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုမက္ခလိဂေါသာလကို ဆည်းကပ်တော်မူပါလော့။ မက္ခလိဂေါသာလကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏"ဟု လျှောက်၏။ ဤသို့ လျှောက်သော်လည်း အဇာတသတ်မင်းကား ဆိတ်ဆိတ်သာနေလေ၏။

---

**ပူရဏကဿပ**

ကဿပကား သူ့မျိုးရိုးနာမည် ဖြစ်၏။ သူတစ်ပါးအိမ်၌ ကျွန်လုပ်စဉ် ကျွန်တစ်ရာပြည့်မြောက်သူ ဖြစ်သဖြင့် 'ပူရဏ' မည်၏။ တစ်ရာပြည့်သူ 'ကဿပ'ဟု ဆိုလို၏။ တစ်နေ့တွင် အိမ်မှထွက်ပြေးစဉ် ခိုးသူတို့က အဝတ်တို့ကို ချွတ်ယူထားလိုက်သဖြင့် သစ်ရွက်၊မြက်တို့ဖြင့် ဖုံးလွှမ်းရကောင်းမှန်းပင် မသိ။ဝတ်လစ်စားလစ်ဖြင့် ရွာသို့ဝင်၏။ ရွာသူတို့က 'ဤသူသည် အလိုနည်း၏။ ရဟန္တာ ဖြစ်လိမ့်မည်'ဟု အစားအသောက်တို့ဖြင့် လှူဒါန်းပူဇော်ကြ၏။

ပူရဏကဿပသည် 'ငါကား အဝတ်မရှိသဖြင့် ဤပူဇော်မှုတို့ကို ရ၏'ဟု ထိုနေ့မှစ၍ အဝတ်ရသော်လည်းမဝတ်။ ထိုအဖြစ်ဖြင့် ရဟန်းဟု ယူ၏။ တပည့် ငါးရာတို့လည်း ရဟန်းပြု၏။ (သီ၊ ၄၊ ၁၃၀)

**မက္ခလိဂေါသာလ**

မက္ခလိဟူသည် သူ၏နာမည်ရင်းဖြစ်၏။ နွားခြံ၌ ဖွားသဖြင့် 'ဂေါသာလ' ဟု ခေါ်၏။ တစ်နေ့တွင် ရွှံ့ညွန်ရှိရာအရပ်သို့ ဆီအိုးကို ယူ၍ သွားစဉ် သခင်က 'တာတ မာခလိ'၊ 'အမောင် ချော်မလဲစေနှင့်'ဟု သတိပေး၏။ သတိပေးနေစဉ်ပင် ချော်လဲ၏။ သခင်၏ရန်မှ ကြောက်သဖြင့် ပြေးစဉ် ပုဆိုးစွန်းကို ဆွဲမိရာ ထိုပုဆိုးကို ချွတ်ခဲ့၍ ထွက်ပြေးကာ ပူရဏကဿပအတိုင်း ရဟန်းပြု၊ ဂိုဏ်းတည်ထောင်၏။

**အဇိတကေသကမ္ဗလ**

အဇိတဟူသည် နာမည်ရင်း ဖြစ်၏။ လူ၏ဆံပင်တို့ဖြင့် ပြုလုပ်ထားသော

http://www.dhammadownload.com



## အဇိတကေသကမ္ဗလ၏တပည့်အမတ်အကြံပြုပုံ

အမတ်တစ်ယောက်ကလည်း ဤစကားကို လျှောက်လေ၏။

"မင်းမြတ် ဤအဇိတကေသကမ္ဗလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုအဇိတကေသကမ္ဗလကို ဆည်းကပ်တော်မူပါလော့။ အဇိတကေသကမ္ဗလကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏"ဟု လျှောက်၏။ ဤသို့ လျှောက်သော်လည်း အဇာတသတ်မင်းကား ဆိတ်ဆိတ်သာနေလေ၏။

## ပကုဓကစ္စာယန၏တပည့်အမတ်အကြံပြုပုံ

အမတ်တစ်ယောက်ကလည်း ဤစကားကို လျှောက်၏။

"မင်းမြတ် ဤပကုဓကစ္စာယနသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။

---

ကမ္ဗလာကို သုံးဆောင်သဖြင့် 'ကေသ+ကမ္ဗလ'ဟု ခေါ်၏။ လူဆံပင်သည် အေးချိန်၌ ပိုအေး၏။ ပူချိန်၌ ပိုပူ၏။ အဆင်းမလှ။ အနံ့မကောင်း အတွေ့ကြမ်းလှ၏။

**ပကုဓကစ္စာယန**

'ပကုဓ'မှာ နာမည်ရင်း ဖြစ်၏။ ကစ္စာယနအမျိုးနွယ် ဖြစ်၍ 'ပကုဓကစ္စာယန'ဟု တွင်၏။ ထိုပကုဓကစ္စာယနသည် ရေအေးကို ပယ်မြစ်သူ ဖြစ်၏။ ကျင်ကြီးစွန့်ချိန်၌ပင် ရေအေးကို မသုံး။ ရေပူကို ရသော်သာ အသုံးပြု၏။ မြစ်၊ ရေမြောင်းစသည်ကို ကျော်ဖြတ်မိသော် 'ငါ၏ သီလသည် ကျိုးပြတ်လေပြီ'ဟု သဲပုံစေတီပြု၍ အဓိဋ္ဌာန်ပြီးမှသာ သွား၏။

http://www.dhammadownload.com



ကျော်စော၏။ အယူဝါဒတီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေးမီ၏။ အဆုံးအစွန်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုပကုဓကစ္စာယနကို ဆည်းကပ်တော်မူပါလော့။ ပကုဓကစ္စာယနကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏''ဟု လျှောက်၏။ ဤသို့ လျှောက်သော်လည်း အဇာတသတ်မင်းကား ဆိတ်ဆိတ်သာနေလေ၏။

## သဉ္စယဗေလဋ္ဌပုတ္တ၏တပည့်အမတ်အကြံပြုပုံ

အမတ်တစ်ယောက်ကလည်း ဤစကားကို လျှောက်၏။

''မင်းမြတ် ဤသဉ္စယဗေလဋ္ဌပုတ္တသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေးမီ၏။ အဆုံးအစွန်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုသဉ္စယဗေလဋ္ဌပုတ္တကို ဆည်းကပ်တော်မူပါလော့။ သဉ္စယဗေလဋ္ဌပုတ္တကို ဆည်းကပ်လျှင် သင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏''ဟု လျှောက်၏။ ဤသို့ လျှောက်သော်လည်း အဇာတသတ်မင်းကား ဆိတ်ဆိတ်သာနေလေ၏။

## နိဂဏ္ဌနာဋပုတ္တ၏တပည့်အမတ်အကြံပြုပုံ

အမတ်တစ်ယောက်ကလည်း ဤစကားကို လျှောက်၏။

''မင်းမြတ် ဤနိဂဏ္ဌနာဋပုတ္တသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါ ရင့်၏။ ရဟန်းသက် ရှည်၏။ ရှေးမီ၏။ အဆုံးအစွန်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုနိဂဏ္ဌနာဋပုတ္တကို

http://www.dhammadownload.com



ဆည်းကပ်တော်မူပါလော့။ နိဂဏ္ဌနာဋပုတ္တကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏''ဟု လျှောက်၏။ ဤသို့ လျှောက်သော်လည်း အဇာတသတ်မင်းသည် ဆိတ်ဆိတ်သာနေလေ၏။

## ဇီဝကအား အဇာတသတ်မင်းမေးခြင်း

ထိုစဉ်အခါ၌ အဘယမင်းသား မွေးစားအပ်သော ဇီဝကသည် အဇာတသတ်မင်းအနီး၌ ဆိတ်ဆိတ်ထိုင်နေလျက်ပင် ရှိ၏၊ ထိုအခါ အဇာတသတ်မင်းသည် ဇီဝကအား ''အမောင်ဇီဝက သင်သည်ကား အဘယ်ကြောင့် ဆိတ်ဆိတ်နေဘိသနည်း''ဟု မေးလေတော့၏။ ထိုအခါတွင်မှ ဇီဝကက

''မင်းမြတ် ပူဇော်အထူးကိုခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော ဤမြတ်စွာဘုရားသည် (၁၂၅၀)ရှိသော၊ များစွာသော ရဟန်းသံဃာနှင့်အတူ အကျွန်ုပ်တို့၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူပါ၏''ဟု လျှောက်ပြီး-

## ဘုရားရှင်၏ဂုဏ်တော်(၉)ပါးပြောပြခြင်း

**ဇီဝက**။ မင်းမြတ် ထိုမြတ်စွာဘုရား၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ မဆန့်ဘဝဂ် ပျံ့နှံ့၍ ထွက်ပါ၏။

၁။ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော

---

### ဇီဝကကို မေးခြင်းရည်ရွယ်ချက်

ဤအမတ်တို့သည် သူတို့၏ဆရာသမဏ၏ဂုဏ်ကျေးဇူးများကို ပြောကြားသွားကြသည်မှာ ခံတွင်းမဆန့်လောက်အောင် ပြည့်သွား၏။ ''သင့်မှာကား အဘယ့်ကြောင့် အကြံမပြုသနည်း။ ကိုးကွယ်သောဆရာသမဏ မရှိ၍လော။ သင့်မှာ ငါ၏ဖခင်က ရာထူးစည်းစိမ်မပေးသဖြင့် မွဲနေသလော။ သို့မဟုတ်၊ သဒ္ဓါတရား ခေါင်းပါးလေသလော''ဟု မေးလိုခြင်းသဘော ဖြစ်၏။ (သီ၊ ဋ၊ ၁၃၃၊ )

http://www.dhammadownload.com



အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူပါ၏။

၂။ အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူပါ၏။

၃။ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ'တို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူပါ၏။

၄။ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူ၏ပါ။

၅။ လောကသုံးပါးကို သိတော်မူသောအကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူပါ၏။

၆။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'အနုတ္တရော ပုရိသဒမ္မသာရထိ' မည်တော်မူပါ၏။

၇။ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'သတ္ထာ ဒေဝမနုဿာနံ' မည်တော်မူပါ၏။

၈။ သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်သိတော်မူ၊ သတ္တဝါဝေနေယျတို့ကိုလည်း သိစေတော်မူသောအကြောင်းကြောင့်လည်း 'ဗုဒ္ဓ'မည်တော်မူပါ၏။

၉။ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း 'ဘဂဝါ' မည်တော်မူပါ၏'ဟု မဆန့်ဘဝဂ် ပျံ့နှံ့၍ ထွက်ပါ၏။

မင်းမြတ်သည် ထိုမြတ်စွာဘုရားကို ဆည်းကပ်တော်မူပါ။ ထိုမြတ်စွာ

---

**ဇီဝကပြောကြားသော ဘုရားဂုဏ်(၉)ပါးပါဠိ**

တံ ခေါ ပန ဘဂဝန္တံ၊ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော၊ 'ဣတိပိ သော ဘဂဝါ အရဟံ[၁]၊ သမ္မာသမ္ဗုဒ္ဓေါ[၂]၊ ဝိဇ္ဇာစရဏသမ္ပန္နော[၃]၊ သုဂတော[၄]၊ လောကဝိဒူ[၅]၊ အနုတ္တရော ပုရိသဒမ္မသာရထိ[၆]၊ သတ္ထာ ဒေဝမနုဿာနံ[၇]၊ ဗုဒ္ဓေါ[၈]၊ ဘဂဝါ[၉]'တိ။

တံ ဒေဝေါ ဘဂဝန္တံ ပယိရုပါသတု။ အပ္ပေဝ နာမ ဒေဝဿ ဘဂဝန္တံ ပယိရုပါသတော စိတ္တံ ပသီဒေယျာ'တိ။ (သာမညဖလသုတ်ပါဠိ)

http://www.dhammadownload.com



ဘုရားကို ဆည်းကပ်ခဲ့လျှင် သင်မင်းမြတ်၏ စိတ်သည် ကြည်လင်နိုင်တန်ရာ ပါ၏''ဟု လျှောက်ကြားလေ၏။

**ဘုရင်။** ''အမောင်ဇီဝက သို့ဖြစ်လျှင် ဆင်ယာဉ်တို့ကို ပြင်ဆင်စေလော့''။
**ဇီဝက။** ''မင်းမြတ် ကောင်းပါပြီ''။

ဤသို့ ဇီဝကသည် အဇာတသတ်မင်းအား ဝန်ခံခဲ့၍ ဆင်မငါးရာတို့ကို လည်းကောင်း၊ မင်း၏ စီးတော်ဆင်ကို လည်းကောင်း၊ ပြင်ဆင်စေပြီးလျှင် အဇာတသတ်မင်းအား ''မင်းမြတ် သင်မင်းမြတ်၏ ဆင်ယာဉ်တို့ကို ပြင်ဆင်ပြီးပါပြီ၊ ယခုအခါ၌ သွားရန် အချိန်ကို သင်မင်းမြတ် သိတော်မူပါသည်'' (သွားရန်မှာ သင်မင်းမြတ်၏ အလိုအတိုင်းပင် ဖြစ်ပါသည်)ဟု ပြန်ကြား၏။

အဇာတသတ်မင်းသည် ဆင်မငါးရာတို့၌ မောင်းမတို့ကို တစ်ဦးစီ စီးစေ၍ စီးတော်ဆင်ကို ကိုယ်တိုင် စီးပြီးလျှင် မီးရှူးတိုင်တို့ကို ဆောင်စေလျက် ကြီးစွာသော မင်း၏ကျက်သရေဖြင့် ရာဇဂြိုဟ်ပြည်မှ ထွက်၍ ဇီဝက၏ သရက်ဥယျာဉ်သို့ သွားလေ၏။ သရက်ဥယျာဉ်၏အနီးသို့ ရောက်လျှင်

---

**ဇီဝက၏စီမံမှုပညာ**

ဤမင်းအား ဤဘဝ၌ မဂ်ဖိုလ်ရနိုင်ဖို့အကြောင်း မရှိ။ မြတ်စွာဘုရားတို့ကလည်း အကြောင်းရှိသူကို မြင်မှသာ တရားဟော၏။ ထို့ကြောင့် လူအပေါင်းကို စည်းဝေးလိုက်ပါစေအံ့။ အကြောင်းရှိသူပါလာ၍ တရားဟောသဖြင့် လူအပေါင်းအား များစွာကျေးဇူးရှိပေလိမ့်မည်ဟု ကြံ၍ ဇီဝကသည် မြို့၌ စည်ကို လှည့်စေ၏။

မြတ်စွာဘုရားတို့သည် ငြိမ်သက်သောသဘောရှိသဖြင့် ငြိမ်သက်သော ယာဉ်တို့ဖြင့်သာ သွားသင့်၏။ မြင်းယာဉ်၊ရထားယာဉ်တို့ထက် ဆင်ယာဉ်က သာ၍ ငြိမ်သက်သဖြင့် အရွယ်ကောင်းဆင်မ(၅၀၀)ကို ပြင်ဆင်၏။ ညဉ့်အခါဖြစ်သဖြင့် ယောကျ်ားစစ်သားတို့ကို စိတ်မချသောကြောင့် နန်းတွင်းသူမိန်းမများကို စစ်သားယောင်ဆောင်စေ၏။ စစ်လက်နက်များ ကိုင်လျက် စီးစေ၏။ မတော်တဆ အန္တရာယ်ဖြစ်လျှင် ကာကွယ်နိုင်ရန် မိမိကိုယ်တိုင်က ဘုရင့်အနီးမှ စောင့်ကြပ်လိုက်ပါလေ၏။ ဤအစီအမံအားလုံးကို ဇီဝကသည် ဘုရင်ကမခိုင်းဘဲ မိမိပညာဖြင့်သာ စီမံလေ၏။

http://www.dhammadownload.com



အဇာတသတ်မင်းအား ကြောက်ခြင်း,တုန်လှုပ်ခြင်း, ကြက်သီးမွေးညင်းထခြင်း ဖြစ်၍ ဇီဝကအား ဤစကားကို ဆိုလေ၏။

**ဘုရင်။** "အမောင်ဇီဝက သင်သည် ငါ့ကို မလှည့်ပတ်သည်မှန်၏လော့၊ အမောင်ဇီဝက ငါ့ကို မဖြားယောင်းသည် မှန်၏လော့၊ အမောင်ဇီဝက ငါ့ကို ရန်သူတို့အား မအပ်နှင်းသည်မှန်၏လော့၊ (၁၂၅၀)ရှိသော ရဟန်းသံဃာ၏ ချေဆတ်သံ,ချောင်းဟန့်သံ စကားပြောသံမျှသည် အဘယ်ကြောင့် မဖြစ်ဘိသနည်း"

**ဇီဝက။** "မင်းကြီး ကြောက်တော်မမူပါလင့်၊မင်းကြီး ကြောက်တော်မမူပါလင့်၊ မင်းမြတ် သင့်ကို မလှည့်ပတ်ပါ၊ မင်းမြတ် သင့်ကို မဖြားယောင်းပါ၊ မင်းမြတ် သင့်ကို ရန်သူတို့အား မအပ်နှင်းပါ၊ မင်းကြီး ရှေ့သို့ကြွ

---

### ဘုရင်ကြောက်လန့်မှုဖြစ်ခြင်း

အဇာတသတ်မင်း ကြောက်ရွံ့စိတ် ဖြစ်ရခြင်းမှာ အမှောင်ထုကြောင့်ဟု အချို့က ဆို၏။ ထိုစကားမသင့်။ အကြောင်းမှာ ရာဇဂြိုဟ်မြို့သည် တံခါးမကြီး(၃၂)ခု၊ တံခါးငယ်(၆၄)လေးခုရှိသည့်အပြင် ဇီဝကသရက်ဥယျာဉ်သည်လည်း မြို့တံတိုင်းနှင့် ဂိဇ္ဈကုဋ်တောင်ကြားတွင် ရှိနေ၏။ အဇာတသတ်မင်းသည် အရှေ့တံခါးမှ ထွက်၍ တောင်ရိပ်သို့ ရောက်၏။ တောင်ရိပ်နှင့် သစ်ရိပ်တို့ကြောင့် အမှောင်ထု ဖုံးလွှမ်း၏။ သို့သော် ထွန်းညှိလာသော မီးရှူးတိုင်တို့၏အလင်းကား အသိန်းမက ရှိနေသည်။

စင်စစ် သရက်ဥယျာဉ်အနီးသို့ရောက်သော် ပရိသတ်တို့လည်း အလွန်တိတ်ဆိတ်ကုန်၏။ ဆင်ခြေသံမျှကိုလည်း မကြားရ။ ဥယျာဉ်တော်၌ သံဃာတစ်ထောင်ကျော်ရှိသည်ဟုဆိုပါလျက် ချောင်းဟန့်သံ၊ ချေဆတ်သံကိုမျှ မကြားရ။

အနီးပါး၌လည်း ဇီဝကမှတစ်ပါး ယောကျ်ားအစောင့်ဟူ၍ တစ်ယောက်မျှပင် မရှိ။ ထိုသို့ ဆိတ်ငြိမ်သောပတ်ဝန်းကျင်နှင့် အခြေအနေတို့ကြောင့်သာ အဇာတသတ်မင်း ကြောက်ရွံ့မှု ဖြစ်လေသည်။

ဇီဝကကိုပင် ခမည်းတော်ကိုသတ်ဖူးသော မိမိနှင့်နှိုင်းယှဉ်ကာ မိမိကို သတ်ဖို့ကြံရှေ့သလားဟု သံသယစိတ်ဝင်လာမှု ဖြစ်ရာလေ၏။(သီ၊ ဋ၊ ၁၃၇)

http://www.dhammadownload.com



တော်မူပါလော့၊ မင်းကြီး ရှေ့သို့ ကြွတော်မူပါလော့၊ တန်ဆောင်းဝန်း၌ ဤဆီမီးတို့သည် တောက်ပလျက် ရှိပါကုန်၏''ဟု လျှောက်၏။

ထိုအခါ အဇာတသတ်မင်းသည် ဆင်ဖြင့်သွားနိုင်သမျှသောအရပ်ကို ဆင်ဖြင့်သွား၍ ဆင်မှသက်ပြီးသော် ခြေကျင်သာလျှင် တန်ဆောင်းဝန်း တံခါးရှိရာသို့ ချဉ်းကပ်၍-

**ဘုရင်။** ''အမောင်ဇီဝက မြတ်စွာဘုရားသည် အဘယ်မှာနည်း''ဟု ဇီဝက အား မေး၏။

**ဇီဝက။** ''မင်းကြီး အလယ်တိုင်ကို မှီ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ရဟန်းသံဃာ၏ရှေ့၌ ထိုင်နေသောပုဂ္ဂိုလ်သည် မြတ်စွာဘုရားပါ။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသောနေရာ၌ ရပ်ပြီးသော် ကြည်လင်သော အိုင်ကြီးကဲ့သို့ ငြိမ်သက်စွာ ဆိတ်ဆိတ်နေသော ရဟန်းသံဃာကို အဖန်ဖန် ကြည့်ရှု၍ ဤသို့ ဥဒါန်းကျူးရင့်၏။

---

## သံဃာကို မြင်၍ သားစိတ်ဝင်ရခြင်း

အဇာတသတ်မင်းသည် ညွှန်ကင်းသဖြင့် ကြည်လင်သောရေအသွင်ပမာ သံဃာတော်အပေါင်း၏ ငြိမ်သက်သောဣန္ဒြေရှိပုံကို မြင်သဖြင့် '**အဟောဝတ မေ ပုတ္တော ပဗ္ဗဇိတွာ ဣမေဟိ ဘိက္ခူဟိ သဒိသော ဥပသန္တော ဘဝေယျ**' ငါ့သား ဥဒယဘဒ္ဒသည် ရဟန်းပြုပြီး ဤရဟန်းတို့ကဲ့သို့ ငြိမ်သက်ခြင်းရှိမူ ကောင်းလေစွ'ဟု သား၌ ချစ်စိတ်ကြောင့် ဥဒါန်းကျူးခြင်း ဖြစ်လေ၏။

မှန်၏။ **ဒုလဘံဝါ**-ရခဲသောအရာကိုလည်းကောင်း။ **အစ္ဆရိယံဝါ**-အံ့ဖွယ်ကို လည်းကောင်း။ **ဒိသွာ**- မြင်ရသည်ရှိသော်။ **ပိယာနံ**-ချစ်နှစ်သက်အပ်သောပုဂ္ဂိုလ် တို့အား။ **ဉာတိမိတ္တာနံ**-ဆွေမျိုးတို့အား။ **အနုဿရဏံနာမ၊** အဖန်ဖန်သတိရမှုသည်။ **လောကဿ**-လူအပေါင်း၏။ **ပကတိယေဝ၊** ပင်ကိုယ်သဘောပင်တည်း။

**(တစ်နည်း၊)** အဇာတသတ်မင်းသည် မိမိ၏သား၌ သံသယစိတ်ကြောင့် လည်း ဤသို့ဥဒါန်းကျူးရင့်မှု ဖြစ်၏။ အဇာတသတ်မင်း၌ 'တစ်နေ့နေ့တွင် ငါ့သား

http://www.dhammadownload.com



ဘုရင်။ ''ယခုအခါ ရဟန်းသံဃာသည် အကြင် ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏၊ ငါ၏သား ဥဒယဘဒ္ဒမင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း''

ဗုဒ္ဓ။ ''မင်းကြီး ချစ်မြတ်နိုးရာသို့ သင် စိတ်အားဖြင့် ရောက်သွားလေပြီ''

ဘုရင်။ ''အရှင်ဘုရား ဥဒယဘဒ္ဒမင်းသားကို အကျွန်ုပ် ချစ်ပါ၏၊ အရှင်ဘုရား ယခုအခါ ရဟန်းသံဃာသည် အကြင်ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏၊ အကျွန်ုပ်၏သား ဥဒယဘဒ္ဒမင်းသားလည်း ဤသို့ ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း''ဟု ဘုရားအား လျှောက်၏။

## သာမညဖလပြဿနာကိုမေးလျှောက်ခြင်း

ထို့နောက် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းသံဃာကို လက်အုပ်ချီပြီး တစ်ခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

ဘုရင်။ ''အရှင်ဘုရား ပြဿနာမေးရန် အကျွန်ုပ်အား ခွင့်ပြုပါက တစ်စုံတစ်ခုသောအကြောင်းကို မြတ်စွာဘုရားအား မေးမြန်းလိုပါသည်''

---

တော်အား ငါ၏ဖခင်သည် ငယ်သေး၏။ ငါ၏အဖိုးကား အဘယ်နည်းဟု' မေးမြန်းစုံစမ်းလိမ့်မည်။ ထိုအခါ သင်၏အဘိုးကို သင့်ဖခင်က သတ်လိုက်၏'ဟု သိရပေအံ့။ ထိုအခါ၌ ငါသည်လည်း ငါ့ဖခင်ကို သတ်၍ မင်းပြုရပေအံ့'ဟု မှတ်ထင်လိမ့်မည်။ ဤသို့ အကြံဖြစ်သဖြင့် မိမိသားတော်၌ သံသယစိတ်ဝင်ကာ ရဟန်းတော်များကဲ့သို့ ငြိမ်သက်သောကိုယ်နှုတ်နှလုံးရှိခြင်းကို အလိုရှိရကား ဥဒါန်းကျူးရင့်ခြင်း ဖြစ်လေ၏။

ထိုမင်းမျိုး၌ အဖသတ်မင်း(၅)ဆက်တိုင် လည်လေ၏။ **အဇာတသတ်**သည် ဖခင်ဗိမ္ဗိသာရမင်းကို သတ်၏။ **သားဥဒယသည်** အဇာတသတ်မင်းကို၊ **သားမဟာမုဏ္ဍိကသည်** ဥဒယမင်းကို၊ **သားအနုရုဒ္ဓါသည်** မဟာမုဏ္ဍိကမင်းကို၊ **သားနာဂဒါသသည်** အနုရုဒ္ဓါမင်းကို သတ်၏။နာဂဒါသမင်းကိုကား**တိုင်းသူပြည်သား**တို့က အမျက်ထွက်၍ သတ်သဖြင့် အဖသတ်မင်းဆက် ပြတ်ဆဲ၏။ (သီ၊ဋ္ဌ၁၃၉)

http://www.dhammadownload.com



ဗုဒ္ဓ။ "မင်းကြီး မေးလိုရာကို မေးလော့"

ဘုရင်။ "အရှင်ဘုရား များစွာသောအတတ်သည်တို့သည် ရှိပါကုန်၏။။ ဤအတတ်သည် တို့ကားအဘယ်နည်း?

ဆင်စီးသူရဲများ၊ မြင်းစီးသူရဲများ၊ ရထားစီးသူရဲများ၊ လေးသည်များ၊ အောင်လံကိုင်များ၊ စစ်ဆင်သူများ၊ တစ်ဖက်စစ်တပ်သို့ ဝင်၍ ဦးခေါင်းများကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူများ၊ (စစ်၌)ထူးချွန်ကျော်စောသော မင်းသားများ၊ တစ်ဟုန်တည်း ပြေးဝင် (စစ်ထိုး)နိုင်သူများ၊ ဆင်ပြောင်ကြီး ကဲ့သို့သော သူရဲများ၊ လွန်စွာရဲရင့်သူများ၊ ချပ်ဝတ်သူရဲများ၊ ကျွန်ယုံတော်များ၊ ထမင်းချက်သူများ၊ ဆတ္တာသည်များ၊ ရေချိုးပေးသူများ၊ စဖိုသည်များ၊ ပန်းကုံးသူများ၊ ခဝါသည်များ၊ ရက်ကန်းသည်များ၊ ကျူထရံသည်များ၊ အိုးထိန်းသည်များ၊ ဂဏန်းတတ်သူများ၊ လက်ချိုးရေတွက်တတ်သူများ၊ ထိုမှ တစ်ပါးလည်း ဤနှင့်အလားတူ များစွာသောအတတ်သည်တို့ ရှိပါကုန်သေး၏၊

ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် မိမိကိုယ်တိုင် သိမြင်ရသော အတတ်၏အကျိုးကို မှီ၍ အသက်မွေးပါကုန်၏၊

ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊

---

## သာမညဖလဟူသည်

သမဏ+ဘာဝပုဒ်မှ-'သာမည'ဟု ဖြစ်လာ၏။ ဖလ-သဒ္ဒါက အကျိုးကို ဟော၏။ 'ရဟန်းအဖြစ်၏အကျိုး'ဟု အဓိပ္ပါယ်ရ၏။ ထိုအဓိပ္ပါယ်မှာ ပညတ် အဓိပ္ပါယ်မျှ ဖြစ်၏။ ပရမတ်အဓိပ္ပါယ်အဖွင့်ကို အဋ္ဌကထာ၌ ဤသို့ ပြ၏။

**သာမညဖလန္တိစ္ဆေ**-ပရမတ္ထတော **မဂ္ဂေါ သာမညံ**။ အရိယဖလံ **သာမည ဖလံ**။ ပရမတ်အားဖြင့် မဂ်(၄)ပါးသည် '**သာမည**'မည်၏။ ဖိုလ်(၄)ပါးကား '**သာမညဖလ**'မည်၏။ ထို့ကြောင့် ရဟန်းအဖြစ်ဟူသည် ပရမတ်အားဖြင့် မဂ်(၄)ပါး နှင့်ပြည့်စုံမှုကိုလည်းကောင်း၊ အကျိုးတရားဟူသည် ဖိုလ်(၄)ပါးနှင့်ပြည့်စုံခြင်းကိုလည်း ကောင်း ဆိုလိုပေသည်။ (သီ၊ ဠ၁၄၃)

http://www.dhammadownload.com



(အားအင်)ပြည့်ဖြိုးစေပါကုန်၏၊ အမိအဖတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ သားမယား တို့ကို ချမ်းသာ စေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်)ပြည့်ဖြိုး စေပါကုန်၏၊ အထက်ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းကျိုးကိုဖြစ်စေတတ်သော မွန်မြတ်သောအကျိုးကို ဖြစ်စေတတ်သောအလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါကုန်၏။

ဘုရင်။ 'သက္ကာ နုခေါ မေ ဘန္တေ၊ ဧဝမေဝ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမည ဖလံ ပညပေတု'န္တိ?

"ဤအတတ်တို့၏အကျိုးနှင့်တူစွာ မျက်မှောက် ဘဝ၌ပင်ကိုယ်တိုင် သိမြင်ရသောရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလောဘုရား"

ဗုဒ္ဓ။ "မင်းကြီး သင်သည် တစ်ပါးသော သမဏဗြာဟ္မဏတို့အား ဤ ပြဿနာမျိုး မေးဖူးသည်ကို မှတ်မိပါ၏လော"။

ဘုရင်။ "အကျွန်ုပ်သည် တစ်ပါးသောသမဏဗြာဟ္မဏတို့အား ဤ ပြဿနာ မေးဖူးသည်ကို မှတ်မိပါသည် အရှင်ဘုရား"။

ဗုဒ္ဓ။ "မင်းကြီး ထိုသမဏဗြာဟ္မဏတို့က အဘယ်သို့ ဖြေကြားကုန်သနည်း၊ အကယ်၍ သင့်အားဝန်မလေးမူ ပြောကြားလော့"။

ဘုရင်။ "မြတ်စွာဘုရားကဖြစ်စေ မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်စေ

---

အဇာတသတ်မင်းသည်ကား ထိုပရမတ်အဓိပ္ပါယ်ကို မသိ။ ရှေး၌ ဆိုလတ္တံ့သော ကျွန်ဥပမာလာ ရဟန်းအကျိုးမျှကိုသာ ရည်ရွယ်၍ မေးခြင်း ဖြစ်၏။

မြတ်စွာဘုရားက သာမညဖလ၏အဓိပ္ပါယ်ကို ဤသို့ ဟောတော်မူ၏။ 'ကတမဉ္စ ဘိက္ခဝေ သာမညံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ။ပ။ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သာမညံ။ ကတမာနိစ ဘိက္ခဝေ သာမညဖလံ။ 'သောတာပတ္တိ ဖလံ။ပ။ အရဟတ္တဖလ'န္တိ။ (သီ၊ဋ္ဌ၊ ၁၄၃။ သံ၊ နိ-ပါဠိတော်၊ ၅)

http://www.dhammadownload.com



ထိုင်နေရာအရပ်၌ အကျွန်ုပ်အား ဝန်မလေးပါ အရှင်ဘုရား''။

ဗုဒ္ဓ။ ''မင်းကြီး သို့ဖြစ်လျှင် ပြောကြားလော့''။

## ပူရဏကဿပ၏ အယူဝါဒ

အရှင်ဘုရား အခါတစ်ပါး၌ အကျွန်ုပ်သည် ပူရဏကဿပထံသို့ ချဉ်းကပ်၍ ပူရဏကဿပနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တစ်ခုသောနေရာ၌ ထိုင်လျက် ပူရဏကဿပအား ဤပြဿနာကို မေးဖူးပါ၏။

ဘုရင်။ ''အရှင်ကဿပ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။

ဤအတတ်သည်တို့ကား အဘယ်နည်း?

ဆင်စီးသူရဲများ၊ မြင်းစီးသူရဲများ၊ ရထားစီးသူရဲများ၊ လေးသည်များ၊ အောင်လံကိုင်များ၊ စစ်ဆင်သူများ၊ တစ်ဖက်စစ်တပ်သို့ ဝင်၍ ဦးခေါင်းများကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူများ၊ (စစ်၌)ထူးချွန်ကျော်စောသော မင်းသားများ၊ တစ်ဟုန်တည်း ပြေးဝင် (စစ်ထိုး) နိုင်သူများ၊ ဆင်ပြောင်ကြီးကဲ့သို့သော သူရဲများ၊ လွန်စွာရဲရင့်သူများ၊ ချပ်ဝတ်သူရဲများ၊ ကျွန်ယုံတော်များ၊ ထမင်းချက်သူများ၊ ဆတ္တာသည်များ၊ ရေချိုးပေးသူများ၊ စဖိုသည်များ၊ ပန်းကုံးသူများ၊ ခဝါသည်များ၊ ရက်ကန်းသည်များ၊ ကျူထရံသည်များ၊ အိုးထိန်းသည်များ၊ ဂဏန်းတတ်သူများ၊ လက်ချိုးရေတွက်တတ်သူများ၊ ထိုမှတစ်ပါးလည်း ဤနှင့်အလားတူ များစွာသောအတတ်သည်တို့ ရှိပါကုန်သေး၏၊

ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် မိမိကိုယ်တိုင် သိမြင်ရသော အတတ်၏အကျိုးကို မှီ၍ အသက်မွေးပါကုန်၏။

ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊ (အားအင်)ပြည့်ဖြိုးစေပါကုန်၏၊ အမိအဖတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ သားမယား တို့ကို ချမ်းသာ စေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေပါကုန်၏၊

http://www.dhammadownload.com



(အားအင်)ပြည့်ဖြိုး စေပါကုန်၏၊ အထက်ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းကျိုးကိုဖြစ်စေတတ်သော မွန်မြတ်သောအကျိုးကို ဖြစ်စေတတ်သောအလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤ (အတတ်တို့၏အကျိုး)နှင့်တူစွာ မျက်မှောက် ဘဝ၌ပင်ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြခြင်းငှါ တတ်နိုင်ပါသလောအရှင်ကဿပ''ဟု မေးဖူးပါ၏။

ဤသို့မေးသော် ပူရဏကဿပသည် 'အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည်အရှင်ဘုရား။

**ပူရဏ။** ''မင်းကြီး ပြုသူ၊ပြုစေသူ၊ ဖြတ်သူ၊ဖြတ်စေသူ၊ နှိပ်စက်သူ၊ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ၊ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ၊ ပြုစေသူ၊ တုန်လှုပ်သူ၊တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ(သတ်စေသူ)၊ ခိုးယူသူ(ခိုးယူစေသူ) အိမ်ကို ဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ) (ရွာကို) တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ)တစ်အိမ်တည်းကို တိုက်ခိုက်လုယူသူ (တိုက်ခိုက် လုယူစေသူ) ခရီးလမ်း၌ စောင့်၍ လုယက်သူ (လုယူစေသူ) သူ့မယားကို သွားလာသူ (သွားလာစေသူ) မမှန်စကားကို ပြောသူ (ပြောစေသူ)များသည် မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းဓားစက်ဖြင့် တစ်ခုတည်းသော အသားစု အသားပုံဖြစ်အောင် အကယ်၍ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှုဖြစ်ခြင်း မရှိ။ ဂင်္ဂါမြစ်၏တောင်ဘက်ကမ်း၌နေသောသူသည်လည်း အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက်နှိပ်စက်လျက်၊ နှိပ်စက်စေလျက် သွားစေကာမူ ထို (သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှု၊ ဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏မြောက်ဘက်ကမ်း၌နေသောသူသည်လည်း လှူလျက်၊လှူစေလျက် ပူဇော်လျက်၊ပူဇော်စေလျက် သွားစေကာမူ ထို (လှူခြင်းစသော) အကြောင်းကြောင့် ကောင်းမှုမရှိ၊ကောင်းမှု ဖြစ်ခြင်းမရှိ၊ အလှူပေးခြင်း ဣန္ဒြေကို

http://www.dhammadownload.com



ဆုံးမခြင်း သီလစောင့်စည်းခြင်း၊ အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှု ဖြစ်ခြင်းမရှိ''ဟု ပြောဆိုပါသည်။

အရှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပူရဏကဿပသည် အကျွန်ုပ်အား ဤသို့ 'ကံမဲ့ဝါဒ' ကို ဖြေကြားပါ၏၊ အရှင်ဘုရား သရက်ပင်ကိုမေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့လည်း

## ပူရဏကဿပ၏အကြံယဝါဒ

မကောင်းမှုဒုစရိုက်မှန်သမျှကို 'ကရောတော-ပြုသူ၊ ကာရယတော-ပြုခိုင်းသူတို့အား **နကရီယတိ ပါပံ**' မကောင်းမှုကို ပြုသည်မမည်။ သူ့သက်သတ်မှု၊ ဥစ္စာခိုးမှု၊ လိမ်ညာမှုစသောမကောင်းမှုပြုတိုင်း၌လည်း '**နတ္ထိ တတော နိဒါနံ ပါပံ**' ထိုသို့ ပြုခြင်းကြောင့် မကောင်းမှုမဖြစ်'။ '**နတ္ထိ ပါပဿ အာဂမော**' မကောင်းမှု ရောက်မလာနိုင်။

ကောင်းမှုသုစရိုက်မှန်သမျှကိုလည်း '**ကရောတော**-ပြုသူ၊ **ကာရယတော**-ပြုခိုင်းသူတို့အား **နကရီယတိ ပုညံ**' ကောင်းမှုကို ပြုသည်မမည်။ အလှူပေးခြင်း 'ဒါန'၊ ဣန္ဒြေကိုစောင့်စည်းခြင်း 'ဒမ'၊ သီလစောင့်စည်းခြင်း '**သံယမ**'၊ မှန်သောစကားကိုဆိုခြင်း '**သစ္စာ**' စသော ကောင်းမှုပြုတိုင်း၌လည်း '**နတ္ထိ တတော နိဒါနံ ပုညံ**' ထိုသို့ ပြုခြင်းကြောင့် ကောင်းမှုမဖြစ်'။ '**နတ္ထိ ပုညဿ အာဂမော**' ကောင်းမှု ရောက်မလာနိုင်။

ဂင်္ဂါမြစ်တောင်ဘက်ကမ်းသားတို့သည် ရက်စက်ကြမ်းကြုတ်ကြသဖြင့် မကောင်းမှုကိစ္စအတွက် ညွှန်ပြသည်။ ဂင်္ဂါမြစ်မြောက်ဘက်ကမ်းသားတို့ကား သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကြည်ညိုသောကြောင့် ကောင်းမှုကိစ္စအတွက် ညွှန်ပြသည်။

အကြံယ- 'ကောင်းမှုပြုပြု၊ မကောင်းမှုလုပ်လုပ်၊ ပြုလုပ်ရာမရောက်၊ ပြုသည်မမည်'ဟု၊ ဝါဒ- 'ပြောဆိုကြောင်းအယူ'။ ကုသိုလ်ကံ၊ အကုသိုလ်ကံနှစ်မျိုးကို တားမြစ်ပိတ်ပင်သောဝါဒဖြစ်သဖြင့် '**ကံမဲ့ဝါဒ**'ဟု ခေါ်သည်။

ပူရဏကဿပကား သတ်မှုစသောမကောင်းမှု၊ လှူမှုစသောကောင်းမှုတို့သည် ခန္ဓာကိုယ်ပေါ်မှာသာ ကျရောက်နိုင်၏။ ထိနိုင်၏။ အတွင်းအတွက်ကို မထိရောက်နိုင်။ ခန္ဓာကိုယ်ကြီးကား ထင်းတုံးကဲ့သို့ အသုံးမဝင်။ ဒြပ်ဝတ္ထုတစ်ခုသာ ဖြစ်၏။ ထိုသို့ ကိုယ်တွင်းအတွက်၌ မထိရောက်နိုင်သဖြင့် မည်သည့်အမှုပြုပြု၊ ပြုတုန်း၌ ပြုသည်ဆိုရသော်လည်း 'ပြုပြီးပြီးရော၊ ဘာမျှမကျန်ရစ်'ဟု ယူဆမှု ဖြစ်လေ၏။

http://www.dhammadownload.com



ကောင်း၊ တောင်ပိန္နဲပင်ကိုမေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့လည်းကောင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပူရဏကဿပသည် အကျွန်ုပ်အား 'ကံမဲ့ဝါဒ'ကို ဖြေကြားပါ၏။

အရှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏။

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသောသမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည်ဟု အဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း" ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် ပူရဏကဿပ ပြောသောစကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ။ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားဘဲ နေရာမှထကာ ပြန်ခဲ့ပါသည်။

## မက္ခလိဂေါသာလ၏ အယူဝါဒ

အရှင်ဘုရား အခါတစ်ပါး၌ အကျွန်ုပ်သည် မက္ခလိဂေါသာလထံသို့ ချဉ်းကပ်၍ မက္ခလိဂေါသာလနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ထိုင်လျက် မက္ခလိဂေါသာလအား ဤပြဿနာကို မေးဖူးပါ၏။

ဘုရင်။ "အရှင်ဂေါသာလ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ (ပ) ဤ (အတတ်တို့၏အကျိုး)နှင့် တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အရှင်ဂေါသာလ" ဟု မေးဖူးပါ၏။ ဤသို့ မေးသော်လည်း မက္ခလိဂေါသာလသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည်။

ဓါ။ "မင်းကြီး သတ္တဝါတို့ ညစ်ညူးရန်အကြောင်းသည်မရှိ၊ အထောက်အပံ့သည်မရှိ၊ အကြောင်းမရှိအထောက်အပံ့မရှိဘဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏၊ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် မရှိ၊

http://www.dhammadownload.com



အထောက်အပံ့သည်မရှိ၊ အကြောင်းမရှိ၊ အထောက်အပံ့မရှိဘဲသတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ မိမိ ပြုလုပ်မှုသည်မရှိ၊ သူတစ်ပါးတို့ ပြုလုပ်ပေးမှုသည် မရှိ၊ ယောကျ်ားတို့ ပြုလုပ်မှုသည် မရှိ၊ ခွန်အားသည် မရှိ၊ လုံ့လသည် မရှိ၊ ယောကျ်ားတို့ စွမ်းအားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည် မရှိ၊ အလုံးစုံသောသတ္တဝါ၊ အလုံးစုံသော သက်ရှိသတ္တဝါ၊ အလုံးစုံသော ထင်ရှား ဖြစ်သောသတ္တဝါ၊ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းမရှိကုန်၊ ခွန်အား မရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း၊ ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူး(၆)မျိုးတို့၌သာလျှင် ချမ်းသာဆင်းရဲကို ခံစားကုန်၏၊

ဤ(၁၄၀၆၆၀၀)သော အဓိကသတ္တဝါမျိုးများ၊ (၅၀၀)သောကံများ (၅)ပါးသောကံများ၊ (၃)ပါးသောကံများ၊ ပြည့်သော ကံများ၊ ထက်ဝက်သောကံများ၊ (၆၂)ပါးသောအကျင့်များ၊ (၆၂)ပါးသော

---

**မက္ခလိဂေါသာလ၏အဟေတုကဝါဒ**

သတ္တဝါအားလုံးတို့အား ညစ်နွမ်းခြင်း၊ ဖြူစင်ခြင်းဖြစ်ဖို့ရာ အကြောင်းသည် မရှိ။ '**နတ္ထိ ဟေတု၊ နတ္ထိ ပစ္စယော၊ သတ္တာနံ သံကိလေသာယ၊ ဝိသုဒ္ဓါယ**'။ သတ္တဝါတို့သည် အကြောင်းကင်းလျက် '**အဟေတူ အပစ္စယာ သတ္တာ သံကိလိဿန္တိ၊ ဝိသုဇ္ဈန္တိ**' ညစ်နွမ်းခြင်း၊ ဖြူစင်ခြင်းတို့ ဖြစ်ကုန်၏။

**သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ**၊ သတ္တဝါအားလုံးတို့သည်။ **အဗလာ**၊ စွမ်းအားမရှိဘဲ။ **အဝီရိယာ**၊ အားထုတ်မှုမပါဘဲ။ **နိယတိ,သင်္ဂတိဘာဝ, ပရိဏတာ**၊ မြဲသော ပေါင်းဆုံခြင်း မူလသဘောအတိုင်း ထူးခြားကွဲလွဲမှုများ ဖြစ်ပေါ်ကြရကုန်၏။

အမြဲဖြစ်ရသော နိယာမခေါ် ဓမ္မတာသဘောကို '**နိယတိ**' ခေါ်၏။ သူ့သဘာဝအတိုင်းဖြစ်ရမှုကို '**ဘာဝ**' ခေါ်၏။ ထို့ကြောင့် လူနှင့်တိရစ္ဆာန်၊ လူကောင်း လူဆိုး၊ မိန်းမယောကျ်ားတို့သည် '**သဘာဝနိယာမ**'၏ ဖန်တီးမှုသာဖြစ်၍ လူသားတို့ အနေဖြင့် ဘာတစ်ခုကိုမျှ ပြုပြင်ဖန်တီးယူနိုင်ခွင့် မရှိဟု ဆိုလိုသည်။

ဤမက္ခလိဆရာကြီးကား သတ္တဝါတိုင်း သံသရာ၌ ကမ္ဘာပေါင်း(၈၄)သိန်း အတိအကျ ကျင်လည်ရမည်၏ဟု ဆိုထားသဖြင့် ကံအစွမ်းလည်းမရှိ။ အကျိုးလည်း မရှိဟု ကံနှင့်အကျိုးနှစ်မျိုးလုံးကို တိုက်ရိုက်ပယ်ရာ ရောက်ပေ၏။(သီ၊ဋ္ဌ၊၁၄၆)

http://www.dhammadownload.com



အန္တရကပ်များ၊ (၆)မျိုးသော ဓာတ်အထူးများ၊ (၈)ပါးသော ယောကျ်ားတို့၏ အရွယ်များ၊ (၄၉၀၀)သော အသက်မွေးမှုများ၊ (၄၉၀၀)သော ပရိဗိုဇ်များ၊ (၄၉၀၀)သော နဂါးတို့နေရာများ၊ (၂၀၀၀)သော ဣန္ဒြေများ၊ (၃၀၀၀)သောငရဲများ၊ (၃၆)မျိုးသော မြူဓာတ်(တည်ရာ)များ၊ (၇)မျိုးသော သညာရှိပဋိသန္ဓေများ၊ (၇)မျိုးသောသညာမဲ့ ပဋိသန္ဓေများ၊ (၇)မျိုးသော အဆစ်ပဋိသန္ဓေများ၊ (၇)မျိုးသောနတ်များ၊ (၇)မျိုးသော လူများ၊ (၇)မျိုးသော မြေဖုတ်ဘီလူးများ၊ (၇)ခုသောအိုင် ကြီးများ၊ (၇)ခုသော အဖုကြီးများ၊ (၇၀၀)သောအဖုငယ်များ၊ (၇)ခုသော ချောက်ကြီးများ၊ (၇၀၀)သော ချောက်ငယ်များ၊ (၇)ခုသော အိပ်မက်ကြီးများ၊ (၇၀၀)သော အိပ်မက်ငယ်များ၊ (၈၄၀၀၀၀၀)သောမဟာကပ်များ ရှိကုန်၏။

ယင်းမဟာကပ်တို့ပတ်လုံး၌ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ၊ (တစ်ဘဝမှတစ်ဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့၊ ထိုအတွင်း (ဆင်းရဲကုန်ဆုံးခြင်း)မရှိ။

'ငါသည် ဤသီလဖြင့်သော်လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့်သော်လည်းကောင်း၊ ဤခြိုးခြံမှုဖြင့်သော်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့်သော် လည်းကောင်း၊ မရင့်သေးသောကံကိုမူလည်း ရင့်စေမည်၊ ရင့်ပြီးသောကံကိုမူလည်း တွေ့၍၊တွေ့၍ ပျက်စီးစေမည်' ဟု ဤသို့ (ပြုပြင်နိုင်ခြင်းမရှိ)။

ချမ်းသာဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏၊ သံသရာသည် အပိုင်းအခြား ပြုထားပြီးဖြစ်၏။ အတိုး၊အဆုတ် မရှိ၊ အလွန်၊ အယုတ်မရှိ၊ "**ချည်လုံးကို ပစ်လိုက်သော် (ချည်ရှိသရွေ့သာ) ပြေလျက် ပြေးသွားသကဲ့**"သို့ ဤအတူ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ (တစ်ဘဝမှ တစ်ဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့."ဟု ပြောဆိုပါသည်။

http://www.dhammadownload.com



အရှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် မက္ခလိဂေါသာလသည် အကျွန်ုပ်အား ဤသို့ ''သံသရာမှ စင်ကြယ်ခြင်း'' ကို ဖြေကြားပါ၏၊ အရှင်ဘုရား သရက်ပင်ကိုမေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့လည်းကောင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက်မက္ခလိဂေါသာလသည် အကျွန်ုပ်အား သံသရာမှ စင်ကြယ်ခြင်းကို ဖြေကြားပါ၏၊

အရှင်ဘုရားအကျွန်ုပ်အား ''ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသောသမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည် ဟု အဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း''ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် မက္ခလိဂေါသာလ ပြောသော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားဘဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

## အဇိတကေသကမ္ဗလ၏အယူဝါဒ

အရှင်ဘုရား အခါတစ်ပါး၌ အကျွန်ုပ်သည် အဇိတကေသကမ္ဗလ ထံသို့ ချဉ်းကပ်၍ အဇိတကေသကမ္ဗလနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ထိုင်လျက် အဇိတကေသကမ္ဗလအား ဤပြဿနာကို မေးဖူးပါ၏။

ဘုရင်။ ''အရှင်အဇိတ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏ ။ ပ။ ဤ (အတတ်တို့၏ အကျိုး)နှင့် တူစွာမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါ သလော အရှင်အဇိတ'' ဟု မေးဖူးပါ၏။ ဤသို့ မေးသော် အဇိတ

http://www.dhammadownload.com



ကေသကမ္ဗလသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အရှင်ဘုရား။

**အဇိတ။** ''မင်းကြီး ပေးလှူခြင်းသည် မရှိ။ ယဇ်ပူဇော်ခြင်းသည်မရှိ။ ဟူး ပူဇော်ခြင်းသည် မရှိ၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တစ်ပါးသော လောကသည်မရှိ။ အမိ သည်မရှိ၊ အဖသည်မရှိ၊ သေ၍ တစ်ဖန်ဖြစ်သောသတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်းကောင်း၊တစ်ပါးသောလောကကိုလည်း

---

**အဇိတကေသကမ္ဗလ၏'နတ္ထိကဝါဒ'**

အဇိတဆရာကြီးသည် အကျိုးမရှိဟု အကျိုးကိုပယ်သော 'နတ္ထိကဝါဒ' မိစ္ဆာအယူကို ယူ၏။ ထိုနတ္ထိကမိစ္ဆာဒိဋ္ဌိ(၁၀)မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ **နတ္ထိ ဒိန္နံ**- အလှူ၏အကျိုးသည် မရှိ။

၂။ **နတ္ထိ ယိဋ္ဌံ**-ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးမရှိ။

၃။ **နတ္ထိ ဟုတံ**-ယဇ်ငယ်ပူဇော်ခြင်းသည် အကျိုးမရှိ။

၄။ **နတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော**- ကုသိုလ်ကံ၊အကုသိုလ် ကံတို့၏အကျိုးသည် မရှိ။

၅။ **နတ္ထိ အယံလောကော**- ဤလောကဟုဆိုစရာလည်း မရှိ။

၆။ **နတ္ထိ ပရောလောကော**- အခြားဘဝဟုဆိုစရာလည်း မရှိ။

၇။ **နတ္ထိ မာတာ**- အမေ မရှိ။

၈။ **နတ္ထိ ပိတာ**- အဖေ မရှိ။

၉။ **နတ္ထိ သတ္တာ ဩပပါတိကာ**- ဖြစ်ဆဲဘဝပြီးပြတ်ပြီးနောက် တခြားဘဝ ကိုယ်ထင်ရှားဖြစ်သောသတ္တဝါမရှိ။ (တစ်ဘဝကုန်ဆုံးလျှင် ပြတ်ပြီဟုယူမှု)

၁၀။**နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ၊ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စလောကံ၊ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။**

ဤဘဝကိုလည်းကောင်း၊ တခြားဘဝကိုလည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၊ သူတစ်ပါးတို့အား သိစေနိုင်အောင် အကျင့်ပဋိပတ်ရှိသည့် ရဟန်းပုဏ္ဏားတို့သည် မရှိ။ (ဘုရား၊ရဟန္တာစသော ပုဂ္ဂိုလ်ထူးများ မရှိနိုင်ဟူ၍ သူတော်ကောင်းတို့ကို ပုတ်ခတ်သောစကားမျိုး ဖြစ်တည်း။)

http://www.dhammadownload.com



ကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သောအရိယမဂ်သို့ ရောက်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်။

ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏၊ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏၊ရောက်၏၊ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏၊ ရောက်၏၊ နာမ်က္ခန္ဓာတို့သည်ကောင်းကင်သို့ ပြောင်းရွှေ့ ကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောကျ်ားတို့သည် သူသေကောင်ကိုယူ၍ သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေ

---

'ပေးလှူခြင်း မရှိ'ဟူသည် ပေးလှူခြင်း၏အကျိုးကို ဆိုလိုသည်။ အလှူမဏ္ဍပ်တို့ဖြင့် ကြီးစွာပူဇော်လှူဒါန်းမှုမျိုးတို့ကို 'ယဉ်ကြီး'ဟု ခေါ်၏။ ဧည့်သည်စသူတို့အား ပြုစုလှူဒါန်းမှုတို့ကို 'ယဉ်ငယ်'ဟု ခေါ်၏။ ထိုမှတစ်ပါးရဟန်းပုဏ္ဏားစသူတို့အားလှူမှုတို့ကို 'ဒိန္န'ဟု ဆိုလိုသည်။ အမိသည်မရှိ စသည်ဆိုရာ၌လည်း အမိ၌ ကောင်းစွာပြုအပ်၊မကောင်းစွာပြုအပ်သော အကျိုးမရှိဟု ဆိုလိုသည်။

အဇိတ၏အယူ၌'သတ္တဝါဟုဆိုသော ကိုယ်ကောင်သည် နဂိုရ်ကပင် အပြင်အပ၌ အမြဲရှိနေသော ဓာတ်ကြီး(၄)ပါးနှင့် က္ခန္ဓာ(၆)ပါး စုပေါင်းထားသော အထည်ကိုယ်ဒြပ် ဖြစ်၏။ သေသောအခါ ထိုဓာတ်ကြီး(၄)ပါးသည် နဂိုရ်မူလက ခွဲထွက်လာရာ ဓာတ်အစုအဝေးသို့သာ ပြန်သွား၏။ က္ခန္ဓာ(၆)ပါးတို့ကား နဂိုရ်တည်ရာ ကောင်းကင်သို့ ရွှေ့ပြောင်းကြ၏။ ထိုသို့ပြောင်းရွှေ့သွားသောအခါ ဤကိုယ်ကောင်ကြီး သေပြီဟု ဆိုရ၏'ဟု ဆိုလိုသည်။ သတ္တဝါ၏မျိုးရိုးဗီဇအစကို ရှာဖွေစီစစ်သူတို့အား ဖြစ်လေ့သဘောရှိသော မိစ္ဆာဝါဒမျိုး ဖြစ်၏။ ကြောက်ဖွယ်ကောင်းလှ၏။

အဇိတဆရာကြီးသည် အကျိုးမရှိဟု အကျိုးကိုပယ်သဖြင့် အကြောင်းကံတို့သည်လည်း အကျိုးပေးနိုင်မှုသတ္တိမရှိဟု ပယ်ရာရောက်သောကြောင့် 'ကံနှင့်အကျိုး' နှစ်မျိုးလုံးကို ပယ်ပြီး ဖြစ်တော့သည်။

http://www.dhammadownload.com



ကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည် (ပေးလှူခြင်းစသည်) ရှိ၏ ဟူသော ဝါဒကို ဟောပြောကုန်၏၊ ထိုသူတို့၏ စကားသည် အချည်းနှီး ဖြစ်၏၊ မှားယွင်း၏၊ ယောင်ယမ်းပြောဆို သောစကားဖြစ်၏၊ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ၊ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏၊ ပျက်စီး ကုန်၏၊ သေသည်မှ နောက်၌ မရှိကုန်'' ဟု ပြောဆိုပါသည်။

အရှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် အဇိတကေသကမ္ဗလသည် အကျွန်ုပ်အား ဤသို့ ''**ပြတ်စဲဝါဒ**''ကို ဖြေကြားပါ၏။ အရှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ လည်းကောင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါ လျက် အဇိတကေသကမ္ဗလသည် အကျွန်ုပ်အား ပြတ်စဲဝါဒကို ဖြေကြားပါ၏။

အရှင်ဘုရား အကျွန်ုပ်အား ''ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသောသမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည် ဟုအဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း'' ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် အဇိတကေသကမ္ဗလ ပြောသောစကားကို နှစ်လည်း မနှစ် သက်ခဲ့ပါ၊ ပယ်လည်းမပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့၊ မပယ်ခဲ့မူ၍ နှလုံးမသာ သော်လည်း နှလုံးမသာသော စကားကိုမမြွက်ဆိုမူ၍ ထိုစကားကို မနာယူ၊ မမှတ်သားဘဲ နေရာမှထကာ ပြန်ခဲ့ပါသည်။

## ပကုဓကစ္စာယန၏ အယူဝါဒ

အရှင်ဘုရား အခါတစ်ပါး၌ အကျွန်ုပ်သည် ပကုဓကစ္စာယနထံသို့ ချဉ်းကပ်၍ ပကုဓကစ္စာယနနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကိုပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ထိုင်လျက် ပကုဓကစ္စာယနအား ဤပြဿနာကို မေးဖူးပါ၏။

http://www.dhammadownload.com



ဘုရင်။ “အရှင်ကစ္စာယန များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ ပ။ ဤ(အတတ်တို့၏အကျိုး)နှင့်တူစွာ မျက်မှောက်ဘဝ၌ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြခြင်းငှါ တတ်နိုင်ပါသလော အရှင် ကစ္စာယန”ဟု မေးဖူးပါ၏။ ဤသို့မေးသော် ပကုဓကစ္စာယနသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည်အရှင်ဘုရား။

ပကုဓ။ “မင်းကြီး၊ ဤ(၇)ပါးသောအစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်။ ပြုလုပ်ထားစေသည် မဟုတ်ကုန်။ ဖန်ဆင်းထားသည် မဟုတ်ကုန်။ ဖန်ဆင်းထားစေသည်မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်လည်းကောင်း ဆင်းရဲရန်လည်းကောင်း ချမ်းသာ ဆင်းရဲရန်လည်းကောင်း မတတ်နိုင်ကုန်။ (၇)ပါးတို့ဟူသည် အဘယ်နည်း?။ မြေအစု၊ ရေအစု၊ မီးအစု၊လေအစု၊ချမ်းသာ၊ဆင်းရဲ၊

---

## ပကုဓကစ္စာယန၏'အကတ္တဝါဒ'

ပကုဓဆရာကြီးကား သူ့သဘာဝအလျောက် တည်မြဲစွာဖြစ်ပေါ်သော **'ကာယ'**(၇)မျိုးသာ ဖြစ်၏။ မည်သူမျှ တစ်စုံတရာ ပြုလုပ်ဖန်တီးနိုင်ခြင်းမရှိဟူသော **'အကတ္တဝါဒ'** မိစ္ဆာအယူ ရှိ၏။

ထိုကာယ(၇)ပါးမှာ **'မြေအစု၊ ရေအစု၊ မီးအစု၊လေအစု၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်ဇီဝ'**တို့တည်း။ ထို(၇)ပါးမှာ ပြုလုပ်ထားမှုမျိုးလည်း မဟုတ်။ ပြုနိုင်စွမ်းရှိသည်လည်း မဟုတ်။ အမြုံမသဖွယ် ဖြစ်၏၊ တောင်ထွတ်ကဲ့သို့ ခိုင်မြဲစွာ တည်၏၊ တံခါးတိုင်ကဲ့သို့ ယိမ်းယိုင်ခြင်းလည်း မရှိ။

ထိုကာယ(၇)ခုတို့၌ ပြုနိုင်သူလည်း မရှိ။ ပြုခိုင်းနိုင်သူလည်း မရှိ။ သိနိုင်သူလည်းမရှိ။ သိအောင်ခိုင်းစေသူလည်းမရှိ။ အကယ်၍ တစ်စုံတစ်ယောက်က ဓားလက်နက်ဖြင့် ထိုးသတ်သော်လည်း ထိုကာယ(၇)ခုကြားထဲသို့သာ ရောက်၏။ သတ်မှုကံစသည်တို့ဖြင့် အကျိုးသက်ရောက်မှုတို့မရှိနိုင်ဟု ယူသော **'အကတ္တ'**မိစ္ဆာဝါဒ ဖြစ်၏။

http://www.dhammadownload.com



ခုနစ်ခုမြောက်အသက်တို့တည်း။

ဤခုနစ်ပါးသော အစုတို့သည်ပြုလုပ်ထားသည်မဟုတ်ကုန်။ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် မဟုတ်ကုန်၊ ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့ တည်ကုန်၏၊

ထိုအစုတို့သည် မတုန်လှုပ်ကုန်၊မဖောက်ပြန်ကုန်၊အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန် လည်းကောင်း၊ ဆင်းရဲရန် လည်းကောင်း၊ ချမ်းသာဆင်းရဲရန် လည်းကောင်းမတတ်နိုင်ကုန်။ ထိုအစုတို့၌ သတ်သူ၊သတ်စေသူ၊ ကြားသူ၊ကြားစေသူ၊သိသူ၊ သိစေသူများ မရှိကုန်။ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကိုဖြတ်စေကာမူ၊ တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်ကို သတ်သည် မမည်၊ လက်နက်သည် ခုနစ်ပါးသော အစုတို့၏အကြား ဟင်းလင်းသို့ ကျရောက်၏''ဟုပြောဆိုပါသည်။

အရှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပကုဓကစ္စာယနသည် အကျွန်ုပ်အား ဤသို့ ''အကြောင်းအရာတစ်ပါးဖြင့် အကြောင်းအရာတစ်ပါး''ကို ဖြေကြားပါ၏၊ အရှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ လည်းကောင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုမေးပါလျက် ပကုဓကစ္စာယနသည် အကျွန်ုပ်အား အကြောင်းအရာတစ်ပါးဖြင့် အကြောင်းအရာတစ်ပါးကို ဖြေကြားပါ၏။

အရှင်ဘုရား အကျွန်ုပ်အား ''ငါကဲ့ သို့သော မင်းသည် နိုင်ငံတော်၌ နေသောသမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲ သင့်သည် ဟုအဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း'' ဟုအကြံ ဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် ပကုဓကစ္စာယနပြောသော စကားကို

http://www.dhammadownload.com



နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားဘဲ နေရာမှထကာ ပြန်ခဲ့ပါသည်။

## နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ

အရှင်ဘုရား အခါတစ်ပါး၌ အကျွန်ုပ်သည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်၍ နိဂဏ္ဌနာဋပုတ္တနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ထိုင်လျက် နိဂဏ္ဌနာဋပုတ္တအား ဤပြဿနာကို မေးဖူးပါ၏။

ဘုရင်။ "အရှင်အဂ္ဂိဝေဿန များစွာသော အတတ်သည်တို့သည်ရှိပါကုန်၏၊ ။ပ။ ဤ(အတတ်တို့၏အကျိုး)နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြခြင်းငှါ တတ်နိုင်ပါသလော အရှင်အဂ္ဂိဝေဿန"ဟု မေးဖူးပါ၏။ ဤသို့ မေးသော် နိဂဏ္ဌနာဋပုတ္တသည်အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အရှင်ဘုရား။

နိဂဏ္ဌ။ "မင်းကြီး ဤလောက၌ နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏၊ မင်းကြီးနိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် အဘယ်သို့ စောင့်စည်းသနည်း?

ဤလောက၌ နိဂဏ္ဌသည် အလုံးစုံသော ရေအေးကို တားမြစ်၏၊ မကောင်းမှုကို အလုံးစုံတားမြစ်၏၊ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် ပယ်ခွါပြီး ဖြစ်၏၊ မကောင်းမှုကို အလုံးစုံတားမြစ်ခြင်းဖြင့် လွတ်မြောက်ရာကို တွေ့ပြီး ဖြစ်၏၊ မင်းကြီး ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော ဤနိဂဏ္ဌ နာဋပုတ္တကို အထွတ်အထိပ်သို့ရောက်သောစိတ်ရှိသူ၊ စောင့်စည်းသော စိတ်ရှိသူ၊တည်ကြည်သောစိတ်ရှိသူဟု ဆိုအပ်၏"ဟုပြောဆိုပါသည်။

http://www.dhammadownload.com



ဘုရင်။ အရှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟာန်းဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား ဤသို့ "လေးမျိုးသော စောင့်စည်းခြင်း" ကို ဖြေကြားပါ၏၊ အရှင်ဘုရား သရက်ပင် ကိုမေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို

---

## နိဂဏ္ဌနာဋပုတ္တ၏ 'စတုယာမသံဝရဝါဒ'

နိဂဏ္ဌနာဋပုတ္တကိုပင် အနွယ်မှဖြစ်သော အမည်အားဖြင့် အဂ္ဂိဝေဿနဟု အဓာတသတ်မင်း ခေါ်ခြင်း ဖြစ်၏။ ဂဏ္ဌ-အထုံးအဖွဲ့သည်။ နိ-မရှိဟု အဓိပ္ပါယ်ရ၏။ ငါတို့မှာ သံယောဇဉ်စသော အထုံးအဖွဲ့မရှိဟု ပြောဆိုယူဆလေ့ရှိသော တိတ္ထိမျိုးကို 'နိဂဏ္ဌ'ဟု ခေါ်၏။

ထိုနိဂဏ္ဌဆရာကြီးသည် 'စတုယာမသံဝရ'ခေါ် ကိုယ်နှုတ်စိတ်တို့ကို အကျင့်(၄)မျိုးတို့ဖြင့် စောင့်စည်းသော အယူဝါဒရှိ၏။

၁။ **သဗ္ဗဝါရိဝါရိတော**- ရေအေးဟူသမျှကို အလုံးစုံတားမြစ်လျက် စောင့်စည်းခြင်း ရှိ၏။ (ရေပူ၊ ရေကျက်ကိုသာ သုံးစွဲလေ့ရှိ၏။)

၂။ **သဗ္ဗဝါရိယုတ္တော**- မကောင်းမှုမှန်သမျှကို အလုံးစုံတားမြစ်လျက် စောင့်စည်းခြင်း ရှိ၏။ (ကိုယ်၊နှုတ်၊မနောကံ မကောင်းမှုအားလုံးကို တားမြစ်၏)

၃။ **သဗ္ဗဝါရိဓုတော**- မကောင်းမှုအားလုံးကို ခါချနိုင်လောက်သော အကျင့်ကို ကျင့်သုံးခြင်း ရှိ၏။

၄။ **သဗ္ဗဝါရိဖုဋ္ဌော**- မကောင်းမှုအားလုံးကို တားမြစ်ခြင်းဖြင့် ထိရောက်အပ်ပြီးဖြစ်၏။ (ရဟန္တာတို့ကဲ့သို့ နိဂဏ္ဌတို့၏အကျင့်ကိစ္စပြီးဆုံးပြီဟုဆိုလို၏)

ဤနိဂဏ္ဌဝါဒသည် ရေအေးကိုမသုံးကောင်းဟူသော ပထမသံဝရဝါဒသာ ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်၏။ မကောင်းမှုတို့ကိုတားမြစ်မှုဝါဒတို့သည် ဗုဒ္ဓဝါဒနှင့် သဘောသွားတူပေ၏။

ထို့ကြောင့် ထိုနိဂဏ္ဌဆရာကြီး၏ဝါဒကို ဘုရားလက်ထက်က ဥပါလိသူကြွယ်တို့လို ပညာရှိအမည်ခံပုဂ္ဂိုလ်များပင် လက်ခံမိကြ၏။ ထိုဆရာကြီးကို ပါဠိ'ဇိန'ဖြင့် ဟိန္ဒူလို 'ဂျိန+ဂျိန်း'ဟု ခေါ်ကာ ယခုခေတ်တိုင် ဂျိန်းဝါဒနှင့် ဂျိန်းရုပ်တုများ အထင်အရှားရှိကြသည်။

http://www.dhammadownload.com



ဖြေသကဲ့သို့လည်းကောင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား လေးမျိုးသော စောင့်စည်းခြင်းကို ဖြေကြားပါ၏။

အရှင်ဘုရား အကျွန်ုပ်အား "ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသောသမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည် ဟုအဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း" ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် နိဂဏ္ဌနာဋပုတ္တ ပြောသော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ။ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆို မူ၍ ထိုစကားကို မနာယူ မမှတ်သားဘဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

## သဉ္စယဗေလဋ္ဌပုတ္တ၏ အယူဝါဒ

အရှင်ဘုရား အခါတစ်ပါး၌ အကျွန်ုပ်သည် သဉ္စယဗေလဋ္ဌပုတ္တထံသို့ ချဉ်းကပ်၍ သဉ္စယဗေလဋ္ဌပုတ္တနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေ၍ တစ်ခုသော နေရာ၌ ထိုင်လျက် သဉ္စယဗေလဋ္ဌပုတ္တအား ဤပြဿနာကို မေးဖူးပါ၏။

ဘုရင်။ "အရှင်သဉ္စယ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ ပ။ ဤ (အတတ်တို့၏ အကျိုး) နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အရှင်သဉ္စယ"ဟု မေးဖူးပါ၏။ ဤသို့ မေးလတ်သော် သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ဤစကားကိုသာ ပြောဆိုပါသည်အရှင်ဘုရား။

သဉ္စယ။ "တစ်ပါးသောလောကရှိသလောဟု (သင်)ငါ့ကို မေးသော် တစ်ပါးသောလောကရှိ၏ဟု ငါအယူရှိခဲ့လျှင် တစ်ပါးသော လောကရှိ၏ ဟု သင့်အား ငါဖြေရာ၏၊ (သို့ရာတွင်) ဤသို့ဟုလည်း ငါမယူ။

http://www.dhammadownload.com



ထိုသို့ဟုလည်း ငါမယူ။ အခြားသို့ဟုလည်း ငါမယူ။ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့)မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ။

တစ်ပါးသောလောက မရှိပါသလော။ ပ ။ တစ်ပါးသောလောက ရှိလည်းရှိ မရှိလည်း မရှိသလော။ပ။ တစ်ပါးသောလောက ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သလော။ပ။ (သေ၍) တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိကုန်သလော။ပ။ (သေ၍)တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါတို့ မရှိကုန်သလော။ပ။ (သေ၍) တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိလည်းရှိ၊ မရှိလည်းမရှိကုန်သလော။ ပ။(သေ၍)တစ်ဖန်ဖြစ်ပေါ်သော သတ္တဝါတို့ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ကုန်သလော။ပ။

ကောင်းမှုမကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိပါသလော။ပ။ ကောင်းမှု မကောင်းမှုကံတို့၏အကျိုး ဝိပါက် မရှိပါသလော။ပ။ ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိလည်းရှိ မရှိလည်း မရှိသလော။ ပ။ ကောင်းမှုမကောင်းမှုကံတို့၏ အကျိုးဝိပါက်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ်သလော ။ပ။သတ္တဝါသည် သေပြီး နောက်၌ ရှိသလော။ ပ။သတ္တဝါသည် သေပြီးနောက်၌ မရှိသလော ။ပ။ သတ္တဝါသည် သေပြီးနောက်၌ရှိလည်းရှိ မရှိလည်း မရှိသလော။ ပ။ သတ္တဝါသည် သေပြီးနောက်၌ ရှိသည်လည်းမဟုတ်၊မရှိသည် လည်း မဟုတ်သလောဟု(သင်) ငါ့ကို မေးသော် သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ် ဟုငါ အယူရှိခဲ့လျှင်သတ္တဝါသည် သေပြီးသည့်နောက်၌ရှိသည်လည်း မဟုတ်မရှိသည်လည်း မဟုတ်ဟု သင့်အား ငါ ဖြေရာ၏၊ (သို့ရာတွင်)ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊အခြားသို့ ဟုလည်း ငါမယူ။ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါ

http://www.dhammadownload.com



မယူ။ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ''ဟု ပြောဆိုပါသည်။

**ဘုရင်။** အရှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟာန်းဖြစ်ကျိုးကို မေးပါလျက် သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ဤသို့ **''ပစ်လွှင့်သောအယူ''** ကို ဖြေကြားပါ၏။ အရှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ လည်းကောင်း၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ လည်းကောင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟာန်းဖြစ်ကျိုးကို မေးပါလျက် သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ပစ်လွှင့်သော အယူကို ဖြေကြားပါ၏။

---

## သဉ္စယဗေလဋ္ဌပုတ္တ၏'အမရာဝိက္ခေပဝါဒ'

**အမရာဝိက္ခေပ**-ဟူသည် '**ပစ်လွှင့်အပ်သော အယူဝါဒ**'ဟု အဓိပ္ပါယ်ရ၏။ '**နမရတီတိ အမရာ**'-မသေမှုသဘောသည် '**အမရာ**'မည်၏။ ဤ၌ အဆုံးမရှိမှုသဘောကို '**အမရာ**' ဆိုလို၏။ မည်သို့ အဆုံးမရှိသနည်း?။ '**ဧဝန္တိပိ မေ နော**' စသည်ဖြင့် ငါ၏အယူသည် ဤသို့လည်း မဟုတ်။ ဟိုလိုလည်း မဟုတ်စသော နည်းပရိယာယ်တို့ဖြင့် အဆုံးမရှိအောင်ပြောဆိုလျက် ပစ်လွှင့်အပ်သော အယူမျိုး၊ စကားမျိုး ဖြစ်၏။ ထိုအယူမျိုးကို '**အမရာ+ဝိက္ခေပ**'ဟု ဆိုရ၏။

ထို့ပြင် သမုဒ္ဒရာအောက်၌ '**အမရာ**'ဟူသော ငါးတစ်မျိုးရှိ၏။ ထိုငါးမျိုးသည် မြုပ်လိုက်၊ ပေါ်လိုက်ဖြင့် ထိုထိုဤဤ လှည့်လည်နေတတ်သဖြင့် ဖမ်းယူနိုင်ဖို့ရန် မလွယ်ပေ။ ထိုအမရာမည်သောငါးနှင့်တူသော အယူဝါဒဖြစ်၍လည်း '**အမရာဝိက္ခေပ**'ဟု ဆိုရ၏။ ထိုအယူဝါဒမျိုးကိုကား မောဟအားကြီး၍ အလွန်မိုက်မဲ၊ တွေဝေ ခြင်းရှိသူတို့သာ ယူမိကြလေသည်။

**မှတ်ချက်။** ဘုရားမပွင့်မီနှင့်ပွင့်ဆဲအချိန်တို့၌ 'ပူရဏ၊မက္ခလိ၊အဇိတ၊ပကုဓ၊နိဂဏ္ဌ၊ သဉ္စယ'ဟူသော ထိုဂိုဏ်းဆရာကြီး(၆)ဦးတို့သည် ရာဇဂြိုဟ်တစ်ဝှမ်း၌ 'အယူဝါဒကို တီထွင်သူ-တိတ္ထိယ'များအဖြစ် ဘုရားဟုအမည်ခံလျက် ထင်ရှားကြ၏။ နောက်လိုက် တပည့်ဒကာ၊ဒကာမတို့လည်း များပြားလှ၏။ အရှင်သာရိပုတ္တရာ၊အရှင်မဟာမောဂ္ဂ လာန်လောင်းလျာတို့ပင် သဉ္စယဆရာကြီးထံ မှီခိုဝင်ရောက်မိခဲ့ကြလေ၏။

http://www.dhammadownload.com



အရှင်ဘုရား၊၊ အကျွန်ုပ်အား "ဤသူကား ဤသမဏဗြာဟ္မဏတို့တွင် ပညာမဲ့ဆုံး ဖြစ်၏၊ အတွေဝေဆုံး ဖြစ်၏၊ ကိုယ်တိုင်သိမြင်ရသော ရဟာန်းဖြစ်ကျိုးကို မေးပါလျက် အဘယ်ကြောင့် ပစ်လွှင့်သော အယူကို ဖြေကြားဘိသနည်း၊ ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏ ဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည်ဟု အဘယ်ကြောင့် မှတ်ယူနိုင်ပါ အံ့နည်း" ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် သဉ္စယဗေလဋ္ဌပုတ္တပြောသော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားဘဲ နေရာမှထကာ ပြန်ခဲ့ပါသည်။

## သာမညဖလကို ဗုဒ္ဓရှင်တော်ဟောတော်မူခြင်း

ဘုရင်။ အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်း မေးပါ၏၊ အရှင်ဘုရား ဤများစွာသောအတတ်သည်တို့သည် ရှိပါကုန်၏။ ဤအတတ် သည်တို့ကားအဘယ်နည်း?။

"ဆင်စီးသူရဲများ၊ မြင်းစီးသူရဲများ၊ ရထားစီးသူရဲများ၊ လေးသည်များ၊ အောင်လံကိုင်များ၊ စစ်ဆင်သူများတစ်ဖက် စစ်တပ်သို့ ဝင်၍ ဦးခေါင်းများကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူများ၊ (စစ်၌)ထူးချွန် ကျော်စောသော မင်းသားများ။ (ပ)။ ထိုမှတစ်ပါးလည်း ဤနှင့်အလားတူ များစွာသော အတတ် သည်တို့ ရှိပါကုန်သေး၏။

ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော အတတ်၏အကျိုးကို မှီ၍ အသက် မွေးပါကုန်၏၊ ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အမိအဖတို့ကိုချမ်းသာစေပါကုန်၏။ (အားအင်)ပြည့်ဖြိုး စေပါကုန်၏၊ သားမယားတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊

http://www.dhammadownload.com



မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာ စေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အထက်ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ဖြစ်စေတတ်သော ကောင်းကျိုးကို ဖြစ်စေတတ်သော၊ မွန်မြတ်သောအကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါကုန်၏။

ဘုရင်။ 'သက္ကာ နု ခေါ မေ ဘန္တေ၊ ဧဝမေဝ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညာပေတုံ'။

"ဤအတတ်တို့၏အကျိုးနှင့် တူစွာသော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြခြင်းငှါ တတ်နိုင်ပါသလော"

ဗုဒ္ဓ။ မင်းကြီး တတ်နိုင်ပါ၏၊ သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့။ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလေလော့။

## ကျွန်ဥပမာဖြင့် ရဟန်းဖြစ်ကျိုးကိုဟောတော်မူပုံ

ဗုဒ္ဓ။ မင်းကြီး ဤတိုင်းပြည်၌ ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်းဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော အမှုလုပ် ကျွန်ယောကျ်ားသည် သင့်အား ရှိရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏။

### ကျွန်၏အကြံဖြစ်ပုံ

"အချင်းတို့ ကောင်းမှုတို့၏လားရာ ကောင်းမှုတို့၏အကျိုးသည် အံ့ဖွယ်ရှိပါပေစွတကား၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွတကား၊ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင်အဇာတသတ်မင်းသည် လူပင်တည်း၊ ငါသည်လည်း လူပင်တည်း၊ သို့ရာတွင် အဇာတသတ်မင်းကား ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ နတ်ကဲ့သို့ ပျော်ရွှင်စံစားရ၏၊ ငါမူကား ရှေးဦးစွာ ထလေ့ရှိသော နောက်မှအိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့

http://www.dhammadownload.com



နည်းဟု နာခံလေ့ ရှိသောနှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော ထိုမင်း၏ အမှုလုပ်ကျွန် ဖြစ်၏။ ငါသည် ကောင်းမှုတို့ကို ပြုရမူ (ထိုမင်းကဲ့သို့) ဖြစ်ရာ၏၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်ရာ၏။

## ကျွန်ရဟန်းဝတ်ပုံ

ထိုသူသည် နောင်အခါ၌ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ အစားအဝတ်မျှဖြင့်ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက်နေရာ၏၊ ထိုအကြောင်းကို သင့်အား မင်းချင်းယောကျ်ားတို့သည် ဤသို့လျှောက်ကြားကုန်ရာ၏။

## ဆိတ်ငြိမ်ရာ၌ မွေ့လျော်မှု

**ပဝိဝေကေ အဘိရတော**- ဆိတ်ငြိမ်ရာ၌ မွေ့လျော်မှုဟုဆိုရာ၌ (၁)ကာယဝိဝေက၊ (၂) စိတ္တဝိဝေက၊ (၃) ဥပဓိဝိဝေကဟု ဝိဝေက (၃)မျိုး တစ်မျိုးမျိုးနှင့် နေခြင်းမျိုး ဖြစ်၏။

၁။ '**ဂဏသင်္ဂဏိကံ ပဟာယ**'အပေါင်းအဖော်တို့ကို ပယ်စွန့်၍၊'**ကာယေန ဧကော ဝိဟရတိ**'တစ်ယောက်တည်းနေခြင်းသည် '**ကာယဝိဝေက**'မည်၏။

၂။ '**စိတ္တကိလေသသင်္ဂဏိကံ ပဟာယ**'စိတ်ညစ်ညူးကြောင်းကိလေသာတို့ကို ပယ်စွန့်၍၊ '**အဋ္ဌသမာပတ္တိဝသေန ဝိဟရတိ**' တရားအာရုံ တစ်မျိုးမျိုးကို ရှုပွား၍ နေခြင်းသည် '**စိတ္တဝိဝေက**'မည်၏။

၃။ ဖလသမာပတ်၊ နိရောဓသမာပတ်တို့ကို ဝင်စား၍ နိဗ္ဗာန်သို့ ရောက်လျက် နေခြင်းသည် '**ဥပဓိဝိဝေက**' မည်၏။ (သီ၊ ၄၊ ၁၅၂)

http://www.dhammadownload.com



## မင်းချင်းအမတ်တို့လျှောက်ပုံ

"မင်းမြတ် သိတော်မူပါလော့၊ ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်းဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော သင် မင်းမြတ်၏ အမှုလုပ်ကျွန်ယောကျ်ားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါ၏။ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေပါ၏" ဟု လျှောက်ကြားကုန်ရာ၏။

ဗုဒ္ဓ။ ထိုသို့ လျှောက်ကြားလျှင် သင်မင်းကြီးသည် "အချင်းတို့ ထိုယောကျ်ားသည် ငါ့ထံသို့ ပြန်လာစေလော့၊ ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်းဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော အမှုလုပ် ကျွန်ပင် တစ်ဖန် ဖြစ်စေလော့" ဟုဆိုသင့်ပါမည်လော။

ဘုရင်။ 'ဤသို့ မဆိုသင့်ပါ အရှင်ဘုရား။ စင်စစ်သော်ကား အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏။ ထိုင်ရန်နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်းဆွမ်းကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက်ကာ ကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေး ကုန်ရာ၏'ဟုလျှောက်၏။

ဗုဒ္ဓ။ "မင်းကြီး ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိလေသလော၊ မရှိလေသလော?"။

http://www.dhammadownload.com



ဘုရင်။ "ဤသို့ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ကေန်ရှိပါ၏ အရှင်ဘုရား"။

ဗုဒ္ဓ။ 'ဣဒံ ခေါ တေ မဟာရာဇ၊ မယာ ပဌမံ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညတ္တံ'။

"မင်းကြီး ဤကား ငါသည် သင့်အား ရှေးဦးစွာပြသော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း"။

## လယ်သမားဥပမာဖြင့် ရဟန်းဖြစ်ကျိုးကိုဟောခြင်း

ဘုရင်။ အရှင်ဘုရား ဤအတူ တစ်ပါးလည်းဖြစ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြနိုင်ပါသေးသလော။

ဗုဒ္ဓ။ မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေလော့၊ မင်းကြီး ထိုအရာကို အဘယ်သို့ ထင်သနည်း။ ဤတိုင်းပြည်၌ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွါးစေတတ်သော အိမ်ရှင်လယ်သမားယောကျ်ားသည် သင့်အား ရှိရာ၏။ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

### လယ်သမား၏အကြံဖြစ်ပုံ

"အချင်းတို့ ကောင်းမှုတို့၏ လားရာ ကောင်းမှုတို့၏ အကျိုးသည် အံ့ဖွယ်ရှိပါပေစွတကား၊ မဖြစ်ဖူးမြဲဖြစ်ပါပေစွတကား၊ အဇာတသတ်မင်းသည် လူပင်တည်း၊ ငါသည်လည်း လူပင်တည်း၊ သို့ရာတွင် အဇာတသတ်မင်းကား ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ နတ်ကဲ့သို့ ပျော်ရွှင်စံစားရ၏၊ ငါမူကား ထိုမင်း၏အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော အိမ်ရှင် လယ်သမားယောကျ်ား ဖြစ်၏၊ ငါသည် ကောင်းမှုတို့ကို ပြုရမူ ထိုမင်းကဲ့သို့ ဖြစ်ရာ၏။ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍

http://www.dhammadownload.com



လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ'' ဟု အကြံဖြစ်ရာ၏။

## လယ်သမားရဟန်းဝတ်ပုံ

ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ဖြစ်စေ များသော ဥစ္စာစုကို စွန့်၍ဖြစ်စေနည်းသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ များသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေရာ၏၊ ထိုအကြောင်းအရာကို သင့်အား မင်းချင်းယောကျ်ားတို့က ဤသို့ လျှောက်ကြားကုန်ရာ၏။

## မင်းချင်းအမတ်တို့လျှောက်ပုံ

''မင်းမြတ် သိတော်မူပါလော့၊ အရှင်မင်းမြတ်၏ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော အိမ်ရှင်လယ်သမား ယောကျ်ား သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌မွေ့လျော်လျက် နေပါ၏'' ဟု လျှောက်ကြားကုန်ရာ၏။

၆၃။ ထိုသို့ လျှောက်ကြားလျှင် သင်မင်းကြီးသည် ''အချင်းတို့ ထိုယောကျ်ားသည် ငါ့ထံသို့ ပြန်လာစေလော့၊ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွားစေတတ်သော အိမ်ရှင်လယ်သမားပင် တစ်ဖန် ဖြစ်စေလော့'' ဟု

http://www.dhammadownload.com



ဆိုသင့်ပါမည်လော။

**ဘုရင်**။ အရှင်ဘုရား ဤသို့ မဆိုသင့်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ (ထိုင်ရန်) နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်းဆွမ်းကျောင်း သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးအသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏။

**ဗုဒ္ဓ**။ "မင်းကြီး ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော၊ မရှိလေသလော"။

**ဘုရင်**။ "ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ကေန်ရှိပါ၏အရှင်ဘုရား"။

**ဗုဒ္ဓ**။ "မင်းကြီး ဤကား ငါသည် သင့်အား နှစ်ကြိမ်မြောက်ပြအပ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသောရဟန်းဖြစ်ကျိုးတည်း"။

---

**ဘုရားပွင့်ရာလောက**

တထာဂတော လောက ဥပ္ပဇ္ဇတိ- လောက၌ မြတ်စွာဘုရား ပွင့်တော်မူလာ၏ဟုဆိုရာ၌ လောကသည် (၁)သတ္တလောက၊ (၂) သင်္ခါရလောက၊ (၃) ဩကာသလောကဟု (၃)မျိုးရှိ၏။ ဤ၌ သတ္တလောကကို ဆိုလို၏။ ထိုသတ္တလောက၌ ဖြစ်သော်လည်း ဘုရားရှင်တို့မည်သည် နတ်လောက၊ဗြဟ္မာလောကစသည်၌ မပွင့် 'လူ့လောက'၌သာ ပွင့်တော်မူ၏။ လူ့လောက၌လည်း အခြားစကြာဝဠာတို့၌ မပွင့်။ ဤစကြာဝဠာ၌သာ ပွင့်၏။ ဤစကြာဝဠာ၌လည်း အရပ်အားလုံးတို့၌ မပွင့်။ 'မဇ္ဈိမဒေသ'အရပ်၌သာ ပွင့်တော်မူပေ၏။ (သီ၊ ဋ၁၁၅၆ )

http://www.dhammadownload.com



## သာလွန်မြင့်မြတ်သော ရဟန်းဖြစ်ကျိုး

ဘုရင်။ အရှင်ဘုရား ကိုယ်တိုင်သိမြင်ရသော ဤရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော တစ်ပါးလည်းဖြစ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသေးသလော။

ဗုဒ္ဓ။ 'သက္ကာ၊ မဟာရာဇ။ တေန ဟိ၊ မဟာရာဇ၊ သုဏောဟိ၊ သာဓုကံ မနသိ ကရောဟိ၊ ဘာသိဿာမီ'။

---

## ကောင်းခြင်း(၃)ဖြာ ပြည့်စုံသောတရား

မြတ်စွာဘုရား၏ဟောကြားသမျှသော တရားတို့သည် 'အာဒိကလျာဏံ'၊ ကြားနာရရုံမျှဖြင့် စိတ်ယုတ်မာတို့ကင်းကွာလျက် သာယာကြည်နူးဖွယ်ရှိ၏။ အစ၌ပင် အပြစ်မရှိသော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ၏။

'မဇ္ဈေကလျာဏံ'၊ တရားတော်အတိုင်း လိုက်နာကျင့်သုံးအားထုတ်ကြလျှင် နေ့စဉ်ဘဝအိမ်တွင်းရေးတို့မှအစ ကမ္မဋ္ဌာန်းအားထုတ်မှုတိုင်အောင် စိတ်အေးချမ်းသာ စေနိုင်သဖြင့် အလယ်၌လည်း အပြစ်မရှိသောကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ၏။

'ပရိယောသာနကလျာဏံ'၊ တရားလမ်းစဉ်အတိုင်း အားထုတ်သဖြင့် လမ်းဆုံးပန်းတိုင်သို့ရောက်သောအခါ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာနိဗ္ဗာန်ကို ကိုယ်တိုင်ဒိဋ္ဌ မြင်တွေ့ခံစားကြရသောကြောင့် အဆုံး၌လည်း အပြစ်မရှိသော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံ၏။ (သီ၊ ဋ၊ ၁၅၉)

## 'အစ၊အလယ်၊အဆုံး'(၂)မျိုးခွဲပုံ

'ဒေသနာတော်၏အစ၊အလယ်၊အဆုံး'၊ 'သာသနာတော်၏ အစ၊အလယ်၊ အဆုံး' ဟု (၂)မျိုး ရှိ၏။ ဒေသနာတိုင်း၌ လေးပါဒရှိသောဂါထာတွင် ပထမပါဒ သည် 'အစ'၊ စတုတ္ထပါဒသည် 'အဆုံး'။ အလယ်နှစ်ပါဒသည်'အလယ်' မည်၏။ သုတ္တန်တစ်ခု၌ ပထမစကားဆက်သည် အစ။ နောက်ဆုံးစကားချုပ်သည် အဆုံး။ အလယ်စကားတို့သည် အလယ် ဖြစ်၏။ (သီ၊ ဋ၊ ၁၅၉)

http://www.dhammadownload.com



မင်းကြီး တတ်နိုင်ပါ၏။ မင်းကြီး သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့။

## ဘုရားပွင့်တော်မူလာခြင်း

မင်းကြီး ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာသိတော်မူသော၊ အသိဉာဏ် 'ဝိဇ္ဇာ'၊ အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော၊ လောကကို သိတော်မူသော၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော၊ သစ္စာလေးပါးတရားတို့ကို သိစေတော်မူသော၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူလာခဲ့၏။

---

ဘုရားအဆုံးအမဖြစ်သော သာသနာတော်တစ်ခုလုံး၌ကား 'သီလ၊ သမာဓိ၊ ဝိပဿနာပညာသည် 'အစ' မည်၏။ အရိယမဂ်ပညာသည် 'အလယ်' မည်၏။ ဖိုလ်နှင့်နိဗ္ဗာန်တို့သည် 'အဆုံး' မည်၏။

'ဘဂဝါ၊မြတ်စွာဘုရားသည်။ **ဓမ္မံ ဒေသေန္တော**၊ တရားဟောသည်ရှိသော်။ **အာဒိမှိ သီလံ ဒဿေတွာ**၊ အစ၌သီလကိုပြ၍။ **မဇ္ဈေ မဂ္ဂံ**၊ အလယ်၌ မဂ်အကျင့်ကိုဟော၍။ **ပရိယောသာနေ နိဗ္ဗာနံ ဒဿေတိ**၊ အဆုံး၌ နိဗ္ဗာန်ကိုဟောတော်မူ၏။

"**အညော**၊ တစ်ပါးသော။ **ဓမ္မကထိကော**၊ တရားဟော ပုဂ္ဂိုလ်သည်။ **ဓမ္မံ ကထေန္တော**၊ တရားတော်ကိုဟောကြားသည်ရှိသော်-

အာဒိမှိ သီလံ ဒဿေယျ၊ မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ။

ပရိယောသာနမှိ နိဗ္ဗာနံ ၊ သော ကထိကသဏ္ဌိတိ' ဟု ညွှန်ပြပေ၏။

## အလုံးစုံ စင်ကြယ်သောတရားဖြစ်ပုံ

မြတ်စွာဘုရားဟောသော တရားတော်မှန်သမျှသည် အလုံးစုံစင်ကြယ်သောကြောင့် 'ပရိသုဒ္ဓ' မည်၏။ မြတ်သောအကျင့်လည်း ဖြစ်သဖြင့် 'ဗြဟ္မစရိယ' ဟုဆို၏။

တစ်စုံတစ်ယောက်သည် ဤဓမ္မဒေသနာကို အမှီပြု၍ 'လာဘံဝါ၊ သက္ကာရံဝါ လာဘိဿာမိ' လာဘ်သော်လည်းကောင်း၊ ပူဇော်မှုသော်လည်း ရလိမ့်မည်ဟုကြံ၍

http://www.dhammadownload.com



## တရားဟောတော်မူခြင်း

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုလည်းကောင်း၊ သမဏဗြာဟ္မဏတို့နှင့် တကွသော မင်းများလူများနှင့်တကွသော သတ္တဝါအပေါင်းကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊

ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော၊ အနက်နှင့်ပြည့်စုံသော၊ သဒ္ဒါနှင့်ပြည့်စုံသော၊ တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော၊ အလုံးစုံစင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

---

တရားဟောအံ့။ ထိုဒေသနာသည် 'အပရိသုဒ္ဓ' မစင်ကြယ်မှု ဖြစ်၏။ မြတ်စွာဘုရားသည်ကား (၁)လောကာမိသကို မငဲ့ကွက်ခြင်း၊ (၂)မေတ္တာဘာဝနာနှင့်ယှဉ်ခြင်း၊ (၃)နူးညံ့သောစိတ်နှလုံးဖြင့် (၄) ချီးမြှောက်လိုမှုသဘော၌ တည်သောစိတ်ဖြင့် တရားကို ဟောကြားတော်မူ၏။ ထို့ကြောင့် 'ပရိသုဒ္ဓ'စင်ကြယ်သည် မည်၏။

## လူ့ဘဝကျဉ်းမြောင်းပုံ

၁။ **ဃရာဝါသော**-အိမ်ရာတည်ထောင်လူ့ဘောင်သည်။ **သမ္ဗာဓော**-ကျဉ်းမြောင်း၏။ ကျယ်ဝန်းသောအိမ်၌ ဇနီးခင်ပွန်းနှစ်ယောက်သာ နေ၏။ သို့သော် စိုးရိမ်သောက၊ တောင့်တ၊ကြောင့်ကျမှုတို့ များလှသောကြောင့်လည်းကောင်း၊ ကုသိုလ်အမှုတို့ကို ပြုချင်တိုင်းပြုခွင့်မရသောကြောင့်လည်းကောင်း '**လူ့ဘဝကျဉ်းမြောင်းသည်**' ဟု ဆိုခြင်း ဖြစ်ပေ၏။

၂။ **ရဇောပထော**- ကိလေသာမြူမှုန်တို့ထရာ လမ်းမကြီးသဖွယ် ဖြစ်၏။ ဇနီးခင်ပွန်းချင်း ချစ်ရသောတဏှာရာဂ၊ သားသမီးတို့ အပေါ်ချစ်ရသောတဏှာရာဂ၊ ပစ္စည်းဥစ္စာစသည်တို့ကို လိုချင်သောလောဘ၊ စိတ်တိုင်းမကျ၊အလိုမပြည့်ဝသဖြင့် စိတ်ဆိုးရသော ဒေါသ၊ ကိုယ့်ထက်သာမှာ မနာလိုရသောဣဿာ၊ ကိုယ့်လို သူတစ်ပါး ကောင်းစားသွားမှာစိုးရသော မစ္ဆရိယ၊မာနစသည်တို့ကြောင့်လည်းကောင်း၊ မဖြစ်ချင်လျှင် မနေသာအောင် ဆွဆွပေးနေသော ပြင်ပအာရုံတို့ကြောင့်လည်းကောင်း

http://www.dhammadownload.com



## သဒ္ဓါဖြင့် ရဟန်းပြုသူ

ထိုတရားတော်ကို သူကြွယ်သည် လည်းကောင်း၊ သူကြွယ့်သားသည် လည်းကောင်း၊ အခြားဇာတ်တစ်မျိုးမျိုး၌ ဖြစ်သောသူသည်လည်းကောင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ဆင်ခြင်၏။

"လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာမြူ ထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ်ပြည့်စုံစွာ၊ စင်စစ်စင် ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်။ ငါသည်

---

လူ့ဘဝသည် မြူမှုန်အညစ်အကြေးများလှ၏။

၃။**အဗ္ဘောကာသော ပဗ္ဗဇ္ဇာ**- ရဟန်းဘဝသည်ကား လွင်တီးခေါင်နှင့်တူ၏။ ရဟန်းဘဝသည်ကား ငြိကပ်တွယ်တာစရာ ဇနီးမယားလည်း မရှိ။ သမီးသားလည်း မရှိ။ ပစ္စည်းဥစ္စာလည်း မထားသဖြင့် ကြောင့်ကြ၊တောင့်တမှုတို့ ကင်းဝေးလှ၏။

သာမန်အားဖြင့်သာ နေကြသောရဟန်းတော်တို့ကို ကိလေသာမြူထအောင် မည်သူကမျှ ပြင်ပအာရုံတို့ဖြင့် မဆွကြသဖြင့်လည်း လွတ်လပ်ပေါ့ပါးလှ၏။

ထို့ပြင် ရဟန်းတော်ဘဝသည် မိမိကသာအလိုရှိလျှင် သီလစသောကာမ ကုသိုလ်၊ သမာဓိစသောဈာန်ကုသိုလ်၊ ပညာစသော ဝိပဿနာကုသိုလ်တို့ကို အလိုရှိ တိုင်း မဆိုင်းမတွ ပွားများအားထုတ်နိုင်ခွင့် ရှိလေ၏။ ထိုသဘောကိုပင် "**ရဟန်း ဘဝကား ဟင်းလင်းပြင်၊ လွင်ပြင်၊ ကောင်းကင်**"ပမာတူလှ၏ဟု ဆိုသည်။

## နည်းသောဥစ္စာ၊များသောဥစ္စာခွဲပုံ

ငွေတစ်ထောင်အောက် ယုတ်လျော့သောဥစ္စာကို နည်းသောဥစ္စာဟုလည်း ကောင်း၊ ငွေတစ်ထောင်ထက် ကျော်လွန်သောဥစ္စာကို များသောဥစ္စာဟုလည်းကောင်း ခွဲ၏။ ထို့အတူ ဆွေမျိုး(၂၀)အောက်လျော့လျှင် နည်းသောဆွေမျိုး၊ (၂၀)အထက် ကျော်လျှင် များသောဆွေမျိုးဟုလည်းကောင်း အဋ္ဌကထာ၌ ခွဲသည်။

http://www.dhammadownload.com



ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ရမူ ကောင်းလေစွ''ဟု ဆင်ခြင်၏။

ထိုသူသည် နောင်အခါ၌ နည်းသောဥစ္စာစုကို စွန့်၍ဖြစ်စေ၊ များသောဥစ္စာစုကို စွန့်၍ဖြစ်စေ၊ နည်းသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ၊ များသောဆွေမျိုးစုကို စွန့်၍ဖြစ်စေ၊ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

## အရာရာ၌ စောင့်စည်းမှုရှိခြင်း

ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် '**အာစာရ**'၊ ကျက်စားရာ' **ဂေါစရ**'နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးမှု ရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေတို့၌ပိတ်ထားသော တံခါးရှိ၏ (ဣန္ဒြေတို့ကို စောင့်စည်း၏)၊ စားဖွယ်၌ အတိုင်းအရှည်ကို သိ၏၊ အောက်မေ့ခြင်းသတိ၊ ဆင်ခြင်ခြင်း သမ္ပဇဉ်နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

## စူဠသီလနှင့် ပြည့်စုံခြင်း

(၁) မင်းကြီး ရဟန်းသည် အဘယ်အကျင့်သီလနှင့် ပြည့်စုံသနည်း?။ မင်းကြီး ဤလောက၌ ရဟန်းသည် အသက်သတ်ခြင်းကို ပယ်၍

---

### 'ဂေါစရ'ဟူသည်

ဂေါစရဟူသည် '**ကျက်စားရာ**'အာရုံ ဖြစ်၏။ မိမိနှင့်သပ္ပါယဖြစ်သော သွားလာဝင်ထွက်၍ ပြောဆိုဆက်ဆံနိုင်ရန် သင့်လျော်သည့် အရပ်ဒေသ၊ ပုဂ္ဂိုလ်စသည်တို့ သည် ရဟန်းတော်၏ကျက်စားသင့်ရာ '**ဂေါစရ**' မည်၏။

http://www.dhammadownload.com



အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် 'မေတ္တာစိတ်ဖြင့်' နေ၏။ ဤသည်လည်း ထိုရဟန်း၏သီလပေတည်း။

(၂) မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက်၊ စင်ကြယ်သောကိုယ်ဖြင့် နေ၏။ ဤသည်လည်း ထိုရဟန်း၏သီလပေတည်း။

(၃) မမြတ်သော အကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ။ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၄) မမှန်ပြောခြင်းကို ပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သောစကားချင်း ဆက်စပ်စေ၏၊ တည်သော စကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်။

---

**စူဠသီလပါဠိများ**

(၁) ကထဉ္စ၊ မဟာရာဇ၊ ဘိက္ခု သီလသမ္ပန္နော ဟောတိ? ဣဓ၊ မဟာရာဇ၊ ဘိက္ခု ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာ နုကမ္ပီ ဝိဟရတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ။

(၂) အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ။ ဒိန္နာဒါယီ၊ ဒိန္နပါဋိကင်္ခီ၊ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရတိ။

(၃) အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ၊ အာရာစာရီ ဝိရတော။ မေထုနာ ဂါမဓမ္မာ။

(၄) မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သစ္စဝါဒီ သစ္စသန္ဓော ထေတော ပစ္စယိကော အဝိသံဝါဒကော လောကဿ။

http://www.dhammadownload.com



ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၅) ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်)ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၆) ကြမ်းသော စကားကို ပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆို၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၇) ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊

---

**စူဠသီလပါဠိတော်များ**

(၅) ပိသုဏံ ဝါစံ ပဟာယ ပိသုဏာယ ဝါစာယ ပဋိဝိရတော ဟောတိ။ ဣတော သုတွာ န အမုတြ အက္ခာတာ ဣမေသံ ဘေဒါယ၊ အမုတြ ဝါ သုတွာ န ဣမေသံ အက္ခာတာ၊ အမူသံ ဘေဒါယ။ ဣတိ ဘိန္နာနံ ဝါ သန္ဓာတာ။ သဟိတာနံ ဝါ အနုပ္ပဒါတာ။ သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ သမဂ္ဂကရဏိံ ဝါစံ ဘာသိတာ ဟောတိ။

(၆) ဖရုသံ ဝါစံ ပဟာယ ဖရုသာယ ဝါစာယ ပဋိဝိရတော ဟောတိ။ ယာ သာ ဝါစာ နေလာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇန-ကန္တာ ဗဟုဇနမနာပါ တထာရူပိံ ဝါစံ ဘာသိတာ ဟောတိ။

http://www.dhammadownload.com



အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ သင့်သောအခါ၌ အကြောင်းနှင့် တကွသောအပိုင်းအခြားရှိသော အစီးအပွားနှင့်စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၈) မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။

(၉) ဆွမ်းတစ်နပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲ စားခြင်းမှ ရှောင်ကြဉ်၏။

(၁၀) ကခြင်းသီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်း တရား၏) ဆူးငြောင့် ဖြစ်သော (ပွဲ)ကြည့်ခြင်းမှ ရှောင်ကြဉ်၏။

(၁၁) ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏။

(၁၂) မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။

(၁၃) ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

(၁၄) အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

(၁၅) မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

(၁၆) ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊

---

စူဠသီလပါဠိများ

(၇) သမ္ဖပ္ပလာပံ ပဟာယ သမ္ဖပ္ပလာပါ ပဋိဝိရတော ဟောတိ၊ ကာလဝါဒီ၊ ဘူတဝါဒီ၊ အတ္ထဝါဒီ၊ ဓမ္မဝါဒီ၊ ဝိနယဝါဒီ၊ နိဓာနဝတိံ ဝါစံ ဘာသိတာ ဟောတိ၊ ကာလေန သာပဒေသံ ပရိယန္တဝတိံ အတ္ထသံဟိတံ။

(၈) ဗီဇဂါမဘူတဂါမသမာရမ္ဘာ ပဋိဝိရတော ဟောတိ။

(၉) ဧကဘတ္တိကော ဟောတိ။ ရတ္တူပရတော ဝိရတော ဝိကာလဘောဇနာ။

(၁၀) နစ္စဂီတဝါဒိတ ဝိသူကဒဿနာ ပဋိဝိရတော ဟောတိ။

(၁၁) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍနဝိဘူသနဋ္ဌာနာ ပဋိဝိရတော ဟောတိ။

(၁၂) ဥစ္စာသယနမဟာသယနာ ပဋိဝိရတော ဟောတိ။

(၁၃) ဇာတရူပရဇတပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ။

http://www.dhammadownload.com



(၁၇) ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက်ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင်၊နွား၊မြင်း၊မြည်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ လယ်နှင့် ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

(၁၈) တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊

(၁၉) ဝယ်မှုရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ် တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။

(၂၀) တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြ၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။

(၂၁) ဖြတ်ခြင်း၊သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း (ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။ စူဠသီလ ပြီး၏။

## မဇ္ဈိမသီလနှင့် ပြည့်စုံခြင်း

ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မျိုးစေ့ အပေါင်း၊ အပင်အပေါင်း ဖျက်ဆီးခြင်းကို ပြုလျက် နေကြ၏။

(၁) ထိုမျိုးစေ့၊အပင်တို့ကား အဘာယ်နည်း၊ အမြစ်မျိုးစေ့၊ ပင်စည်မျိုးစေ့၊ အဆစ်မျိုးစေ့၊အညွန့်မျိုးစေ့၊ ငါးခုမြောက် အစေ့မျိုးစေ့တို့တည်း။ (ရဟန်းသည်) ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

---

**ကောက်စိမ်းဟူသည်**

၁-သလေး(ကောက်ကြီး)။ ၂-ကောက်လတ်(ကောက်ကြမ်း)။ ၃-လူး။ ၄-နတ်ကောက်(ဂျုံ)၊ ၅-ပြောင်း၊ ၆-မုယော (ဘာလီ)၊ ၇-ဆပ် ဤစပါးခုနစ်မျိုးကို ကောက်စိမ်းဟု ခေါ်သည်။

http://www.dhammadownload.com



(၂) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော သိုမှီးသုံးဆောင်ခြင်းကို ပြုလျက် နေကြ၏၊ ထိုသိုမှီးခြင်းတို့ကား အဘယ်နည်း။ ဆွမ်းကို သိုမှီးခြင်း၊ အဖျော်ကို သိုမှီးခြင်း၊ အဝတ်ကို သိုမှီးခြင်း၊ ယာဉ်ကို သိုမှီးခြင်း၊အိပ်ရာကို သိုမှီးခြင်း၊ နံ့သာကို သိုမှီးခြင်း၊ (အခြား)စားသုံးဖွယ်ကို သိုမှီးခြင်း တို့တည်း။ (ရဟန်းသည်) ဤသို့သော သိုမှီးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၃) ထို့ပြင်လည်း အချို့သောအရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော (သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော (ပွဲ)ကြည့်ခြင်းကို ပြုလျက် နေကြ၏၊ ထိုပွဲတို့ကား အဘယ်နည်း?။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း သဘင်ပွဲ၊ စာဟောပွဲ၊ လက်ဝါးတီးပွဲ၊ ကြေးနင်းခွက်ခွင်းစသည်တီးပွဲ၊ စည်တီးပွဲ၊ ပန်းချီပြပွဲ၊ သံလုံးကစားပွဲ၊ ဝါးထောင်၍ကစားပွဲ၊ အရိုးဆေးပွဲ၊ ဆင်တိုက်ပွဲ၊ မြင်းတိုက်ပွဲ၊ ကျွဲတိုက်ပွဲ၊ နွားတိုက်ပွဲ၊ ဆိတ်တိုက်ပွဲ၊ သိုးတိုက်ပွဲ၊ ကြက်တိုက်ပွဲ၊ ငုံးတိုက်ပွဲ၊ တုတ်သိုင်းပွဲ၊ လက်ဝှေ့ထိုးပွဲ၊ လက်ပမ်းလုံးပွဲ၊ စစ်ထိုးပွဲစစ်သည် စစ်ဆေးပွဲ၊ စစ်ဆင်ပွဲ၊ စစ်အင်ကျင်းပွဲတို့တည်း။ (ရဟန်းသည်) ဤသို့သော (သူတော်ကောင်းတရား၏)ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏သီလပေတည်း။

(၄) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မေ့လျော့ကြောင်း ဖြစ်သော လောင်းကစားခြင်းကို ပြုလျက် နေကြ၏။ ထိုလောင်းကစားတို့ကား အဘယ်နည်း?။ ရှစ်ကွက်ကျားကစားခြင်း၊ ဆယ်ကွက်ကျားကစားခြင်း၊ ကောင်းကင်ကျားကစားခြင်း၊ ဖိုးလမင်းကျားကစားခြင်း၊ ဇယ်တောက်ကစားခြင်း၊ အန်ကစားခြင်း၊ ကျည်းသားရိုက်ကစားခြင်း၊ စုတ်ခတ်ရေးကစားခြင်း၊ ဂေါ်လီကစားခြင်း၊ ပီပီမှုတ်ကစားခြင်း၊ ထွန်ယယ်ဖြင့်ကစားခြင်း၊

http://www.dhammadownload.com



ကျွမ်းထိုးကစားခြင်း၊ စကြာဖြင့်ကစားခြင်း၊ ခြင်ခွက်ငယ်ဖြင့် ကစားခြင်း၊ ရထားငယ်ဖြင့်ကစားခြင်း၊ လေးငယ်ဖြင့် ကစားခြင်း၊ အက္ခရာဝှက်ကစားခြင်း၊ စိတ်အကြံဖော်တမ်း ကစားခြင်း၊ ကျိုးယောင်ကန်းယောင်ပြု၍ကစားခြင်း တို့တည်း။ ရဟန်းသည် ဤသို့သော မေ့လျော့ကြောင်းဖြစ်သော လောင်းကစားခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၅) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော၊ သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မြင့်သော နေရာ၊ မြတ်သောနေရာကို သုံးစွဲခြင်းပြုလျက် နေကြ၏၊ ထိုနေရာတို့ကား အဘယ်နည်း?။ မြင့်လွန်းသောနေရာ၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ဆန်းကြယ်သောသားမွေးအခင်း၊ ဖြူသောသားမွေးအခင်း၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ လဲသွတ်အခင်း၊ ရုပ်ပုံခြယ်သားမွေးအခင်း၊ နှစ်ဖက်မွေးရှိ အခင်း၊ တစ်ဖက်မွေးရှိအခင်း၊ ရွှေချည်ထိုးအခင်း၊ ပိုးချည်အခင်း၊ သားမွေး ခင်းကြီး၊ ဆင်ကုန်းနီး၊ မြင်းကုန်းနီး၊ ရထားခင်းနီး၊ သစ်နက်ရေအခင်း၊ ဝံပိုင့်ရေ အခင်းမြတ်၊ နီသော မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့တည်း၊ ရဟန်းသည် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ဤသည်လည်းထိုရဟန်း၏ သီလပေတည်း။

(၆) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော လိမ်းခြယ် ခြင်း၊ ဆင်ယင်ခြင်းကို ပြုလျက် နေကြ၏။ ထိုလိမ်းခြယ်ဆင်ယင်ခြင်းတို့ကား အဘယ်နည်း?။ နံ့သာဖြင့် ပွတ်သပ်ခြင်း၊ ဆီဖြင့် ဆုပ်နယ်ခြင်း၊ နံ့သာဖြင့် ရေချိုးခြင်း၊ လက်ရုံးကြီးထွားရန် ထုရိုက်ခြင်း၊ မှန်ကြည့်ခြင်း၊ မျက်စဉ်းဆေး ခြယ်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျောင်းလိမ်းကျံခြင်း၊ မျက်နှာကို ခြယ်ခြင်း၊ မျက်နှာကို လိမ်းကျံခြင်း၊ လက်ဝတ်တန်ဆာဆင်ခြင်း၊ သျှောင် ထုံးခြင်း၊ လက်ကိုင်တုတ် ဆောင်ခြင်း၊ ကျည်တောက်လွယ်ခြင်း၊ သန်လျက် ဆောင်ခြင်း၊ ဆန်းကြယ်သော ထီးကို ဆောင်ခြင်း၊ ဆန်း ကြယ်သော

http://www.dhammadownload.com



ဖိနပ်ကိုစီးခြင်း၊ သင်းကျစ်ဖွဲ့ခြင်း၊ ပတ္တမြားဆံကျင်ထိုးခြင်း၊ သားမြီးယပ်ဆောင်ခြင်း၊ အမြိတ်ရှည်ဝတ်ဖြူတို့ကို ဝတ်ခြင်းတို့တည်း။ ရဟန်းသည် ဤသို့လိမ်းခြယ်ဆင်ယင်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၇) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော နတ်ပြည်၊ နိဗ္ဗာန်လမ်း၏ဖီလာစကားကို ပြောလျက်နေကြ၏။

ထိုစကားတို့ကား အဘယ်နည်း?။ မင်းနှင့်စပ်သောစကား၊ ခိုးသူနှင့်စပ်သောစကား၊ အမတ်ကြီးနှင့်စပ်သောစကား၊ စစ်သည်နှင့် စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သောစကား၊ စားဖွယ်နှင့်စပ်သောစကား၊ သောက်ဖွယ်နှင့်စပ်သောစကား၊ အဝတ်နှင့်စပ်သောစကား၊ အိပ်ရာနှင့်စပ်သောစကား၊ ပန်းနှင့်စပ်သောစကား၊ နံ့သာနှင့်စပ်သောစကား၊

---

### ဖီလာစကားဟူသည်

ဥဒ္ဒံ အနုဂန္တာ–အထက်သို့ မသွားမှု၍။ **တိရိယံ အဋ္ဌိတာ**– ဖီလာကန့်လန့် သွားတတ်သောကြောင့် '**တိရစ္ဆာန်**' မည်၏။(အဘိ၌၊ ၂၊ ၄၃၅)

**တိရိယံ အဉ္စိယတိတိ တိရစ္ဆော**၊ နတ်ပြည်၊နိဗ္ဗာန်တို့နှင့် ဖီလာကန့်လန့်၊ ဆန့်ကျင်လျက် သွားတတ်သောကြောင့်လည်း '**တိရစ္ဆာန်**'မည်၏။ (ဓာန်၊ဋီ၊ ၁၄၈)

**အနိယျာနိကတ္တာ**၊ ဝဋ်ဆင်းရဲမှမထွက်မြောက်နိုင်သည်အဖြစ်ကြောင့်။ **သဂ္ဂမောက္ခမဂ္ဂါနံ**၊ နတ်ပြည်၊နိဗ္ဗာန်လမ်းတို့၏။ **တိရစ္ဆာနဘူတာ**၊ ဖီလာကန့်လန့်၊ဆန့်ကျင်ဘက်ဖြစ်သော။ **ကထာ**၊စကားသည်'**တိရစ္ဆာနကထာ**' ဖီလာကန့်လန့်စကား မည်၏။

### တိရစ္ဆာနကထာ '၂၈' မျိုးပါဠိ

ဝေရူပ် တိရစ္ဆာနကထံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ-
ရာဇကထံ စောရကထံ မဟာမတ္တကထံ သေနာကထံ ဘယကထံ
ယုဒ္ဓကထံ အန္နကထံ ပါနကထံ ဝတ္ထကထံ သယနကထံ မာလာကထံ

http://www.dhammadownload.com



ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား၊ ရွာနှင့်စပ်သောစကား၊ နိဂုံးနှင့်စပ်သောစကား၊ မြို့နှင့်စပ်သောစကား၊ နယ်နှင့်စပ်သောစကား၊ မိန်းမနှင့် စပ်သောစကား၊ ယောကျ်ားနှင့်စပ်သောစကား၊ သူရဲကောင်းနှင့်စပ်သောစကား၊ လမ်းနှင့် စပ်သောစကား၊ ရေခပ်ဆိပ်နှင့်စပ်သောစကား၊ သေလွန်သူနှင့် စပ်သောစကား၊ အထွေထွေနှင့်စပ်သောစကား၊ လောကအကြောင်းနှင့်စပ် သောစကား၊ သမုဒ္ဒရာနှင့်စပ်သောစကား၊ ကြီးပွားခြင်း၊ဆုတ်ယုတ်ခြင်းနှင့် စပ်သော၊ စကားတို့တည်း။

ရဟန်းသည် ဤသို့သော နတ်ပြည်နိဗ္ဗာန်၏ဖီလာစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏သီလပေတည်း။

(၈) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသောသုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော အငြင်း စကားကို ပြောလျက် နေကြ၏။ ထိုအငြင်းစကားတို့ကားအဘယ်နည်း?။

သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယကို အသို့ သိနိုင်အံ့နည်း၊ သင်သည် မှားသောအကျင့် ရှိသူ ဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူဖြစ်၏၊ ငါ၏ စကားသည် စေ့စပ်၏၊ သင်၏စကားသည် မစေ့စပ်၊ သင်သည် ရှေးဦးဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်၏ ကြာမြင့်စွာ

---

-ဂန္ထကထံ ဉာတိကထံ ယာနကထံ ဂါမကထံ နိဂမကထံ နဂရကထံ ဇနပဒကထံ ဣတ္ထိကထံ ပုရိသကထံ သူရကထံ ဝိသိခါကထံ ကုမ္ဘဋ္ဌာ နကထံ ပုဗ္ဗပေတကထံ နာနတ္တကထံ လောကက္ခာယိကံ သမုဒ္ဒက္ခာယိကံ ဣတိဘဝါဘဝကထံ ဣတိ ဝါ ဣတိ ဝေရူပါယ တိရစ္ဆာန ကထာယ ပဋိဝိရတော ဟောတိ။

http://www.dhammadownload.com



လေ့လာထားသောစကားသည် သင့်ဆီသို့ ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူဒွ်ရှိသော အပြစ်ကို ငါ တင်ပြပြီ၊ သင်အရေးနိမ့်ပြီ၊ ငါ တင်ပြသော အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း ယခုပင် ဖြေရှင်းလော့၊ ဤသည်တို့တည်း။ ရဟန်းသည် ဤသို့သော အငြင်းစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၉) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းကို ပြုလျက် နေကြ၏၊ တမန်အမှုတို့ကား အဘယ်နည်း?။

မင်းတို့၏ အမတ်ကြီးတို့၏ မင်းမျိုးတို့၏ ပုဏ္ဏားတို့၏ သူကြွယ်တို့၏ လုလင်ပျိုတို့၏ ဤအရပ်မှ ထိုအရပ်သို့ သွားလော့၊ ထိုအရပ်မှ ဤအရပ်သို့ လာလော့၊ ဤသည်ကို ဤအရပ်မှ ဆောင်သွားလော့၊ ဤသည်ကို ထိုအရပ်မှ ဆောင်ခဲ့လော့ဟူသော အမှုတို့တည်း၊ ရဟန်းသည် ဤသို့သော တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၁၀) ထို့ပြင်လည်း အချို့သောအရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် လာဘ်အလို့ငှာ အံ့ဖွယ်လည်း ဖြစ်စေကုန်၏၊ မြှောက်ပင့်၍လည်း ပြောကုန်၏၊ အရိပ်အခြည် လည်း ပြုကုန်၏၊ အတင်းအကျပ်လည်း ပြုကုန်၏၊ လာဘ်ဖြင့် လာဘ်ကိုလည်း ရှာမှီးကုန်၏၊ ဤသည်တို့တည်း။ ရဟန်းသည် ဤသို့သော လာဘ်အလို့ငှါ အံ့ဖွယ်ဖြစ်စေခြင်း မြှောက်ပင့်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မဇ္ဈိမသီလ ပြီး၏။

http://www.dhammadownload.com



## မဟာသီလနှင့် ပြည့်စုံခြင်း

(၁) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် အသက်မွေးကြ၏။ ထိုဗီလာအတတ် တို့ကား အဘယ်နည်း?။

အင်္ဂကျမ်း၊ နိမိတ်ကျမ်း၊ ဥပ္ပါတကျမ်း၊ အိပ်မက်ကျမ်း၊ လက္ခဏာ ကျမ်း၊ ကြွက်ကိုက်ကျမ်း၊ မီးပူဇော်ခြင်း၊ ယောက်မဖြင့်ပူဇော်ခြင်း၊ ဖွဲဖြင့် ပူဇော်ခြင်း၊ ဆန်ကွဲဖြင့်ပူဇော်ခြင်း၊ ဆန်ဖြင့်ပူဇော်ခြင်း၊ ထောပတ်ဖြင့်ပူဇော်ခြင်း၊ ဆီဖြင့် ပူဇော်ခြင်း ခံတွင်းဖြင့် ပူဇော်ခြင်း၊ သွေးဖြင့်ပူဇော်ခြင်း၊ အင်္ဂဝိဇ္ဇာအတတ်၊ မြေကြန်အတတ်၊ မင်းမှုရေးရာအတတ်၊ ဘေးငြိမ်းခြင်းကို ပြုသောအတတ်၊ ဖုတ်တစ္ဆေအတတ်၊ မြေအိမ်၌သင်ယူရသောအတတ်၊ မြွေအတတ်၊ အဆိပ် အတတ်၊ ကင်းမြီးကောက်အတတ်၊ ကြွက်ခဲနာကုအတတ်၊ ငှက်သံအတတ်၊ ကျီးသံအတတ်၊ အသက်ဟောအတတ်၊ မြားလွှဲအတတ်၊ သားမြည်သံအတတ်၊ ဤသည်တို့တည်း။ ရဟန်းသည် မှားသော အသက်မွေးမှုဖြစ်သော ဤဗီလာ အတတ်တို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်းထိုရဟန်း၏ သီလပေတည်း။

(၂) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် အသက်မွေး ကြ၏။ ဤသည်တို့ကား အဘယ်နည်း?။

ကျောက်မျက်လက္ခဏာ အဝတ်အထည်လက္ခဏာ၊ တုတ်တောင်ဝှေး လက္ခဏာ၊ ဓားလက္ခဏာ၊ သန်လျက်လက္ခဏာ မြားလက္ခဏာလေးလက္ခဏာ ကြွင်းသော လက်နက်လက္ခဏာ၊ မိန်းမလက္ခဏာ၊ ယောကျ်ားလက္ခဏာ၊ သတို့သားလက္ခဏာ၊ သတို့သမီးလက္ခဏာ၊ ကျွန်ယောကျ်ားလက္ခဏာ၊ ကျွန်မိန်းမလက္ခဏာ၊ ဆင်လက္ခဏာမြင်းလက္ခဏာ၊ ကျွဲလက္ခဏာ၊ နွားလား

http://www.dhammadownload.com



လက္ခဏာ၊ နွားလက္ခဏာ၊ ဆိတ်လက္ခဏာ၊ သိုးလက္ခဏာ၊ ကြက်လက္ခဏာ ငုံးလက္ခဏာ၊ ဖွတ်လက္ခဏာ၊ အထွတ်'ကဏ္ဏိကာ'လက္ခဏာ၊ လိပ်လက္ခဏာ၊ သားကောင်လက္ခဏာ ဤသည်တို့တည်း။ ရဟန်းသည် မှားသောအသက် မွေးမှုဖြစ်သော ဤသို့သောဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင် ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၃) ထို့ပြင်လည်း အချို့သောရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သောဖီလာအတတ်ဖြင့် အသက်မွေးကြ၏။ ထိုအသက်မွေးမှု တို့ကား အဘယ်နည်း?။

မင်းတို့ စစ်ထွက်လတ္တံ့၊ မင်းတို့ စစ်ပြန်လာလတ္တံ့၊ ပြည်တွင်း မင်းတို့ စစ်တက်လတ္တံ့၊ ပြည်ပမင်းတို့ စစ်ဆုတ်လတ္တံ့၊ ပြည်ပမင်းတို့ စစ်တက်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ်ဆုတ်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ်အောင်လတ္တံ့၊ ပြည်ပ မင်းတို့ စစ်ရှုံးလတ္တံ့၊ ပြည်ပမင်းတို့ စစ်အောင်လတ္တံ့၊ ပြည်တွင်းမင်းတို့ စစ် ရှုံးလတ္တံ့၊ ဤသို့ ဤမင်း စစ်နိုင်လတ္တံ့၊ ဤမင်း စစ်ရှုံးလတ္တံ့ဟူသော အတတ်တို့တည်း။ ရဟန်းသည် မှားသော အသက်မွေးမှုဖြစ်သော ဤဖီလာ အတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၄) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သောဖီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ထိုအသက်မွေးမှု တို့ကား အဘယ်နည်း?။

လကြတ်လတ္တံ့၊ နေကြတ်လတ္တံ့၊ နက္ခတ်ကြတ်လတ္တံ့၊ လနေတို့ လမ်းမှန်သွားလတ္တံ့၊ လနေတို့ လမ်းလွဲသွားလတ္တံ့၊ နက္ခတ်တို့ လမ်းမှန် သွားလတ္တံ့၊ နက္ခတ်တို့ လမ်းလွဲသွားလတ္တံ့၊ ဥက္ကာကျလတ္တံ့၊ ကြိတ်ထွက်လတ္တံ့၊ လျှောင်လှုပ်လတ္တံ့၊ မိုးထစ်ကြိုးလတ္တံ့၊ လ၊နေနက္ခတ်တို့ တက်ခြင်း၊ သက်ခြင်း၊

http://www.dhammadownload.com



မေးမှိန်ခြင်း၊ တောက်ပခြင်းဖြစ်လတ္တံ့၊ လကြတ်ခြင်းကြောင့်ဤသို့ အကျိုးဖြစ်လတ္တံ့၊ နေကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်ကြတ်ခြင်းကြောင့် ဤသို့အကျိုးဖြစ်လတ္တံ့၊ လနေတို့ လမ်းမှန် သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လ၊နေတို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်တို့ လမ်းမှန်သွားခြင်းကြောင့်ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်တို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ဥက္ကာကျခြင်းကြောင့် ဤသို့ အကျိုးဖြစ် လတ္တံ့၊ ကြိတ်ထွက်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လျှော် လျှပ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ မိုးထစ် ကြိုးခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လ နေ နက္ခတ်တို့ တက်ခြင်းသက်ခြင်း မေးမှိန်ခြင်း တောက်ပခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ ဤသည်တို့တည်း။ ရဟန်းသည် မှားသောအသက်မွေးမှုဖြစ်သော ဤဗိလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်းထိုရဟန်း၏ သီလပေတည်း။

(၅) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သောဗိလာအတတ်ဖြင့် အသက်မွေးကြ၏။ ဤသည်တို့ကား အဘယ်နည်း၊ မိုးကောင်းလတ္တံ့၊ မိုးခေါင်လတ္တံ့၊ ဝပြောလတ္တံ့၊ ခေါင်းပါး လတ္တံ့၊ ငြိမ်းချမ်းလတ္တံ့၊ ဘေးများလတ္တံ့၊ ရောဂါများလတ္တံ့၊ ရောဂါကင်းလတ္တံ့၊ လက်ချိုးရေခြင်းအတတ်၊ ဂဏန်းအတတ်၊ သင်္ချာအတတ်၊ ကဗျာအတတ်၊ လောကာယတကျမ်းအတတ် ဤသည်တို့တည်း။ ရဟန်းသည် မှားသော အသက်မွေးမှု ဖြစ်သော ဤဗိလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၆) ထို့ပြင်လည်း အချို့သောအရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သောဗိလာအတတ်ဖြင့် အသက်မွေးကြ၏။ ဤသည်တို့ကား အဘယ်နည်း၊ သတို့သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သတို့သမီး ပေး၍

http://www.dhammadownload.com



ထိမ်းမြားခြင်း၊ စေ့စပ်ပေးခြင်း၊ ကွာရှင်းပေးခြင်း၊ ဥစ္စာသိမ်းဆည်းစေခြင်း၊ ဥစ္စာဖြန့်ဖြူးစေခြင်း၊ ကျက်သရေတိုးစေခြင်း၊ ကျက်သရေယုတ်စေခြင်း၊ ကိုယ်ဝန်မတည်မြဲသည်ကို တည်မြဲစေခြင်း၊ လျှာခိုင်စေခြင်း၊ မေးခိုင်စေခြင်း၊ လက်ဟန့်မန္တန်စုတ်ခြင်း၊ နားပင်းမန္တန်စုတ်ခြင်း၊ မှန်၌ နတ်သွင်း၍ မေးခြင်း၊ သတို့သမီး၌ နတ်သွင်း၍မေးခြင်း၊ နတ်မေးခြင်း၊ နေကိုလုပ်ကျွေးခြင်း၊ ဗြဟ္မာကို လုပ်ကျွေးခြင်း၊ ခံတွင်းမှ မီးတောက်စေခြင်း သိရိနတ်သမီးကို ပင့်ခေါ်စေခြင်း ဤသည်တို့တည်း။ ရဟန်းသည် မှားသောအသက်မွေးမှုဖြစ်သော ဤဗီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

(၇) ထို့ပြင်လည်း အချို့သော အရှင်သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသောအသက်မွေးမှု ဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့်အသက်မွေးကြ၏။ ဤသည်တို့ကား အဘယ်နည်း။ နတ်ကိုးခြင်း၊ တောင်းဆုပြည့်၍ နတ်ပူဇော်ခြင်း၊ ဖုတ်တစ္ဆေ အတတ်ကို လေ့ကျင့်ခြင်း၊ မြေအိမ်၌နေ၍ သင်အပ်သော အတတ်ကို လေ့ကျင့်ခြင်း၊ ပဏ္ဍုက်ကို ယောကျ်ားဖြစ်စေခြင်း၊ ယောကျ်ားကို ပဏ္ဍုက်ဖြစ် စေခြင်း၊ မြေကြန်အတတ်ကို လေ့ကျင့်ခြင်း၊ ဆောက်လုပ်မည့် မြေရာ၌ အစီအရင်ပြုခြင်း၊ ခံတွင်းဆေးခြင်း၊ ရေချိုးစေခြင်း၊မီးပူဇော်ခြင်း၊ပျို့အန်စေခြင်း၊ ဝမ်းသက်စေခြင်း၊ သလိပ်စသည့် ဒေါသတို့ကို အထက်သို့ လှန်စေခြင်း၊ အောက်သို့ လျှောစေခြင်း ဦးခေါင်းမှ သွေးစသောဒေါသတို့ကို ထွက်စေခြင်း၊ နားဆီချက်ခြင်း၊ မျက်စဉ်းဆီချက်ခြင်း၊ နှာနှတ်ခြင်း၊ ထက်သောမျက်စဉ်း ဆေးဖော်ခြင်း၊ အေးသောမျက်စဉ်းဆေးဖော်ခြင်း၊ တိမ်သလာကို ဆေးကုခြင်း၊ ခွဲစိတ်ကုသခြင်း၊ သူငယ်နာဆေးကုခြင်း၊ မူလဆေးတို့ကိုပေးခြင်း၊ အနာ ဆေးတို့ကို ကပ်ခြင်း ခွာခြင်း ဤသည်တို့တည်း၊ ရဟန်းသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်းထိုရဟန်း၏ သီလပေတည်း။

http://www.dhammadownload.com



## ရန်အောင်ဘုရင်ဥပမာနှင့် သီလ၏အကျိုး

မင်းကြီး စင်စစ်မှုကား ဤသို့ သီလနှင့် ပြည့်စုံသော ထိုရဟန်းသည် ယင်းသို့ သီလစောင့်ထိန်းခြင်းနှင့် စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ။

**ဥပမာ။** မင်းကြီး အဘိသိက်သွန်းပြီးသော ရန်သူကို ပယ်ပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကိုမတွေ့မြင်ရသကဲ့သို့၊ ဤအတူ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကိုမတွေ့မြင်ရ။

ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစား၏။ မင်းကြီး ရဟန်းသည် ဤသို့လျှင်သီလနှင့် ပြည့်စုံပေ၏။

သီလခန်း ပြီး၏။

♦ ♦ ♦

---

### သီလအကျိုးပြ(ပါဠိ)

**ဝေံ သီလသမ္ပန္နော န ကုတောစိ ဘယံ သမနုပဿတိ၊ ယဒိဒံ သီလသံဝရတော။ သော ဣမိနာ အရိယေနသီလက္ခန္ဓေန သမန္နာဂတော အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ။**

### အပြစ်ကင်းသောချမ်းသာ

'အနဝဇ္ဇသုခ'ဟူသည်အပြစ်မရှိသော သီလကြောင့်ဖြစ်သော 'အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ပီတိ၊ ပဿဒ္ဓိ'တရားတို့ဖြင့် သိမ်းယူအပ်သော ကာယိက၊စေတသိကသုခ။

### 'သီလသံဝရတော'ဟူသည်

သီလမစောင့်ခြင်းဟူသောအကြောင်းကြောင့် အကြင်ဘေးအမျိုးမျိုးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုဘေးတို့တွင် သီလသံဝရတရားကြောင့် ဘေးတစ်မျိုးသော်မှ လုံး၀ဖြစ်ပေါ်လာနိုင်ခြင်းမရှိ။

http://www.dhammadownload.com



## ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံခြင်း

မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း?။ ဣန္ဒြေတို့ကို စောင့်စည်းသနည်း?။

(၁) မင်းကြီး ဤလောက၌ ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကိုမြင်သော် မိန်းမယောကျ်ားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေစသောအင်္ဂါ၊ ပြုံးဟန်ရယ်ဟန်စသောအမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။

အကယ်၍ စက္ခုန္ဒြေကို မစောင့်စည်းဘဲနေလျှင် ယင်းစက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် မက်မောခြင်း'အဘိဇ္ဈာ'၊ နှလုံးမသာခြင်း'ဒေါမနဿ'ဟူသော ယုတ်မာသော အကုသိုလ် တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။

ထို့ကြောင့် ရဟန်းသည် ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

---

## ဣန္ဒြေစောင့်စည်းပုံပါဠိ

(၁) **စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ။ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ- အဘိဇ္ဈာ,ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။ တဿ သံဝရာယ ပဋိပဇ္ဇတိ။ ရက္ခတိ စက္ခုန္ဒြိယံ။ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။** (သောတ။တူသည်)

**ဣန္ဒြိယသံဝရသီလ**-စက္ခုစသောဣန္ဒြေ(၆)ပါးတို့၌ အကုသိုလ်များ ဝင်မလာနိုင်အောင် သတိဖြင့် စောင့်စည်းမှုကို '**ဣန္ဒြိယသံဝရသီလ**' ခေါ်၏။

**နနိမိတ္တဂ္ဂါဟ**- မိန်းမ၊ယောကျ်ား၊အပျို၊အအိုစသောပုံသဏ္ဌာန်နိမိတ်၊ သုဘ၊ အသုဘစသောနိမိတ်တို့ကို မမှတ်ယူခြင်း။(အမူမဲ့အမှတ်မဲ့မြင်မှုမျိုး)

**နာနုဗျဉ္ဇနဂ္ဂါဟ**-ကိုယ်,လက်,ခေါင်း,ခါး,ခြေစသည်တို့ဖြင့် သွားဟန်၊လှုပ်ဟန်၊ပြုံးမဲ့၊ရယ်ဟန်စသော အင်္ဂါအစိတ်အပိုင်းတို့ကို မမှတ်ယူခြင်း။ (မြင်ကာမျှမျိုး)

http://www.dhammadownload.com



(၂) နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။
(၃) နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်။ပ။
(၄) လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။
(၅) ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။
(၆) စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် မိန်းမယောကျာ်းစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေစသောအင်္ဂါ၊ ပြုံးဟန်ရယ်ဟန် စသောအမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့မရှိ။

အကယ်၍ မနိန္ဒြေကို မစောင့်စည်းဘဲနေလျှင် ယင်းမနိန္ဒြေကို မစောင့်စည်း ခြင်းဟူသော အကြောင်းကြောင့်မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏။

ထို့ကြောင့် ရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

(၇) ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ **'(ကိလေသာနှင့်)မရောသောချမ်းသာ'**ကို ခံစား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိပေ၏ 'ဣန္ဒြေတို့ကို စောင့်စည်းပေ၏'။

---

## ဣန္ဒြိယသံဝရသီလအကျိုး

**(၇) သော ဣမိနာ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော အဇ္ဈတ္တံ 'အဗျာသေကသုခံ' ပဋိသံဝေဒေတိ။**

(၇) လောကီလူသားတို့နေ့စဉ်ခံစားနေသော ကာမဂုဏ်ချမ်းသာတို့သည် မိမိတို့စိတ်၌ သာယာနှစ်သက်မှုတဏှာစသော ကိလေသာဓာတ်တို့ ရောနှောထည့်ခတ်ထားသဖြင့်သာ အရသာရှိ၏။ တဏှာစသောကိလေသာဓာတ်တို့ မပါလျှင် အရသာလုံးဝ မရှိတော့ချေ။ ဣန္ဒြေစောင့်စည်းသဖြင့် ရရှိသောချမ်းသာကား ထိုတဏှာစသောဓာတ်တို့ရောစွက်မှုမပါ။ ပင်ကိုယ်သဘောအတိုင်း အရသာပေါ်နေသော သုခဖြစ်သဖြင့် 'အဗျာသေကသုခ'မရောနှောသောချမ်းသာဟု ခေါ်သည်။

http://www.dhammadownload.com



## သတိ,သမ္ပဇဉ်ပြည့်စုံခြင်း

မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် အောက်မေ့ခြင်း 'သတိ'၊ ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသနည်း?။

မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ဆင်ခြင်လျက် ပြုလေ့ရှိ၏။ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ မင်းကြီး ရဟန်းသည် ဤသို့လျှင် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံပေ၏။

---

### သတိသမ္ပဇဉ်ပြည့်စုံပုံပါဠိ

**အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။ သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။ ဂတေ၊ဌိတေ၊နိသိန္နေ၊သုတ္တေ၊ဇာဂရိတေ ဘာသိတေ၊တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။**

သတိသမ္ပဇဉ်- မည်သည့်ကိစ္စ၌မဆို သတိရှိခြင်း၊ ဆင်ခြင်စဉ်းစား လေ့ရှိခြင်းကို 'သတိသမ္ပဇဉ်'ပြည့်စုံသည်ဟု ခေါ်၏။

သမ္ပဇဉ်(၄)ပါး- မည်သည့်ကိစ္စမဆို ဆင်ခြင်စဉ်းစားမှု 'ဉာဏ်'(၄)မျိုးရှိ၏။ (၁)အကျိုးရှိ/မရှိ ဆင်ခြင်စဉ်းစားမှု-**သာတ္ထကသမ္ပဇဉ်**၊ (၂) အကျိုးရှိစေကာမူ မိမိနှင့် သင့်/မသင့် ဆင်ခြင်စဉ်းစားမှု-**သပ္ပါယသမ္ပဇဉ်**၊ (၃) ကမ္မဋ္ဌာန်းအာရုံအဖြစ်ဆင်ခြင်မှု-**ဂေါစရသမ္ပဇဉ်**၊ (၄) ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမစသည်သွား၊လာမှုမဟုတ်။ ရုပ်ဓာတ်၊နာမ်ဓာတ်သဘောတို့သာ အကြောင်းအကျိုးပြု၍ သွားလာမှုဟု ဆင်ခြင် စဉ်းစားသိမှု-**အသမ္မောဟသမ္ပဇဉ်**တို့ ဖြစ်၏။

http://www.dhammadownload.com



## သန္တောသနှင့်ပြည့်စုံခြင်း

မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ရောင့်ရဲလွယ်သနည်း?။

(၁) မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ကိုမျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့် အတူပါမြဲ ပရိက္ခရာမျှသာရှိသဖြင့် တစ်ပါတည်း ယူပြီးဖြစ်၍ သာလျှင် သွား၏။

(၂) မင်းကြီး အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့၊ မင်းကြီး ဤအတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊

ထိုရဟန်းသည် သွားလေရာရာသို့ ကိုယ်နှင့် အတူပါမြဲ ပရိက္ခရာမျှသာရှိသဖြင့် တစ်ပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် ရောင့်ရဲလွယ် ပေ၏။

---

## သန္တောသပြည့်စုံပုံပါဠိ

**(၁) ဘိက္ခု သန္တုဋ္ဌော ဟောတိ၊ ကာယပရိဟာရိကေန စီဝရေန၊ ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန။ သော ယေနယေနေဝ ပက္ကမတိ၊ သမာဒါယေဝ ပက္ကမတိ။**

**(၂) သေယျထာပိ၊ မဟာရာဇ၊ ပက္ခီ သကုဏော ယေန ယေနေဝ ဍေတိ၊ သပတ္တဘာရောဝ ဍေတိ။**

အပိုအမိုမတောင့်တဘဲ မိမိသုံးစွဲစားသောက်လောက်ရုံမျှဖြင့် တင်းတိမ် ကျေနပ်မှုသဘောကို **'သန္တောသ'** ခေါ်၏။ ထိုသန္တောသ(၄)မျိုး ရှိ၏။

**(၁)ယထာလာဘသန္တောသ**- ကောင်းကောင်း၊ဆိုးဆိုး ရရုံမျှဖြင့်သာ ရောင့်ရဲခြင်း။(နောက်ထပ်ရဖို့လည်းမပူဆာ၊ ရလာလျှင်လည်း စွန့်လွှတ်လှူဒါန်းသည်)

**(၂)ယထာဗလသန္တောသ**- မိမိမှာ ရောဂါကြောင့် မတည့်သော ဆွမ်း၊ဆွမ်း ဟင်းတို့ကို တည့်သောဆွမ်း၊ဆွမ်းဟင်းတို့ဖြင့် လဲလှယ်၍ ရောင့်ရဲခြင်း။

**(၃)ယထာသာရုပ္ပသန္တောသ**- သင်္ကန်းကောင်းရလျှင် ထိုသင်္ကန်းကောင်း သည် မထေရ်ကြီးများနှင့် သင့်လျော်၏ဟု လှူ၍ မိမိမှာ တော်ရုံသင်္ကန်းကို ဝတ်ရုံသုံးဆောင်၍ ရောင့်ရဲခြင်း။

http://www.dhammadownload.com



## နီဝရဏအငါးပါးကို ပယ်မှုပြည့်စုံခြင်း

(၁) ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍၊ ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍၊ ဤမြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့်လည်း ပြည့်စုံသည်ဖြစ်၍၊ ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍၊ ဆိတ်ငြိမ်သော ကျောင်း၊အိပ်ရာ၊နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။

(၂) ထို(ရဟန်း)သည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။

၁။ ထိုရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' ကို ပယ်၍၊ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ' မှ စိတ်ကို စင်ကြယ်စေ၏၊

---

## တရားအားထုတ်ရန်အခြေခံအကြောင်း(၄)မျိုး

(၁) မြတ်သော သီလက္ခန္ဓအကျင့်။ ၂။ မြတ်သော ဣန္ဒြိယသံဝရအကျင့်။ ၃။မြတ်သော သတိသမ္ပဇညအကျင့်။ ၄။ မြတ်သော သန္တောသ(သန္တုဋ္ဌိ)အကျင့်။

## တရားအားထုတ်ရာနေရာဌာန(၉)မျိုး

(၁) ရွာမနီးဝေး ဘေးမဆက်ဆံ လူသံတိတ်ဆိတ် မိတ်ကောင်းလည်းရ ပစ္စည်းမျှသော တောကျောင်း။ ၂။ တိတ်ဆိတ်၍အရိပ်ကောင်းသော သစ်ပင်ရင်း။ ၃။ ရှုမျှော်ခင်းသာယာသော တောင်ပေါ်။ ၄။ စိမ်းစိုသော သစ်ပင်တို့ဖြင့် စိတ်အေးချမ်းမြ သမာဓိရလွယ်သော ချောက်ကမ်းပါး။ ၅။ တောင်ခေါင်းလှိုဏ်ဂူ။ ၆။ အသုဘကမ္မဋ္ဌာန်းနှလုံးသွင်းရန်သင့်လျော်သော သုသာန်သင်းချိုင်း။ ၇။ လူသူလေးပါး မရောက်နိုင်သော တောအုပ်အတွင်း။ ၈။ အကာအကွယ်မရှိ ကျယ်ဝန်းလှသော လွင်တီးခေါင်အရပ်။ ၉။ သစ်ပင်ချုံငယ်တို့အပေါ်ဝယ် ကောက်ရိုးတို့ပုံထားရာနေရာ။

http://www.dhammadownload.com



၂။ ပျက်စီးစေလိုသောဒေါသကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည် ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏။

၃။ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှကင်းသည်ဖြစ်၍ အောက်မေ့၊ ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။

၄။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'၊ နောင်တတစ်ဖန်ပူပန်ခြင်း'ကုက္ကုစ္စ' ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည် ဖြစ်၍နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'၊ နောင်တတစ်ဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏၊

၅။ ယုံမှားခြင်း'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ' ကို လွန် မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌သို့လော သို့လော မရှိသည် ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ' မှ စိတ်ကို စင်ကြယ်စေ၏။

---

## ကမ္မဋ္ဌာန်းတရား စတင်အားထုတ်ပုံ

(၂) '**ဥဇုံ ကာယံ ပဏိဓာယ**'အထက်ပိုင်းကိုယ်ကို ဖြောင့်စွာထား၍၊ '**ပလင်္ကံ အာဘုဇိတွာ နိသီဒတိ**' ထက်ဝယ်ဖွဲ့ခွေထိုင်မှုဟူသော ကိုယ်ကိုသိမ်းဆည်းခြင်း၊ '**ပရိမုခံ သတိံ ဥပဋ္ဌပေတွာ**' စိတ်ကို သတိပဋ္ဌာန်အာရုံတစ်ခုခုအပေါ်မှာ သတိကပ် ထားမှုဟူသော စိတ်ကိုသိမ်းဆည်းခြင်း၊ ထိုနှစ်မျိုးနှင့်ပြည့်စုံစေသောအလုပ်ကို '**တရား အားထုတ်သည်၊ ကမ္မဋ္ဌာန်းထိုင်သည်**'ဟု ခေါ်၏။ ထိုကမ္မဋ္ဌာန်းသည် သတိရှေ့သွား၊ အသိနောက်လိုက်ဖြစ်သော '**သမထကမ္မဋ္ဌာန်း**'၊ အသိရှေ့သွား၊သတိနောက်လိုက် ဖြစ်သော '**ဝိပဿနာကမ္မဋ္ဌာန်း**'ဟု (၂)မျိုး ရှိ၏။

## နီဝရဏ(၅)ပါးကို ပယ်ခွာမှုဖြစ်ပုံများ

၁။ သော အဘိဇ္ဈံ လောကေ ပဟာယ၊ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ၊ အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ။

http://www.dhammadownload.com



## ကြွေးကင်းသူဥပမာနှင့် ကာမစ္ဆန္ဒငြိမ်းမှု

မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ရာ၏၊ ထိုသူ၏အလုပ်တို့သည် ဖွံ့ဖြိုးကုန်ရာ၏၊ ထိုသူသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ရာ၏၊ ထိုသူအား သားမယား ကျွေးမွေးရန် အလို့ငှါ အမြတ်လည်း ကျန်ရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏- "ငါသည်ရှေးက ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ခဲ့၏၊ ထိုငါ၏

---

၁။ ကာမစ္ဆန္ဒနီဝရဏတရားအားထုတ်သော ရဟန်း၏စိတ်သည် ငါ၊ငါ့ဥစ္စာဟုစွဲလန်း နိုင်သောလောကအတွင်း၌ အမြင်၊အကြားစသောကာမဂုဏ်အာရုံတို့အပေါ် နှစ်သက်၊ လိုချင်မှုတဏှာ၊အဘိဇ္ဈာကို ပယ်ရှားထားသဖြင့် နှစ်သက်လိုချင်မှု တဏှာ၊အဘိဇ္ဈာ ကင်း၍ သန့်ရှင်းသောစိတ်ဖြင့်နေ၏။ မည်မျှပင်လှပ၊ကောင်းမွန်သောအာရုံ ဖြစ်နေ ပါစေ။ မသာယာ၊မနှစ်သက်အောင် အားထုတ်နေခြင်းမျိုး ဖြစ်၏။

၂။ **ဗျာပါဒပဒေါသံ ပဟာယ၊ အဗျာပန္နစိတ္တော ဝိဟရတိ၊ သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ၊ ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ။**

စိတ်ဆိုး၊စိတ်ညစ်၊စိတ်ပျက်၊စိတ်ဆင်းရဲ၊မနာလို၊သဝန်တိုမှုသဘော ဗျာပါဒ၊ ဒေါသကို ပယ်ရှားထားသဖြင့် ဗျာပါဒ၊ဒေါသလွတ်ကင်း၍ သန့်ရှင်းသောစိတ်ဖြင့် နေ၏။ မည်မျှလောက်သောဒေါသဖြစ်စရာအာရုံနှင့်ကြုံတွေ့နေရပါစေ။ ဒေါသမဖြစ် အောင် အားထုတ်နေခြင်းမျိုး ဖြစ်၏။

၃။ **ထိနမိဒ္ဓံ ပဟာယ ဝိဂတထိနမိဒ္ဓေါ ဝိဟရတိ၊ အာလောကသညီ၊ သတော သမ္ပဇာနော၊ ထိနမိဒ္ဓါ စိတ္တံ ပရိသောဓေတိ။**

စိတ်ရော၊ကိုယ်ပါ လေးလံထိုင်းမှိုင်းမှု၊ အိပ်ချင်မူးတူးဖြစ်အောင် ငိုက်မြည်းမှု ထိနမိဒ္ဓကိုပယ်ရှားထားသဖြင့် ထိနမိဒ္ဓလွတ်ကင်း၍ သန့်ရှင်းသောစိတ်ဖြင့် နေ၏။ ရှေးကမြင်ဖူးသော အရောင်အလင်းတို့ထင်မြင်လာအောင် သညာဖြင့် သတိထား၊ ဆင်ခြင်လျက် ထိနမိဒ္ဓသန့်ရှင်းစင်ကြယ်အောင် စိတ်ကိုသုတ်သင်နေခြင်းမျိုး ဖြစ်၏။

၄။ **ဥဒ္ဓစ္စကုက္ကုစ္စံ ပဟာယ အနုဒ္ဓတော ဝိဟရတိ၊ အဇ္ဈတ္တံ ဝူပသန္တစိတ္တော၊ ဥဒ္ဓစ္စကုက္ကုစ္စာ စိတ္တံ ပရိသောဓေတိ။**

အပြင်ဘက်အာရုံများသို့ စိတ်ပျံ့၊စိတ်လွင့်သွားမှု၊ စိတ်ပူပန်ကြောင့်ကြနေမှုမျိုး

http://www.dhammadownload.com



အလုပ်တို့သည် ဖွံ့ဖြိုးခဲ့ကုန်၏၊ ငါသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကို လည်း ဆပ်ခဲ့ရ၏၊ ငါ့အား သားမယားကျွေးမွေးရန် အလို့ငှါ အမြတ်လည်း ကျန်သေး၏" ဟု အကြံဖြစ်ရာ၏။ ထိုသူသည် ထို(ကြွေးကင်းခြင်း)ဟူသော အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

## ရောဂါပျောက်သူဥပမာနှင့် ဗျာပါဒငြိမ်းမှု

မင်းကြီး ဥပမာ တစ်မျိုးသော်ကား အနာရောဂါရှိသော ဆင်းရဲနှိပ်စက်ခံရသော ပြင်းစွာမကျန်းမာသော ယောကျာ်းသည် ရှိရာ၏၊ ထိုသူ၌ ထမင်းကိုလည်း စားလိုစိတ် မရှိရာ၊ ထိုသူ၏ ကိုယ်၌ အားလည်း မရှိရာ၊ ထိုသူသည် နောင်အခါ၌ ထိုအနာရောဂါမှ လွတ်ရာ၏၊ ထိုသူ၌ ထမင်းကိုလည်း စားလိုစိတ် ရှိရာ၏၊ ထိုသူ၏ ကိုယ်၌ အားလည်း ရှိရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

"ငါသည် ရှေးက အနာရောဂါရှိသော ဆင်းရဲနှိပ်စက်ခံရသော ပြင်းစွာမကျန်းမာသောသူ ဖြစ်ခဲ့၏၊ ငါ၌ထမင်းကိုလည်း စားလိုစိတ် မရှိခဲ့၊ ငါ၏ ကိုယ်၌ အားလည်း မရှိခဲ့၊ ထိုငါသည် ယခုအခါ ထိုအနာရောဂါမှ လွတ်ခဲ့၏၊ ငါ၌ ထမင်းကိုလည်း စားလိုစိတ်ရှိ၏၊ ငါ၏ ကိုယ်၌ အားလည်း

---

ဥဒ္ဓစ္စ၊ကုက္ကုစ္စကို ပယ်ရှားထားသဖြင့် အတွင်းအဇ္ဈတ္တသန္တာန်၌ စိတ်အစဉ် ငြိမ်သက်အေးမြလျက် နေ၏။ စိတ်ပျံ့လွင့်၊ပူပန်မှုတို့မှ သန့်ရှင်းစင်ကြယ်အောင် သုတ်သင်နေ၏။

၅။ **ဝိစိကိစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော ဝိဟရတိ၊ အကထံကထီ ကုသလေသု ဓမ္မေသု၊ ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ။**

ထိုထို၊ဤဤဖြစ်သလော၊ မဖြစ်သလောဟု တွေးတောယုံမှားမှုဝိစိကိစ္ဆာကို ပယ်ရှားထားသဖြင့် ဝိစိကိစ္ဆာလွတ်ကင်း၍ သန့်ရှင်းသောစိတ်ဖြင့် နေ၏။ တွေးတောယုံမှားမှုမရှိတော့ဘဲ စိတ်သန့်ရှင်းစင်ကြယ်အောင် သုတ်သင်နေမှုမျိုး ဖြစ်၏။

ဤတရား(၅)မျိုးသည် ကုသိုလ်တရားတို့မဖြစ်အောင် ပိတ်ဆို့တားဆီးတတ်သောကြောင့် 'နီဝရဏ' မည်၏။ တရားအားထုတ်သောရဟန်း၏သန္တာန်၌ ထိုနီဝရဏတရားတို့ ကင်းစင်ငြိမ်းအေးနေ၏။

http://www.dhammadownload.com



ရှိ၏''ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထိုအနာကင်းခြင်း အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ရောက်ရာ၏။

## ထောင်လွတ်သူဥပမာနှင့် ထိနမိဒ္ဓငြိမ်းမှု

မင်းကြီး ဥပမာတစ်မျိုးသော်ကား နှောင်အိမ်၌ နှောင်ဖွဲ့ခံရသောယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ရာ၏၊ ထိုသူအား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်း မရှိရာ၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

''ငါသည် ရှေးက နှောင်အိမ်၌ နှောင်ဖွဲ့ခံရ၏၊ ထိုငါသည် ယခုအခါ ထိုနှောင်အိမ်မှ ဘေးကင်းလျက်ချမ်းသာစွာ လွတ်ခဲ့၏၊ ငါ့အား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းလည်း မရှိ''ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထိုနှောင်အိမ်မှ လွတ်ခြင်းအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

## ကျွန်ဥပမာနှင့် ဥဒ္ဒစ္စကုက္ကုစ္စငြိမ်းမှု

မင်းကြီး ဥပမာ တစ်မျိုးသော်ကား မိမိကိုယ်ကို မိမိမစိုးပိုင်သော သူတစ်ပါးတို့ စိုးပိုင်သော အလိုရှိရာသို့မသွားနိုင်သော ကျွန်ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုကျွန် အဖြစ်မှ လွတ်ရာ၏၊ မိမိကိုယ်ကို မိမိစိုးပိုင်သော သူတစ်ပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူ ဖြစ်ရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

''ငါသည် ရှေးက မိမိကိုယ်ကို မိမိမစိုးပိုင်သော သူတစ်ပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွားနိုင်သော ကျွန်ဖြစ်ခဲ့၏၊ ထိုငါသည် ယခု ထိုကျွန်အဖြစ်မှ လွတ်ခဲ့၏၊ မိမိကိုယ်ကို မိမိစိုးပိုင်သော သူတစ်ပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူဖြစ်၏'' ဟု အကြံ ဖြစ်ရာ၏။ ထိုသူသည် ထိုလွတ်လပ်သူဖြစ်ခြင်း အကြောင်းကြောင့်

http://www.dhammadownload.com



ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

### ခရီးသွားသူဥပမာနှင့်ဝိစိကိစ္ဆာငြိမ်းမှု

(၅)မင်းကြီး ဥပမာတစ်မျိုးသော်ကား ယောကျ်ားသည် အစာခေါင်းပါးသော ဘေးရန်ရှိသော၊ ရှည်ဝေးသောခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသောရွာသို့ ရောက်ရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏။

"ငါသည် ရှေးက အစာခေါင်းပါး၍ ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာ အသုံးအဆောင်နှင့်တကွ သွားခဲ့၏၊ ထိုငါသည် ယခုအခါ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသောရွာသို့

---

### နီဝရဏငြိမ်းခြင်းအကျိုးပါဠိ

(၂) သေယျထာပိ၊ မဟာရာဇ၊ **ယထာ အာဏဏျံ ယထာ အာရောဂျံ ယထာ ဗန္ဓနာမောက္ခံ ယထာ ဘုဇိဿံ ယထာ ခေမန္တဘူမိံ**၊ ဧဝမေဝ ခေါ၊ မဟာရာဇ၊ ဘိက္ခု ဣမေ ပဉ္စ နီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတိ။

(၃) တဿိမေ ပဉ္စ နီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတော **ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝေဒေတိ၊ သုခိနော စိတ္တံ သမာဓိယတိ**။

### ကိုယ်စိတ်နှစ်ဖြာချမ်းသာအေးမြ၍ သမာဓိရပုံ

မိမိသန္တာန်၌ ကုသိုလ်စိတ်၏အပိတ်အဆို့ဖြစ်သော နီဝရဏတရား(၅)ပါးတို့ ကင်းစင်ငြိမ်းအေးနေသည်ကို မြင်ရသောရဟန်းအား စိတ်၌ (အနည်းငယ်)ဝမ်းမြောက်ဝမ်းသာ ဖြစ်လာ၏။ အတော်ကြာလာသော် တစ်ကိုယ်လုံးကို စိမ့်ဝင်ပျံ့နှံ့အောင် နှစ်သက်စိတ် ဖြစ်လာ၏။ တစ်ကိုယ်လုံး၌ပီတိနှံ့သဖြင့် ကိုယ်ရောစိတ်ပါ ငြိမ်သက်အေးမြလာ၏။ တစ်ဆက်တည်းမှာပင် ကိုယ်ရောစိတ်ပါ ချမ်းသာမှုသုခတရားကို

http://www.dhammadownload.com



ရောက်ခဲ့၏'' ဟု အကြဲဖြစ်ရာ၏။ ထိုသူသည် ထိုငြိမ်းချမ်းရာသို့ ရောက်ခြင်းအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

## နီဝရဏ(၅)ပါး ငြိမ်းခြင်းအကျိုး

(၁) မင်းကြီး ဤအတူ ရဟန်းသည် 'ကြွေးကဲ့သို့၊ အနာရောဂါကဲ့သို့၊ နှောင်အိမ်ကဲ့သို့၊ ကျွန်အဖြစ်ကဲ့သို့၊ ရှည်ဝေးသောခရီးခဲကဲ့သို့'၊ မိမိ၌ မပယ်ရသေးကုန်သော ဤအပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ကောင်းစွာ မြင်၏။

(၂) မင်းကြီး ကြွေးကင်းခြင်းကဲ့သို့ အနာရောဂါကင်းခြင်းကဲ့သို့ နှောင်အိမ်မှ လွတ်ခြင်းကဲ့သို့ လွတ်လပ်သူ ဖြစ်ခြင်းကဲ့သို့ ငြိမ်းချမ်းရာအရပ်သို့ ရောက်ခြင်းကဲ့သို့၊ ဤအတူ ရဟန်းသည် မိမိ၌ ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ မြင်၏။

(၃) မိမိ၌ ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါး ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ မြင်သောထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ' သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသောရဟန်းသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသောရဟန်း၏ စိတ်သည် တည်ကြည်၏။

---

ခံစားရလေ၏။ မိမိအားထုတ်မှုတရားကြောင့် ချမ်းသာဖြစ်ပေါ်လာသောရဟန်းသည် တောင်တောင်ဤဤ မစဉ်းစားတော့ဘဲ ထိုကမ္မဋ္ဌာန်းအာရုံတစ်ခုတည်းမှာပင် စိတ်စွဲဝင်ကပ်မြုပ်နေမှုဟူသော 'သမာဓိ'သည် ဖြစ်ပေါ်လေ၏။

ပထမဈာန်ဖြစ်ပုံပါဠိ

သော ဝိဝိစ္စေဝ ကာမေဟိ၊ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ၊ သဝိစာရံ၊ ဝိဝေကဇံ ပီတိသုခံ၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

http://www.dhammadownload.com



## ပဌမဈာန်နှင့် ရဟန်းဖြစ်ကျိုး

ထိုရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော၊ သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့် တကွဖြစ်သော'နီဝရဏ' ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏၊

ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ' ကင်းဆိတ်ခြင်း

---

## ပထမဈာန်ဟူသည်

အာရုံကို ကြံစည်နေမှုဝိတက်၊ အာရုံကို အဖန်ဖန်သုံးသပ်နေမှုဝိစာရ၊ အာရုံကို ကျေနပ်သဘောကျနေမှုပီတိ၊ ထိုအာရုံ၌ ကိုယ်နှင့်စိတ်အေးမြချမ်းသာနေမှုသုခဟူသော တရား(၄)ပါးနှင့်တကွဖြစ်သော သမာဓိကိုပင် 'ပထမဈာန်'စိတ်ဟု ခေါ်၏။ အာရုံကို စူးစူးစိုက်စိုက် ရှုမြင်ကြံသိနေမှုသဘောကို 'ဈာန်'ဟုခေါ်ခြင်း ဖြစ်သည်။

ထိုပထမဈာန်၌ပါဝင်သော ဝိတက်သည် အာရုံပေါ်သို့ တင်ပေးမှုကိစ္စ၊ ဝိစာရသည် ထိအာရုံကို ထပ်တလဲလဲပွတ်တိုက်နေမှုကိစ္စ၊ ပီတိသည်အာရုံအပေါ်၌ စိတ်အလိုကျနေမှုကိစ္စ၊ သုခသည် ထိုအာရုံ၌ အေးမြချမ်းသာနေမှုကိစ္စတို့ကို အသီးသီး ဆောင်ရွက်နေလျက် ထိုအာရုံ၌ မခွဲမခွာတော့ဘဲ အာရုံနှင့်စိတ်သည် တစ်ခုတည်း၊ တစ်သားတည်းဖြစ်လျက် တည်ကြည်ငြိမ်သက်မှု'ဧကဂ္ဂတာ'သဘောကိုပင် သမာဓိရသည်၊ ဈာန်စိတ်ဖြစ်နေသည်ဟု ခေါ်ရလေသည်။

## ပထမဈာန်ရသူ၏ချမ်းသာမှု

ပထမဈာန်ချမ်းသာကို ခံစားနေသောယောဂီသန္တာန်၌ ဈာန်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့သည် တစ်ကိုယ်လုံး၌ စိမ့်ဝင်ပျံ့နှံ့လျက် ဖြစ်ကြ၏။ ဥပမာအားဖြင့် ဆပ်ပြာခဲလုပ်ရာ၌ ဆပ်ပြာအစိုင်အခဲ တစ်ခုလုံးထဲသို့ ရေစိမ့်ဝင်နေဘိသကဲ့သို့၊ ထိုရုပ်တို့သည် တစ်ကိုယ်လုံး၌ရှိသောရုပ်များသို့ စိမ့်ဝင်ပျံ့နှံ့လျက် ဖြစ်ကြသည်။

ထိုသို့စိမ့်ဝင်ပျံ့နှံ့ကြသောအခါ ဈာန်စိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောနှင့် တကွသောရုပ်မဟာဘုတ်တို့ အချင်းချင်းတိုးမိ၊ထိမိသဖြင့် ကိုယ်ခန္ဓာအတွင်း၌ လွန်စွာ ချမ်းသာအေးမြမှုသဘောသည် ဖြစ်ပေါ်၏။ ထိုသို့ဖြစ်ခြင်းကိုပင် 'ပီတိစိမ့်သည်'ဟု ပြောဆိုကြလေသည်။

http://www.dhammadownload.com



ကြောင့်ဖြစ်သောနှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ 'နီဝရဏ' ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏တစ်ကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

**ပထမစျာန်၏ဥပမာ**

မင်းကြီး ဥပမာသော်ကား ကျွမ်းကျင်သော ရေချိုးပေးသူသည်လည်းကောင်း ရေချိုးပေးသူ၏တပည့်သည်လည်းကောင်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ဖြူးပြီးလျှင် ရေဖြင့် ဖျန်းလျက်၊ ဖျန်းလျက် အခဲပြုရာ၏၊ ထိုရေချိုးကသယ်မှုန့်ခဲသည် အစေးဖြင့် စိမ့်ဝင်လျက် ရှိရာ၏၊ အစေးဖြင့် ဖွဲ့စည်းလျက် ရှိရာ၏၊ အတွင်း၊အပြင်၌ အစေးဖြင့် ပျံ့နှံ့လျက် ရှိရာ၏၊ ရေယိုကျခြင်းလည်း မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ'

---

**ဒုတိယစျာန်ဖြစ်ပုံပါဠိ**

**မဟာရာဇ၊ ဘိက္ခု ဝိတက္ကဝိစာရာနံ ဝူပသမာ၊ အဇ္ဈတ္တံ သမ္ပသာဒနံ၊ စေတသော ဧကောဒိဘာဝံ၊ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

ဝိတက်သည် အာရုံအမျိုးမျိုးကို ကြံတတ်၏။ ကြံဖန်များလာလျှင် ကာမဂုဏ်အာရုံကိုပင် ကြံမိမှားမှာစိုးရ၏။ ထို့ကြောင့်လည်း ဝိတက်၏ကြံမှုကြောင့် စိတ်သည် ငြိမ်သင့်သလောက်မငြိမ်သက်သေး။ ဝိစာရမှာ ဝိတက်၏တွဲဖက်အဖော်သာတည်း။

သို့ဖြစ်၍ ဝိတက်၊ဝိစာရနှစ်ပါးလုံး မရှိသောစိတ်သည်သာ သာ၍ငြိမ်းအေးပေလိမ့်မည်ဟု ထိုဝိတက်၊ဝိစာရတို့ကိုအပြစ်ရှုကာ ပွားများသောဘာဝနာသည် ဒုတိယစျာန်ရကြောင်း ဖြစ်ပေ၏။

ဤကဲ့သို့ အားထုတ်စဉ်ကပင် ဝိတက်၊ဝိစာရကို အပြစ်မြင်ထားသဖြင့် ဒုတိယစျာန်ဖြစ်ပေါ်သောအခါ ဝိတက်၊ဝိစာရတို့ မပါနိုင်တော့ချေ။ ထို့ကြောင့် ဝိတက်၊ဝိစာရငြိမ်း၍ အတွင်းအဇ္ဈတ္တစိတ်ကို လွန်စွာကြည်လင်နေစေမှု(သဒ္ဓါစေတ်) ပါဝင်လျက် သမာဓိနှင့်အတူတကွဖြစ်သော ပီတိ၊သုခကိုပင် ဒုတိယစျာန်ဟု ခေါ်၏။

http://www.dhammadownload.com



ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ 'နီဝရဏ' ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တစ်ကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးတို့ထက်သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသောရဟန်းဖြစ်ကျိုး ပေတည်း။

## ဒုတိယဈာန်နှင့် ရဟန်းဖြစ်ကျိုး

မင်းကြီး တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက်၊ဝိစာရငြိမ်း ခြင်းကြောင့် မိမိသန္တာန်၌စိတ်ကို ကြည်လင်စေတတ်သော၊ စိတ်တည်ကြည် ခြင်း 'သမာဓိ'ကို ဖြစ်ပွားစေတတ်သော၊ ကြံစည်ခြင်း'ဝိတက်' မရှိသော၊ သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော၊ တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော၊ နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏၊

ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သောနှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တစ်ကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

## ဒုတိယဈာန်၏ဥပမာ

မင်းကြီး ဥပမာသော်ကား နက်စွာသော စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏အရှေ့အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ တောင်အရပ်၌ လည်း ရေဝင်ပေါက် မရှိရာ၊ အနောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မြောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မိုးသည်လည်း အချိန်မှန်မှန်

http://www.dhammadownload.com



သည်းထန်စွာ ရွာသွန်းခြင်း မရှိရာ၊ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေအလျဉ်သည် စိမ့်ထွက်၍ ထိုရေအိုင်ကိုပင်လျှင် အေးမြသော ရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပျံ့နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တစ်ခုလုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သောနှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တစ်ကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးတို့ထက်သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း။

---

**တတိယဈာန်ဖြစ်ပုံပါဠိ**

**ပီတိယာစ ဝိရာဂါ၊ ဥပေက္ခကော စ ဝိဟရတိ၊ သတော သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ၊ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ'တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

ဒုတိယဈာန်၌ပါသော ပီတိသည် နှစ်သက်(တက်ကြွ)ခြင်းသဘော ရှိ၏။ မိမိရသောသုခကို အားရနှစ်သက်၍ တက်ကြွနေသူသည် နှစ်သက်မှုဖြင့် တင်းတိမ်၍ ငြိမ်သက်နေသူလောက် မတည်ကြည်နိုင်ပေ။ ထို့ကြောင့် ထိုပီတိကို စက်ဆုပ်ဖွယ်၊ အပြစ်မြင်လျက် ပီတိဖြင့် ခံစားမှု၌ ဂရုမပြုတော့ပေ။

ထို့ကြောင့် ပီတိကို ခွာ၍ တတိယဈာန်ရအောင် အားထုတ်ပြန်သဖြင့် တတိယဈာန်ကို ရရှိသောအခါ ပီတိမပါတော့ချေ။ သုခနှင့်ဧကဂ္ဂတာ နှစ်ပါးကိုပင် တတိယဈာန်ဟု ခေါ်၏။ တတိယဈာန်ရပုဂ္ဂိုလ်သည် ပီတိကို ပယ်ခွာထား၍၊ ချမ်းသာသုခကို လျစ်လျူရှုထားသော်လည်း မိမိစိတ်အစဉ်၌ ထိုသုခသည်ပင်အထွတ် အထိပ်အဖြစ် ပါဝင်နေပြန်သဖြင့် မခံစားချင်ပေမယ့် ခံစားနေရသလိုပင် ဖြစ်နေပေ၏။

http://www.dhammadownload.com



## တတိယဈာန်နှင့် ရဟန်းဖြစ်ကျိုး

မင်းကြီး တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် (တတိယဈာန်)ကြောင့် ထိုသူ့ကို ''လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာ နေလေ့ရှိသူ'' ဟု (အရိယာပုဂ္ဂိုလ်) တို့သည် ပြောကြားကုန်၏၊

(ရဟန်းသည်) ထိုတတိယဈာန်သို့ရောက်၍ နေ၏၊ ထို(ရဟန်း)သည် ဤကိုယ်ကို ပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း'သုခ' ဖြင့်စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ'ကင်းသော ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တစ်ကိုယ်လုံး၌ မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

## တတိယဈာန်၏ဥပမာ

မင်းကြီး ဥပမာသော်ကား ဥပ္ပလကြာတော၌လည်းကောင်း၊ ပဒုမ္မာကြာတော၌လည်းကောင်း၊ ပုဏ္ဍရိက်ကြာတော၌လည်းကောင်း၊ ဥပ္ပလကြာအချို့တို့သည်လည်းကောင်း၊ ပဒုမ္မာကြာအချို့တို့သည်လည်းကောင်း၊ ပုဏ္ဍရိက်ကြာအချို့တို့သည် လည်းကောင်း ရေ၌ ပေါက်ကုန်၏၊ ရေ၌ကြီးပွား ကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ ထိုကြာတို့သည် အဖျားအရင်းတိုင်အောင် အေးမြသော ရေဖြင့် စိုစွတ်ကုန်၏၊ အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပျံ့နှံ့ကုန်၏၊ ထိုဥပ္ပလကြာ၊ ပဒုမ္မာကြာ ပုဏ္ဍရိက်ကြာတို့၏ အစိတ်အပိုင်း အလုံးစုံ၌ အေးမြသောရေဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပျံ့နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသောချမ်းသာခြင်း 'သုခ'

http://www.dhammadownload.com



ဖြင့် ထိုရဟာန်း၏ တစ်ကိုယ်လုံး၌ မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟာန်း ဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ် လည်းဖြစ်သော သာ၍ မွန်မြတ်သည် လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟာန်းဖြစ်ကျိုး ပေတည်း။

### စတုတ္ထဈာန်နှင့် ရဟာန်းဖြစ်ကျိုး

မင်းကြီး တစ်ဖန် ထို့ပြင်လည်း ရဟာန်းသည် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့် လည်းကောင်း၊ ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့် လည်းကောင်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုရဟာန်းသည် ဤကိုယ်ကိုပင်လျှင်

---

### လောကီသုခတို့တွင် ထိပ်တန်းသုခ

**ခံစားနေရပုံ**- ထိုသုခနှင့်တကွဖြစ်သော စိတ်တို့ကြောင့် စိတ္တဇရုပ်တို့သည် တစ်ကိုယ်လုံးအနှံ့ တိုးပွားလာ၏။ မဟာဘုတ်အချင်းချင်း ထိစပ်သဖြင့် တစ်ကိုယ်လုံး၌ ကိုယ်စိတ်ချမ်းသာမှုဖြစ်သောကြောင့် မခံစားလိုပေမယ့် ချမ်းသာကို ခံစားနေရမှုဖြစ်၏။

ထိုသုခကို ခံစားသောအရာကား သုခသဟဂုတ်ခေါ် စိတ်၊စေတသိက် နာမ်တရား တို့နှင့်ယှဉ်သော သောမနဿဝေဒနာပင်တည်း။ ပုဂ္ဂိုလ်မဟုတ်။ သတ္တဝါ မဟုတ်။ ငါ၊သူတစ်ပါးစသည် မဟုတ်ပေ။

ပီတိနှင့်တကွဖြစ်သောသုခသည် မငြိမ်သက်။ ပီတိမပါသောသုခကား ငြိမ်သက်လေ၏။ ထိုငြိမ်သက်သောသုခကြောင့်သာ ပို၍အရသာပေါ်လာမှု ဖြစ်၏။ ဤသုခသည်သာ လောကီချမ်းသာဟူသမျှတို့တွင် 'ထိပ်တန်းအကျဆုံး' ဖြစ်၏။

ထိုပီတိမပါသော သုခကိုပင် ရည်ရွယ်၍ တတိယဈာန်ရပုဂ္ဂိုလ်ကို အရိယာပုဂ္ဂိုလ်တို့က 'တတိယဈာန်ချမ်းသာကိုပင် ဂရုမပြုဘဲလျစ်လျူရှုနိုင်ပါပေရဲ့၊ ပီတိမဖြစ်အောင် သတိထားနိုင်ပါပေရဲ့၊ ချမ်းသာစွာနေနိုင်ပါပေရဲ့'ဟုချီးမွမ်းကြလေ၏။

http://www.dhammadownload.com



သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏၊ ထိုရဟန်း၏ တစ်ကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

**စတုတ္ထဈာန်၏ဥပမာ**

မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ဖြူသောအဝတ်ဖြင့် ဦးခေါင်းနှင့် တကွ(တစ်ကိုယ်လုံး)ခြုံ၍ ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏ တစ်ကိုယ်လုံး၌ ဖြူသောအဝတ်ဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူ

---

**စတုတ္ထဈာန်ဖြစ်ပုံပါဠိ**

**သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ၊ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ။ သော ဣမမေဝကာယံ-ပရိသုဒ္ဓေန စေတသာ ပရိယောဒါတေန ဖရိတွာ နိသိန္နော ဟောတိ။**

ဤစတုတ္ထဈာန်စိတ်၌ ပီတိမပါရုံမျှမက၊ သုခလည်းမပါသဖြင့် လျစ်လျူရှုမှု ဥပေက္ခာဝေဒနာသာ ပါလေ၏။ ထိုဥပေက္ခာနှင့် ဧကဂ္ဂတာနှစ်ပါးကိုပင် စတုတ္ထဈာန် ဟုခေါ်၏။

**ထိုဥပေက္ခာ၏ခံစားပုံမှာ-** သုခမပါသော်လည်း၊ ဒုက္ခလည်း မယှဉ်နိုင်ခြင်းကြောင့် အင်မတန်ငြိမ်သက်၍ အထက်တန်းကျလှ၏။ ဥပမာအားဖြင့် ပျော်ပျော်ပါးပါး စည်းစိမ်ခံစားနေခြင်းထက်၊ အေးအေးချမ်းမြစွာ နေရခြင်းက သာ၍ အရသာရှိသကဲ့သို့တည်း။ ပျော်ပျော်ပါးပါးခံစားနေသူတို့သည် နောက်ဆုံး၌ ဒုက္ခရကြ၍ အေးအေးချမ်းမြနေသူတို့သည် ဒုက္ခမရကြပေ။

မိမိကြိုက်သော အစားအသောက်ကို ဗိုက်ပြည့်အောင် စားသောက်ပြီး ချမ်းသာခံစားသူသည် ဗိုက်လေးသဖြင့် ကိုယ်လက်မအီမသာ ဖြစ်ခြင်း၊ သွားလာလှုပ်ရှားမှု၌ အဆင်မပြေခြင်း၊ အပေါ့အလေးသွားရခြင်းစသော ဒုက္ခများစွာတို့ ခံစားရ၏။ စားသောက်ဖို့မလိုလောက်အောင် အလိုလို၊ဗိုက်ပြည့်နေသူမှာကား ထိုဒုက္ခတို့ကို အလိုလိုပင် မခံစားရဘဲ ချမ်းသာမှု ဖြစ်နေလေ၏။

http://www.dhammadownload.com



စင်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏၊ ထိုရဟန်း၏ တစ်ကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ် လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးပေတည်း။

စျာန်ခန်းပြီး၏။

♦ ♦ ♦

## ဝိပဿနာဉာဏ် (၁)

၁။ မင်းကြီး တစ်ဖန် ထို့ပြင်လည်း ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော်၊ ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော်၊ နူးညံ့လတ်သော်၊ ပြုခြင်းငှါ သင့်လျော်လတ်သော်၊ တည်တံ့လတ်သော်၊ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည်

---

**သမထဘာဝနာကြောင့် သမာဓိပြည့်စုံပုံ**

**၁။ သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ၊ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။**

၁။ ပထမစျာန်မှ စတုတ္ထစျာန်အထိ ရရှိပြီးသော ရဟန်းသည် ထိုစတုတ္ထစျာန် သမာဓိဖြင့် အလွန်သန့်ရှင်းကြည်လင်လျက် ရှိ၏။ ဥပမာအားဖြင့် လော်ပြီး၊ ဦးပြီး ဖြစ်၍ နူးညံ့သောရွှေသည် ထိုထိုလက်ဝတ်တန်ဆာစသည်တို့ကို ပြုလုပ်ဖို့ရန် တူဖြင့် ထုရိုက်သည့်အခါ မကွဲမပြတ်ဘဲ ခံမြဲတည်တန့်နေသကဲ့သို့ သမာဓိရှိပြီးသော ရဟန်းသည် လှုပ်ရှားယိမ်းယိုင်ခြင်း လုံးဝမရှိတော့။ ထိုအခါ ထိုသမာဓိကို အခြေခံယူလျက် ဝိပဿနာဘာဝနာသို့ တစ်ဆင့်တက်ကာ ပြောင်း၍ အားထုတ်ရပေ၏။

ထိုသမာဓိသည် သမထဘာဝနာအစွမ်းကြောင့်ရရှိခြင်း ဖြစ်၏။ ဤသာမည ဖလသုတ်ပါဠိတော်အတိုင်းဆိုလျှင် သမထဘာဝနာဖြင့် စတုတ္ထစျာန်သမာဓိရမှသာ ဝိပဿနာဘာဝနာသို့ တက်၍ အားထုတ်ရဖွယ်ရှိ၏။ သို့သော် အခြားသုတ္တန်ပါဠိ၊

http://www.dhammadownload.com



ဝိပဿနာဉာဏ်အမြင် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် ဤသို့ သိ၏။

၂။ "ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဘတို့မှ ပေါက်ဖွား၏၊ ထမင်းမုန့်တို့ဖြင့် ကြီးပွားရ၏၊ မမြဲခြင်း

---

အဋ္ဌကထာတို့၌ အပ္ပနာသမာဓိခေါ် ဈာန်အထိ မရသော်လည်း ဥပစာရသမာဓိမျှရလျှင် ဝိပဿနာအားထုတ်နိုင်ပုံကို ညွှန်ပြထား၏။ ဤ၌ကား သာမညဖလနှင့် ပြည့်စုံသော ရဟန်းတော်အား 'သီလ၊သမာဓိ၊ပညာ' သိက္ခာ(၃)ပါး အပြည့်စုံ ကျင့်သုံးနိုင်သဖြင့် လွန်ကဲသော သမာဓိဂုဏ်နှင့် ပြည့်စုံပုံကို အာရုံပြု ကြည်ညိုနိုင်ရမည်သာ ဖြစ်သည်။

## ဝိပဿနာဘာဝနာသို့ ကူးပြောင်းပုံ

၂။ **သော ဧဝံ ပဇာနာတိ 'အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒန-ပရိမဒ္ဒန-ဘေဒန-ဝိဒ္ဓံသန-ဓမ္မော၊ ဣဒဉ္စ ပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓံ'န္တိ။**

၂။ မိမိ၏စိတ်ကို ဝိပဿနာဉာဏ်သို့ ရှေးရှုညွတ်စေသောရဟန်းသည် 'ငါ၏ ကိုယ်သည် အအေးမိခြင်း၊အပူမိခြင်းစသောအကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သောသဘော၏။ တစ်ကိုယ်လုံး၌ 'ပထဝီ၊အာပေါ၊တေဇော၊ဝါယော' ဓာတ်ကြီးလေးပါးသာအခိုင်အမာရှိ၏'ဟုရုပ်သဘောကိုပိုင်းခြားသိမှုသည်'ရူပပရိစ္ဆေဒဉာဏ်'ဖြစ်၏။

မိဘတို့သုတ်သွေးကြောင့် ဖြစ်ရခြင်း၊ ထမင်း၊မုယောမုန့်(ဂျုံမုန့်)တို့ကြောင့် ကြီးပွားရခြင်း။ နံ့သာတို့ဖြင့်လိမ်းကျံရခြင်း၊ နှိပ်နယ်ပေးရခြင်းတို့ကိုသိမှုသည် အကြောင်းကို ပိုင်းခြားသိသော **'ရူပပစ္စယပရိဂ္ဂဟဉာဏ်'** ဖြစ်၏။

မည်မျှပင် ပြုပြင်ပေးသော်လည်း မမြဲခြင်းသဘောရှိပုံ၊ပျက်စီးရခြင်းသဘော ရှိပုံ၊ ဖရိဖရဲပြိုကွဲခြင်းသဘောရှိပုံတို့ကိုသိမှုတို့သည် အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော အနုပဿနာဉာဏ်(၃)မျိုးတို့ဖြင့် သိခြင်း ဖြစ်၏။ ထို့အတူ ငါ၏ဝိညာဏ်ဟူသော နာမ်တရားကား ဤအနိစ္စရုပ်ကိုယ်၌သာ မှီတွယ်လျက် စပ်သွယ်နေရ၏ဟု နာမ် ဝိညာဏ်ကိုလည်း ရုပ်ကဲ့သို့ပင် သိမှုသည် ဖြစ်၏။

ဤမျှလောက် ရုပ်နှင့်နာမ်(ရုပ်နှင့်စိတ်) (၂)မျိုးကို ခွဲခြား၍ သိလျှင်ပင်

http://www.dhammadownload.com



ပွတ်သပ်ပေးရခြင်း၊ ဆုပ်နယ်ပေးရခြင်း၊ ပြိုကွဲခြင်း၊ ပျက်စီးခြင်း၊ သဘော ရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤကိုယ်၌ မှီတွယ်၏၊ ဤကိုယ်၌ပင် ဆက်စပ်နေ၏'' ဟု သိ၏။

**ဥပမာ**။ မင်းကြီး ဥပမာသော်ကား အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြှောင့်ရှိသော ကောင်းစွာပြုပြင်ပြီးဖြစ်သော အရည်ကောင်းသော အထူးကြည်လင်သော နောက်ကျုကင်းသော သွေးခြင်းဖောက်ခြင်းစသော အခြင်းအရာအားလုံးနှင့် ပြည့်စုံသော ဝေဠုရိယ ကြောင်မျက်ရွဲရတနာသည် ရှိရာ၏၊ ထိုဝေဠုရိယကြောင်မျက်ရွဲရတနာ၌ ညိုသောချည်ကိုသော်လည်း

---

အဘိဓမ္မာနည်းအတိုင်း ခန္ဓာ၊အာယတန၊ဓာတ်တို့ဖြင့် အကျယ်ချဲ့၍ မခွဲသော်လည်း ရုပ်ခန္ဓာနှင့်နာမ်ခန္ဓာအပေါ်၌ ဝိပဿနာဘာဝနာ ပွားများအားထုတ်မှု ဖြစ်တော့၏။

ဝိပဿနာဟူသည်-''ဝိ- အနိစ္စ၊ဒုက္ခ၊အနတ္တအားဖြင့် အထူးထူးအပြားပြား။ ပဿ-ရှုမြင်ကြည့်သိမှု''ကိုပင် 'ဝိပဿနာဉာဏ်'ဟု ခေါ်ရလေသည်။

## ဝိပဿနာဉာဏ်ဖြင့် သိပုံဥပမာ

ပတ္တမြားသည် မိမိခန္ဓာကိုယ်နှင့်တူ၍ ပတ္တမြားကို လက်ပေါ်တင် ကြည့်မှုသည် ဝိပဿနာဉာဏ်နှင့် တူ၏။ မျက်စိအမြင်ကောင်းသောယောကျ်ားသည်ကား ဝိပဿနာဘာဝနာ ပွားများအားထုတ်သော ယောဂီရဟန်းနှင့် တူပေ၏။

ယောဂီရဟန်းသည် ဤခန္ဓာကိုယ်၌ ရုပ်သဘောကိုလည်းကောင်း၊ နာမ်သဘောကိုလည်းကောင်း၊ ဖြစ်ပုံ၊ပျက်ပုံ၊မမြဲပုံစသည်တို့ကိုလည်းကောင်း သိမှုထင်ရှားနေခြင်းသည် မျက်စိအမြင်ကောင်းသောယောကျ်ား၏ ပတ္တမြားကို သိပုံ၊ ပတ္တမြား၏ အရည်အသွေးအခြင်းအရာအလုံးစုံကို သိပုံကဲ့သို့ မှတ်အပ်၏။

မိမိရှုသိနေသော ဝိပဿနာဉာဏ်စိတ်ကိုပါ နောက်စိတ်ဖြင့် ပြန်၍ သိနေခြင်းသည် မျက်စိအမြင်ကောင်းသောယောကျ်ား၏ ပတ္တမြား၌ကပ်သီထားသော ကြိုးကိုပါ မြင်နေရသကဲ့သို့ မှတ်အပ်၏။

ဤသို့သော ဝိပဿနာဘာဝနာဖြင့် ရုပ်နှင့်နာမ်တို့၏ ဖြစ်မှု၊ပျက်မှု၊ မမြဲ၊ ဆင်းရဲ၊အစိုးမရမှုတို့ကို ရှုပွားဆင်ခြင်မှုကြောင့် မိမိ၏ပါရမီ၊အနုအရင့်အားလျော်စွာ အချို့မှာ လျင်မြန်စွာမဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်သော်လည်း၊ အချို့မှာကား နှစ်လ ရှည်ကြာစွာ အားထုတ်မှသာ မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်လေ၏။

http://www.dhammadownload.com



ကောင်း၊ ဝါသောချည်ကိုသော်လည်းကောင်း၊ နီသောချည်ကိုသော်လည်း ကောင်း၊ ဖြူသောချည်ကိုသော်လည်းကောင်း၊ ဝါဖျော့သောချည်ကိုသော် လည်းကောင်း တပ်ထားရာ၏၊ ထိုဝေဠုရိယကြောင်မျက်ရွဲရတနာကို မျက်စိအမြင်ရှိသောယောကျ်ားသည် လက်၌တင်ထား၍ ဤသို့ ဆင်ခြင်ရာ၏။

"ဤဝေဠုရိယ ကြောင်မျက်ရွဲရတနာသည် အလွန် တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မြှောင့်ရှိ၏၊ ကောင်းစွာ ပြုပြင်ပြီး ဖြစ်၏၊ အရည် ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုကင်း၏၊ သွေးခြင်း ၊ ဖောက်ခြင်းစသော အခြင်းအရာ အားလုံးနှင့် ပြည့်စုံ၏၊ ထိုဝေဠုရိယ ကြောင်မျက်ရွဲရတနာ၌ ဤညိုသော ချည်ကို တပ်ထား၏ဟူ၍သော် လည်းကောင်း၊ ဤဝါသော ချည်ကို တပ်ထား၏ ဟူ၍သော်လည်း ကောင်း၊ ဤနီသော ချည်ကို တပ်ထား၏ဟူ၍ သော်လည်းကောင်း၊ ဤဖြူသော ချည်ကိုတပ်ထား၏ဟူ၍သော်လည်းကောင်း၊ ဤဝါဖျော့

---

## တရားရှာ ကိုယ်မှာတွေ့နိုင်ပုံ

ဤသာမညဖလသုတ်၌ သမာဓိအားရှိသဖြင့် ဝိပဿနာသို့ ကူးပြောင်း အားထုတ်သောယောဂီသည် '**အယံ ခေါ မေ ကာယော ရူပီ၊ ဣဒဉ္စ ပန မေ ဝိညာဏံ**'စသော ပါဠိစကားတို့ဖြင့် ရုပ်နာမ်ခန္ဓာတရားတို့ကိုမြင်နိုင်ရန်အတွက် မိမိ၏ အရှုတ္တဖြစ်သော ခန္ဓာကိုယ်အတွင်း၌သာ ယထာဘူတဉာဏ်ဖြင့် ကြည့်ရှုရမည် ဖြစ်ကြောင်းကို ညွှန်ပြပေ၏။

သမထဘာဝနာ၏ရည်ရွယ်ချက်မှာ ကိလေသာနီဝရဏတို့ ဝိက္ခမ္ဘနအစွမ်း ဖြင့် ကြာကြာငြိမ်းချမ်းနေမှု ဖြစ်၏။ ဝိပဿနာဘာဝနာ၏ရည်ရွယ်ချက်မှာကား အဝိဇ္ဇာ၊တဏှာစသောကိလေသာတို့ သမုစ္ဆေဒအစွမ်းဖြင့် ထာဝရအမြစ်ပြတ် ငြိမ်းအေးမှု ဖြစ်၏။ ပုထုဇဉ်သတ္တဝါတို့မည်သည် '**အတ္တသမံ ပေမံ နတ္ထိ**'အရ မိမိကိုယ်ကိုသာ အချစ်ဆုံး၊အတွယ်တာဆုံး ဖြစ်၏။ မိမိကိုယ်ခန္ဓာ၌သော်မှ အဝိဇ္ဇာနှင့်တဏှာ မဖြစ် တော့လျှင် အပြင်အပတွင် မည်သည့်ပုဂ္ဂိုလ်၊ပစ္စည်းဝတ္ထုတို့အပေါ်၌ အဝိဇ္ဇာ၊တဏှာတို့ ဖြစ်နိုင်ပေမည်နည်း။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက 'တရားရှာ ကိုယ်မှာတွေ့' ဟု မိန့်ဆိုတော်မူခဲ့ကြလေသည်။

http://www.dhammadownload.com



သော ချည်ကို တပ်ထား၏ဟူ၍သော်လည်းကောင်း'' ဆင်ခြင်ရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် ဝိပဿနာဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် ဤသို့ သိ၏။

''ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဘတို့မှပေါက်ဖွား၏၊ ထမင်းမုန့်တို့ဖြင့် ကြီးပွား၏၊ မမြဲခြင်း၊ ပွတ်သပ်ပေးရခြင်း၊ ဆုပ်နယ်ပေးရခြင်း၊ ပြိုကွဲခြင်း၊ ပျက်စီးခြင်းသဘော ရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤကိုယ်၌ မှီတွယ်၏၊ ဤကိုယ်၌ ဆက်စပ်၏'' ဟု သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ် လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

## မနောမယိဒ္ဓိဉာဏ် (၂)

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် စိတ်ဖြင့် ပြီးသော ကိုယ်ကို ဖန်ဆင်းခြင်း 'မနောမယိဒ္ဓိ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် ဤမိမိကိုယ်မှတစ်ပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏။

http://www.dhammadownload.com



မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ဖြူဆံမြက်မှ အညွန့်တံကို နုတ်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံ ဖြစ်ရာ၏။

"ဤကား ဖြူဆံမြက်တည်း၊ ဤကား အညွန့်တံတည်း။ ဖြူဆံမြက်ကား တခြား၊ အညွန့်တံကား တခြားတည်း။ ဖြူဆံမြက်မှ သာလျှင် အညွန့်တံကို နုတ်ထား၏" ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် သန်လျက်ကို အအိမ်မှ ထုတ်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏။

**"ဤကား သံလျက်တည်း၊ ဤကား အအိမ်တည်း။ သံလျက်ကား တခြား၊ အအိမ်ကားတခြားတည်း၊ အအိမ်မှသာလျှင် သံလျက်ကို နုတ်ထား၏"** ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် အရေခွံမှ မြွေကို ထုတ်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏။

---

### မနောမယဣဒ္ဓိဟူသည်

မနောမယ-စိတ်ကြောင့်ဖြစ်သော၊ ဣဒ္ဓိ-တန်ခိုး။ စိတ်ဖြင့် ရုပ်ခန္ဓာကိုယ် တစ်မျိုးဖြစ်ပေါ်လာအောင် ဖန်ဆင်းနိုင်သောတန်ခိုးကို **'မနောမယဣဒ္ဓိ'**ဟု ခေါ်သည်။

ထိုတန်ခိုးမျိုးရရှိအောင် ရှေးဦးစွာ စတုတ္ထဈာန်နှင့်တကွသော အထက်အရူပ သမာပတ်တွေကိုပါ ရရှိပြီး ဖြစ်ရ၏။ ထိုဈာန်များကိုရရှိထားသောအခါ သာမန်စိတ်တို့နှင့်မတူအောင် လွန်ကဲစွာ ကြည်လင်တည်မြဲသော သမာဓိအားကြီးသည့် စိတ်မျိုးဖြစ်၏။ ထိုသမာဓိရရုံမျှဖြင့်ကား မဖန်ဆင်းနိုင်သေး။ ရရှိပြီးဈာန်တို့ကို အပြန်အလှန် ဝင်စား၍ မိမိစိတ်ကိုနိုင်နင်းအောင် **'ဝသီဘော်'**တို့ကို ပြုရ၏။

ထိုအခါ၌ စိတ်သည် (၁)အလွန်စင်ကြယ်ခြင်း၊ (၂)အလွန်ဖြူစင်ခြင်း၊ (၃)အလွန်အညစ်အကြေးကင်းခြင်း၊ (၄)ညစ်နွမ်းမှုလုံးဝမရှိခြင်း၊ (၅)အလွန်နူးညံ့ခြင်း၊ (၆)ဖန်ဆင်းမှု၌ခံကျန်းခြင်း၊ (၇)အလွန်စင်ကြယ်မှုစသောဂုဏ်၌တည်တန့်နိုင်ခြင်း၊ (၈) လှုပ်ရှားပျက်ပြားခြင်းမရှိခြင်းဟူသော အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသောအခါမှသာ ဖန်ဆင်းမှု **'ဣဒ္ဓိဝိဓ'** တန်ခိုးအမျိုးမျိုးတို့ကို ပြုနိုင်လေသည်။

http://www.dhammadownload.com



**"ဤကား မြွေတည်း၊ ဤကား အရေတည်း။ မြွေကား တခြား၊ အရေကား တခြားတည်း။ အရေခွံမှသာလျှင် မြွေကို ထုတ်ထား၏"** ဟု အကြံဖြစ်ရာ၏။

မင်းကြီးဤအတူ ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော်ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းခြင်းငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထိုရဟန်းသည် ဤမိမိကိုယ်မှ တစ်ပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ် လည်းဖြစ်သော သာ၍ မွန်မြတ်သည် လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

## ဣဒ္ဓိဝိဓဉာဏ် (၃)

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊

(၁)တစ်ယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ (၂)အများဖြစ်လျက်လည်း တစ်ယောက်တည်း ဖြစ်လာ၏၊ (၃)ကိုယ်ကို ထင်ရှား ဖြစ်စေ၏၊ (၄)ကိုယ်ကို ပျောက်ကွယ်စေ၏၊ (၅)နံရံတစ်ဖက် တံတိုင်းတစ်ဖက် တောင်တစ်ဖက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ (၆)မြေ၌လည်း

http://www.dhammadownload.com



ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ (၇)ရေ၌လည်း မကွဲစေဘဲ မြေ၌ကဲ့သို့ သွား၏၊ (၈)ကောင်းကင်၌ လည်းထက်ဝယ် ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ (၉)ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီး ကုန်သော ဤလ၊နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ (၁၀) ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။

မင်းကြီး ဥပမာသော်ကား "ကျွမ်းကျင်သော အိုးထိန်းသည်သည် လည်းကောင်း၊ အိုးထိန်းသည်၏တပည့်သည်လည်းကောင်း မြေကို ညက်စွာ နယ်ပြီးလတ်သော် အလိုရှိရာ အိုးခွက်အမျိုးမျိုးကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏"။

မင်းကြီး ဥပမာတစ်မျိုးသော်ကား "ကျွမ်းကျင်သော ဆင်စွယ် ပန်းပုသည်သည်လည်းကောင်း၊ ဆင်စွယ်ပန်းပုသည်၏ တပည့်သည်လည်းကောင်း ဆင်စွယ်ကို ကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာဆင်စွယ်ထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏"။

မင်းကြီး ဥပမာ တစ်မျိုးသော်ကား "ကျွမ်းကျင်သော ရွှေပန်း ထိမ်သည်သည်လည်းကောင်း၊ ရွှေပန်းထိမ်သည်၏ တပည့်သည် လည်းကောင်း၊ ရွှေကို ကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာ ရွှေထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏"။

မင်းကြီး ဤအတူ ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ် လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့ လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်- ရဟန်းသည် တန်ခိုး

---

## ဣဒ္ဓိဝိဓဟူသည်

ဣဒ္ဓိ-တန်ခိုး။ ဝိဓ-အမျိုးမျိုးအပြားပြား။ တန်ခိုးအမျိုးမျိုးအပြားပြား ဖန်ဆင်းနိုင်သောအဘိညာဏ်ကို 'ဣဒ္ဓိဝိဓ'အဘိညာဏ်ဟု ခေါ်သည်။

http://www.dhammadownload.com



ဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

## ဒိဗ္ဗသောတဉာဏ် (၄)

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညျူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် 'ဒိဗ္ဗသောတ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏နားထက်သာလွန်သော နတ်တို့၏ နားနှင့် တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။

ဥပမာ။ မင်းကြီး ဥပမာသော်ကား ''ခရီးရှည်သွားသော ယောကျ်ားသည် စည်ကြီးသံ မုရိုးစည်သံ၊ ခရသင်းသံ၊ ထက်စည်သံ၊ ပတ်သာသံ များကို ကြားရာ၏''၊ ထိုယောကျ်ားသည် ဤသို့ သိရာ၏။

---

### ဒိဗ္ဗသောတဟူသည်

ဒိဗ္ဗ-နတ်တို့၏သောတကဲ့သို့။ သောတ-ကြားနိုင်သောနား။ နတ်ပြဟ္မာတို့၏နားသည် မည်မျှဝေးသောအသံ၊ တိုးသောအသံတို့ကို ကြားနိုင်သကဲ့သို့ ထိုအတူ လူနတ်တို့၏အသံတို့ကို ကြားနိုင်၊သိနိုင်သော ထူးခြားသောဉာဏ်တစ်မျိုးကို 'ဒိဗ္ဗသောတ'အဘိဉာဏ်ဟု ခေါ်သည်။

http://www.dhammadownload.com



"ဤကား စည်ကြီးသံ၊ ဤကား မုရိုးစည်သံ၊ ဤကား ခရုသင်းသံ၊ ဤကား ထက်စည်သံ၊ ဤကား ပတ်သာသံတည်း" ဟု သိရာ၏။

မင်းကြီး ဤအတူ ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက် သာလွန်သောနတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိ မြင်ရသော ရဟန်း ဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

## စေတောပရိယဉာဏ် (၅)

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် သူတစ်ပါးတို့၏ စိတ်ကို ပိုင်းခြား၍သိသော 'စေတောပရိယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏။

ထိုရဟန်းသည် တစ်ပါးသော သတ္တဝါတစ်ပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ (၁)တပ်မက်ခြင်း 'ရာဂ'နှင့်တကွသောစိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'နှင့်တကွသော '**သရာဂစိတ်**'ဟု သိ၏၊ (၂)တပ်မက်ခြင်း'ရာဂ'ကင်းသောစိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'ကင်းသော '**ဝီတရာဂစိတ်**'ဟု သိ၏၊ (၃)အမျက်ထွက်ခြင်း'ဒေါသ'နှင့် တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'နှင့်တကွသော '**သဒေါသစိတ်**'ဟု သိ၏၊ (၄)အမျက်ထွက်ခြင်း 'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ'ကင်းသော '**ဝီတဒေါသစိတ်**'ဟု သိ၏၊ (၅)တွေဝေခြင်း

http://www.dhammadownload.com



'မောဟ'နှင့်တကွသောစိတ်ကိုလည်း တွေဝေခြင်း'မောဟ'နှင့်တကွသော **'သမောဟစိတ်'**ဟု သိ၏၊ (၆)တွေဝေခြင်း'မောဟ'ကင်းသောစိတ်ကိုလည်း တွေဝေခြင်း 'မောဟ'ကင်းသော **'ဝီတမောဟစိတ်'**ဟု သိ၏၊ (၇)ကျုံ့သော 'သံခိတ္တ'စိတ်ကိုလည်း **'သံခိတ္တစိတ်'**ဟု သိ၏၊ (၈) ပျံ့သော'ဝိက္ခိတ္တ' စိတ်ကိုလည်း **'ဝိက္ခိတ္တစိတ်'**ဟု သိ၏။ (၉)မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ ရောက်သော **'မဟဂ္ဂုတ်စိတ်'**ဟု သိ၏၊ (၁၀)မြတ်သည်၏ အဖြစ်သို့ မရောက်သော အမဟဂ္ဂုတ် စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့မရောက်သော **'အမဟဂ္ဂုတ်စိတ်'**ဟု သိ၏။ (၁၁)သာလွန်သော တရားရှိသော သဥတ္တရစိတ်ကိုလည်းသာလွန်သော တရားရှိသော **'သဥတ္တရစိတ်'**ဟု သိ၏၊ (၁၂)သာလွန်သောတရားမရှိသော အနုတ္တရစိတ်ကိုလည်း သာလွန်သောတရားမရှိသော**'အနုတ္တရစိတ်'**ဟု သိ၏၊ (၁၃)တည်ကြည်သော သမာဟိတစိတ်ကိုလည်း တည်ကြည်သော **'သမာဟိတစိတ်'**ဟု သိ၏၊ (၁၄) မတည်ကြည်သော အသမာဟိတစိတ်ကိုလည်း

---

## စိတ်(၁၆) မျိုးနှင့်သရုပ်ကောက်ပုံ

(၁-၂) ရာဂနှင့်ယှဉ်သောလောဘမူစိတ်(၈)ခုသည် **'သရာဂစိတ်'** မည်၏။ ရာဂကင်းသော လောကီကုသိုလ်(၁၇)ခု၊ လောကီဝိပါက်(၃၂)၊ ကြိယာ(၂၀)စိတ်တို့သည် **'ဝီတရာဂစိတ်'** မည်၏။

(၃-၄)ဒေါသနှင့်ယှဉ်သောဒေါမနဿသဟဂုတ်စိတ်(၂)ခုသည် **'သဒေါသစိတ်'**မည်၏။ ဒေါသနှင့်မယှဉ်သော လောကီကုသိုလ်၊ အဗျာကတစိတ်သည် **'ဝီတဒေါသစိတ်'** မည်၏။

(၅-၆)မောဟနှင့်ယှဉ်သော အကုသိုလ်စိတ်(၁၂)ခုသည် **'သမောဟစိတ်'** မည်၏။ မောဟနှင့်မယှဉ်သော လောကီကုသိုလ်၊အဗျာကတစိတ်သည် **'ဝီတမောဟစိတ်'**မည်၏။

(၇-၈) တွန့်ဆုတ်ပျင်းရိမှုထိနမိဒ္ဓနှင့်ယှဉ်သော သင်္ခါရိကစိတ်(၅)ခုသည် **'သံခိတ္တစိတ်'**မည်၏။ ပျံ့လွင့်သော ဥဒ္ဓစ္စသဟဂုတ်စိတ်သည်**'ဝိက္ခိတ္တစိတ်'**မည်၏။

http://www.dhammadownload.com



မတည်ကြည်သော **'အသမာဟိတစိတ်'**ဟု သိ၏၊ (၁၅)လွတ်မြောက်သော ဝိမုတ္တစိတ်ကိုလည်း လွတ်မြောက်သော **'ဝိမုတ္တစိတ်'**ဟု သိ၏၊ (၁၆) မလွတ်မြောက်သော အဝိမုတ္တစိတ်ကိုလည်း မလွတ်မြောက်သော **'အဝိမုတ္တစိတ်'**ဟု သိ၏။

---

(၉-၁၀)ရူပစိတ်၊အရူပစိတ်(၂၇)ခုတို့သည် မြတ်သော**'မဟဂ္ဂတစိတ်'** မည်၏။ ကာမစိတ်တို့သည် မမြတ်သော**'အမဟဂ္ဂတစိတ်'**မည်၏။

(၁၁-၁၂)ကာမစိတ်(၅၄)ခုတို့သည် မိမိထက်အလွန်ရှိသော**'သဉတ္တရစိတ်'** မည်၏။ ရူပ၊အရူပစိတ်တို့သည် မိမိထက်အလွန်မရှိသော**'အနုတ္တရစိတ်'** မည်၏။

(၁၃-၁၄)အပ္ပနာသမာဓိ၊ ဥပစာသမာဓိနှင့်ယှဉ်သောစိတ်သည် **'သမာဟိတစိတ်'** မည်၏။ ထိုသမာဓိနှင့်မယှဉ်သောစိတ်သည်**'အသမာဟိတစိတ်'**မည်၏။

(၁၅-၁၆)တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ကိလေသာမှလွတ်သောစိတ်သည် **'ဝိမုတ္တစိတ်'** မည်၏။ တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ကိလေသာမှ မလွတ်သောစိတ်သည် **'အဝိမုတ္တစိတ်'** မည်၏။

### ဝိမုတ္တ(၅)မျိုးဖြင့် လွတ်မြောက်ခြင်း

တဒင်္ဂဝိမုတ္တ၊ဝိက္ခမ္ဘနဝိမုတ္တ၊သမုစ္ဆေဒဝိမုတ္တ၊ပဋိပဿဒ္ဓိဝိမုတ္တ၊နိဿရဏဝိမုတ္တဟူ၍ ဝိမုတ္တ-လွတ်မြောက်ခြင်း(၅)မျိုးရှိ၏။

ထိုတွင် မဟာကုသိုလ်စိတ်(၈)ခုသည် ကုသိုလ်စိတ္တက္ခဏသမင်္ဂီ တို့၌ အကုသိုလ်စိတ္တက္ခဏသမင်္ဂီတို့မှ လွတ်မြောက်နေသောကြောင့် 'တဒင်္ဂဝိမုတ္တ'မည်၏။ မဟဂ္ဂုတ်စိတ်(၂၇)ခုသည် ဈာန်၊သမာပတ်အစဉ်တို့၌ ကိလေသာနီဝရဏတရားတို့မှ ကြာကြာလွတ်မြောက်နေသောကြောင့် 'ဝိက္ခမ္ဘနဝိမုတ္တ' မည်၏။ မဂ်စိတ်(၄)ခုသည် မီးကို ရေဖြင့် လောင်းအပ်သကဲ့သို့ မိမိတို့ဆိုင်ရာ ကိလေသာ(၁၀)ပါးတို့မှ အကြွင်းမရှိ လွတ်မြောက်နေသောကြောင့် 'သမုစ္ဆေဒဝိမုတ္တ'မည်၏။ ဖိုလ်စိတ်(၄)ပါးတို့သည် ငြိမ်းပြီးမီးကို တစ်ဖန်ရေဖြင့် လောင်းသကဲ့သို့ ထပ်မံလွတ်မြောက်သောကြောင့် 'ပဋိပဿဒ္ဓိဝိမုတ္တ' မည်၏။ နိဗ္ဗာန်သည်ကား ဥပါဒါနက္ခန္ဓာလောကမှ ထာဝရ လွတ်မြောက်သောကြောင့် 'နိဿရဝိမုတ္တ'မည်၏။

http://www.dhammadownload.com



ဥပမာ။ မင်းကြီး ဥပမာသော်ကား ငယ်ရွယ်သော အလှပြင်လေ့ရှိသော မိန်းမ ပျိုသည် လည်းကောင်း၊ ယောကျ်ားပျိုသည် လည်းကောင်း၊ သန့်ရှင်း ဖြူစင်သော မှန်၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေ၊ မိမိမျက် နှာရိပ်ကို ကြည့်ရှုလတ်သော် မှဲ့ စသော အပြောက်အစွန်းရှိသည်ကို မှဲ့စသော အပြောက်အစွန်း ရှိ၏ဟု သိရာ၏၊ မှဲ့စသော အပြောက် အစွန်း မရှိသည်ကို မှဲ့စသော အပြောက်အစွန်းမရှိဟု သိရာ၏။

မင်းကြီး ဤအတူ ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ် လတ်သော် ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော်၊ တည်တံ့ လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် သူတစ်ပါး တို့၏။ စိတ်ကိုပိုင်းခြား၍ သိသော 'စေတောပရိယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွှတ်စေ၏၊

ထိုရဟန်းသည် တစ်ပါးသော သတ္တဝါတစ်ပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ (၁)တပ်မက်ခြင်း 'ရာဂ'နှင့်တကွ သောစိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'နှင့်တကွသော 'သရာဂစိတ်'ဟု သိ၏၊ (၂)တပ်မက်ခြင်း'ရာဂ'ကင်းသောစိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'ကင်းသော 'ဝီတရာဂစိတ်'ဟု သိ၏။ (၃)အမျက်ထွက်ခြင်း'ဒေါသ'နှင့် တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'နှင့်တကွသော 'သဒေါသစိတ်'ဟု သိ၏၊ (၄)အမျက်ထွက်ခြင်း 'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက် ခြင်း 'ဒေါသ'ကင်းသော 'ဝီတဒေါသစိတ်'ဟု သိ၏၊ (၅)တွေဝေခြင်း 'မောဟ'နှင့်တကွသောစိတ်ကိုလည်း တွေဝေခြင်း'မောဟ'နှင့်တကွသော 'သမောဟ စိတ်'ဟု သိ၏၊ (၆)တွေဝေခြင်း'မောဟ'ကင်းသောစိတ်ကိုလည်း တွေဝေခြင်း 'မောဟ'ကင်းသော 'ဝီတမောဟစိတ်'ဟု သိ၏။ (ပ) (၁၆) မလွတ်မြောက်သော အဝိမုတ္တစိတ်ကိုလည်း မလွတ်မြောက်သော '**အဝိမုတ္တ စိတ်**'ဟု သိ၏။

http://www.dhammadownload.com



မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသောရဟန်း ဖြစ်ကျိုးပေတည်း။

**မှတ်ချက်။** တွေဝေခြင်း 'မောဟ' ဟူသည် သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်း အမှားကို သိခြင်းတည်း။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၆)

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့၏၊ ဤသည်တို့ကားအဘယ်နည်း?။

"တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝတို့ကိုလည်းကောင်း၊ သုံးဘဝတို့ကိုလည်းကောင်း၊ လေးဘဝတို့ကိုလည်းကောင်း၊ ငါးဘဝတို့ကိုလည်းကောင်း၊ ဆယ်ဘဝတို့ကိုလည်းကောင်း၊ ဘဝနှစ်ဆယ်တို့ကိုလည်းကောင်း၊ ဘဝသုံးဆယ်တို့ကိုလည်းကောင်း၊ ဘဝလေးဆယ်တို့ကိုလည်းကောင်း၊ ဘဝငါးဆယ်တို့ကိုလည်းကောင်း၊ ဘဝတစ်ရာကိုလည်းကောင်း၊ ဘဝတစ်ထောင်၊ ဘဝတစ်သိန်း၊ ဘဝရာပေါင်းများစွာ၊ ဘဝထောင်ပေါင်းများစွာ၊ ဘဝသိန်းပေါင်းများစွာတို့ကိုလည်းကောင်း၊ များပြားသောပျက်ကပ်၊ ဖြစ်ကပ်၊ ပျက်ကပ်ဖြစ်ကပ်တို့ကိုလည်းကောင်း-

'ဤမည်သော ဘဝ၌ ငါသည် ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော အနွယ် ရှိခဲ့၏၊ ဤသို့သော အဆင်း ရှိခဲ့၏၊ ဤသို့သော အစာ ရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော

http://www.dhammadownload.com



အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို ငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ် ရှိခဲ့၏၊ ဤသို့သောအဆင်း ရှိခဲ့၏၊ ဤသို့သော အစာ ရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏' ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်၊အနွယ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဖူးသော ဘဝကိုအောက်မေ့၏"။

---

## ပုဗ္ဗေနိဝါသာနုဿတိဟူသည်

ပုဗ္ဗေ-ရှေးရှေးဘဝ၌၊ နိဝါသ-နေထိုင်ခဲ့ဖူး၊တွေ့ကြုံခဲ့ဖူးသမျှကို၊ အနုဿတိ-အစဉ်မပြတ် အမှတ်ရနိုင်၊ အောက်မေ့နိုင်ခြင်း။ ရှေးရှေးဘဝတို့၌ နေထိုင်ခဲ့ဖူးသမျှကို အမှတ်ရအောက်မေ့နိုင်သောသတိနှင့်ယှဉ်သော ဉာဏ်ကို '**ပုဗ္ဗေနိဝါသာနုဿတိ**' အဘိဉာဏ်ဟု ခေါ်သည်။

ဤအဘိဉာဏ်ဖြင့် ရှေးရှေးဘဝတို့ကို ပြန်ပြောင်းအမှတ်ရ၍ သိနိုင်ရာ၌ အဘိဉာဏ်အစွမ်းအလိုက် သိကြရပေ၏။ မြတ်စွာဘုရားရှင်တို့မှာ ဘဝအသင်္ချေ၊ အနန္တတို့ကို အဆုံးမရှိအောင် သိတော်မူနိုင်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှာ နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းအထိသာ သိတော်မူနိုင်၏။ သာဝကတို့မှာကား မိမိတို့ ပါရမီဖြည့်ရာ ကမ္ဘာတစ်သိန်းလောက်သာ သိတော်မူနိုင်ကြ၏။ သာသနာဖြစ်သော ပဈာန်ရပုဂ္ဂိုလ်တို့တွင် အချို့မှာ ကမ္ဘာ(၄၀)သိနိုင်၍ အချို့မှာ လွန်လေပြီးသော တစ်ဘဝမျှလောက်ကိုသာ သိနိုင်ကြလေ၏။

အရပ်ထဲတွင် အချို့ကလေးငယ်တို့သည် ငယ်စဉ်ကာလအချိန်၌ မိမိတို့ ဖြစ်ကြုံခဲ့ဖူးသော ဘဝဟောင်းကို ပြန်လည်အမှတ်ရပြောပြနိုင်ကြမှုမှာ ဤအဘိဉာဏ်၏အစွမ်းကားမဟုတ်ပေ။ ဓမ္မပဒ၊ပတိပူဇိကာဝတ္ထုလာ အမျိုးသမီးသည် လွန်ခဲ့သော ဘဝဟောင်းက မိမိလင်ဖြစ်ခဲ့သူ ပန်းနတ်သားနှင့်အပေါင်းပါတို့ကို အမှတ်ရမှုကဲ့သို့သော 'ဇာတိဿရဉာဏ်'အောက်မေ့အမှတ်ရမှုသတိတစ်မျိုးသာ ဖြစ်၏။

http://www.dhammadownload.com



ဥပမာ။ မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် မိမိရွာမှ တစ်ပါးသော ရွာသို့ သွားရာ၏။ ထိုရွာမှလည်း တစ်ပါးသော ရွာသို့ သွားရာ၏။ ထိုယောကျ်ားသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာရာ ဤသို့ အကြံဖြစ်ရာ၏။

"ငါသည် မိမိရွာမှ ဤမည်သော ရွာသို့ သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ဤသို့ ဆိတ်ဆိတ် နေခဲ့၏၊ ထိုရွာမှလည်း ဤမည်သော ရွာသို့ သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ် နေခဲ့၏၊ ထိုငါသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာ၏" ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော်၊ ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် ရှေး၌ဖြစ်ဖူးသော ဘဝကို အောက်မေ့၍သိသော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် များပြားသော ရှေး၌ ဖြစ်ဖူးသော ဘဝကို အောက်မေ့၏၊ ဤသည်တို့ကား အဘယ်နည်း?။

"တစ်ဘဝကိုလည်းကောင်း၊ နှစ်ဘဝတို့ကိုလည်းကောင်း၊ သုံးဘဝတို့ကို လည်းကောင်း။ (ပ)။ ဘဝသိန်းပေါင်းများစွာတို့ကို လည်းကောင်း၊ များပြားသောပျက်ကပ်တို့ကိုလည်းကောင်း၊ များပြားသောဖြစ်ကပ်တို့ကို လည်းကောင်း၊ များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုလည်းကောင်း-

'ဤမည်သော ဘဝ၌ ငါသည် ဤသို့သော အမည် ရှိခဲ့၏၊ဤသို့သောအနွယ် ရှိခဲ့၏၊ ဤသို့သောအဆင်း ရှိခဲ့၏၊ ဤသို့သော အစာ ရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကိုခံစားခဲ့၏၊ ဤသို့သော အသက်

http://www.dhammadownload.com



အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ဖြစ် ပြန်၏၊ ထိုဘဝ၌ လည်း ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော အနွယ် ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏'ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည် အနွယ်နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဖူးသော ဘဝကို အောက်မေ့၏''။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း။

## စုတူပပါတဉာဏ် (၇)

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ထိုရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏။

ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲ သတ္တဝါ၊ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကိုသိ၏။

http://www.dhammadownload.com



"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှင့်ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုသော ကံရှိကုန်၏။ ထို သတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသောလားရာ၊ ပျက်စီးလျက်ကျရောက်ရာ ငရဲ၌ ဖြစ် ပေါ်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ပေါ် ကုန်၏"။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ၊ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ထိုသတ္တဝါတို့၏ ကံအား လျော်စွာ ဖြစ်ပေါ်ပုံတို့ကိုလည်း သိ၏။

**ဥပမာ။** မင်းကြီး ဥပမာသော်ကား (ဗဟို)လမ်းဆုံအလယ်၌ ပြာသာဒ် ရှိရာ၏၊ ထိုပြာသာဒ်ထက်၌ ရပ်လျက်နေသော မျက်စိအမြင်ရှိသောယောကျ်ား သည် အိမ်သို့ဝင်ကုန်သော အိမ်မှထွက်ကုန်သော လမ်းမ၌ လမ်း လျှောက်သွားလာနေကုန်သော လမ်းဆုံအလယ်၌ ထိုင်နေကုန်သော

http://www.dhammadownload.com



လူတို့ကို မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏။

"ဤသူတို့သည် အိမ်သို့ ဝင်ကုန်၏၊ ဤသူတို့သည် အိမ်မှထွက်ကုန်၏၊ ဤသူတို့သည် လမ်းမ၌ လမ်းလျှောက် သွားလာနေကုန်၏၊ ဤသူတို့သည် လမ်းဆုံအလယ်၌ ထိုင်နေကုန်၏"ဟု အကြံဖြစ်ရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော်၊ ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ပေါ်ခြင်းကိုသိသော 'စုတူပပါတ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်စေ၏၊ ရှေးရှု ညွတ်စေ၏။

ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့် တူသော'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲ သတ္တဝါယုတ်သော သတ္တဝါမြတ်သောသတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်း မလှသော သတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်'နှင့်ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊စိတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသော လားရာ ပျက်စီးလျက်ကျရောက်ရာ ငရဲ၌ဖြစ်ပေါ်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော ကောင်းသော

http://www.dhammadownload.com



အကျင့် 'ဝစီသုစရိုက်' နှင့်ပြည့်စုံ ကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊

အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ပေါ် ကုန်၏''။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါအဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ထိုသတ္တဝါတို့၏ ကံအားလျော်စွာ ဖြစ်ပေါ်ပုံတို့ကိုလည်း သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးတို့ထက် သာ၍နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

### အာသဝက္ခယဉာဏ် (၈)

ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့

---

**စုတူပပါတဟူသည်**

စုတိ+ဥပပါတ။စုတိနှင့်ပဋိသန္ဓေကို သိသောဉာဏ်ကို စုတူပပါတဉာဏ်ဟု ခေါ်သည်။ ဤစုတူပပါတဉာဏ်ဟူသည် ဒိဗ္ဗစက္ခုဉာဏ်ပင် ဖြစ်၏။ ထိုဉာဏ်ဖြင့် စုတေခါနီးသတ္တဝါတို့ကိုလည်း လှမ်း၍ မြင်နိုင်၏။ ပဋိသန္ဓေနေပြီးစသတ္တဝါတို့ကို လည်း လှမ်း၍ မြင်ရနိုင်၏။ ဤသို့ နတ်မျက်စိနှင့်တူစွာ သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေကိုပါ မြင်နိုင်သဖြင့် ထိုဒိဗ္ဗစက္ခုဉာဏ်ကိုပင် စုတူပပါတဉာဏ်ဟုခေါ်သည်။

http://www.dhammadownload.com


လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် အာသဝတို့ကိုကုန်စေသော **'အာသဝက္ခယ'**ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏။

**သစ္စာ(၄)ပါးကိုသိပုံ**

ထိုရဟန်းသည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'ဟုဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သော အတိုင်း သိ၏။

**အာသဝက္ခယဉာဏ်ဖြစ်ပုံ**

ဤသည်တို့ကား အာသဝတို့ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ 'နိဗ္ဗာန်'ဟုဟုတ်မှန်သောအတိုင်း

---

**အာသဝက္ခယဉာဏ်ဟူသည်**

အာသဝ-အာသဝေါတရားတို့၏။ ခယ-ကုန်ရာနိဗ္ဗာန်။ အာသဝေါတရား (၄)ပါးတို့၏ကုန်ရာနိဗ္ဗာန်ကိုသိနိုင်သော ဉာဏ်ကို 'အာသဝက္ခယဉာဏ်'ဟု ခေါ်သည်။ နိဗ္ဗာန်ကို အာရုံပြုသော အရဟတ္တမဂ်ဉာဏ်ကို ဆိုလို၏။

**အာသဝက္ခယဉာဏ်သို့စိတ်ညွတ်ပုံပါဠိ**

သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ အာသဝါနံ ခယဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။

http://www.dhammadownload.com



သိ၏၊ ဤကား အာသဝတို့ချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့်ဟုဟုတ်မှန်သော အတိုင်း သိ၏။

## ဝိမုတ္တိဉာဏ်နှင့်ဝိမုတ္တိဉာဏဒဿနဉာဏ်ဖြစ်ပုံ

ဤသို့သိသော ဤသို့မြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှ လည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တစ်ပါးသောပြုဖွယ်မရှိတော့ပြီဟုသိ၏။

**ဥပမာ။** မင်းကြီး ဥပမာသော်ကား တောင်ဝှမ်း၌ ကြည်လင်သန့်ရှင်း နောက်ကျု ကင်းသော ရေအိုင်သည် ရှိရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ား သည် ထိုရေအိုင်၏ ကမ်း၌ ရပ်လျက် ခရု၊ ယောက်သွား၊ ကျောက် စရစ်၊ အိုးခြမ်း၊ ငါးအပေါင်းတို့ သွားနေကြသည်ကို လည်းကောင်း၊ ရပ်တည်နေကြသည်ကိုလည်းကောင်း မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏။

---

## သစ္စာ(၄)ပါးသိပုံပါဠိ

သော 'ဣဒံ ဒုက္ခံ'န္တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခသမုဒယော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဇာ- နာတိ၊ 'အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ'တိ ယထာဘူတံ ပဇာနာတိ။

## အာသဝက္ခယဉာဏ်ဖြစ်ပေါ်ပုံပါဠိ

ဣမေ အာသဝါတိ ယထာဘူတံ ပဇာနာတိ၊ အယံ အာသဝသမုဒယောတိ ယထာဘူတံ ပဇာနာတိ၊ အယံ အာသဝနိရောဓောတိ ယထာဘူတံ ပဇာ- နာတိ၊ အယံ အာသဝနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

http://www.dhammadownload.com



"ဤရေအိုင်သည် ကြည်လင် သန့်ရှင်း နောက်ကျုကင်း၏၊ ထိုရေအိုင်၌ ဤ ခရု,ယောက်သွား,ကျောက်စရစ်,အိုးခြမ်း,ငါးအပေါင်းတို့ သွားလည်း သွားကြ၏၊ ရပ်တည်လည်း ရပ်တည်ကြ၏"ဟုအကြံ ဖြစ်၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် အာသဝတို့ကိုကုန်စေသော 'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊

ထိုရဟန်းသည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကားဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤသည်တို့ကား အာသဝတို့ဟု ဟုတ်မှန်သော အတိုင်း

---

**အာသဝဟူသည်**

ကြာမြင့်စွာ စိမ်ထုံထားသောသေရည်ကဲ့သို့ သတ္တဝါတို့၏သန္တာန်၌ ကြာမြင့်စွာသောကာလကပင် အထုံပါနေသောကြောင့် လောဘ၊ဒိဋ္ဌိ၊မောဟတို့ကို 'အာသဝ' ဟု ခေါ်သည်။ ဤနေရာ၌ အရဟတ္တမဂ်ကို ပြရာဖြစ်သဖြင့် ဒိဋ္ဌာသဝကို မထည့်ခြင်း ဖြစ်သည်။ ယင်းဒိဋ္ဌာသဝကို သောတာပတ္တိမဂ်ကတည်းကပင် ပယ်ပြီး ဖြစ်၏။

ဤ၌ ရူပဈာန်၊အရူပဈာန်နှင့် ထိုဈာန်တို့၏အကျိုးဝိပါက်တို့၌ နှစ်သက်သော လောဘသည် ဘဝါသဝမည်၏။ ထိုလောဘမှကြွင်းသော လောဘသည် ကာမာသဝမည်၏ဟု မူလဋီကာ၌ ဖွင့်၏။

**ဝိမုတ္တိဉာဏ်နှင့်ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံပါဠိ**

တဿ ဧဝံ ဇာနတော ဧဝံ ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ၊

http://www.dhammadownload.com



သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝတို့ ချုပ်ရာ 'နိဗ္ဗာန်'ဟုဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ဤသို့သိမြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ။ ဤမဂ်ကိစ္စ အလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်မွန်မြတ်ဖွယ်ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

မင်းကြီး နောက်ဆုံးဖြစ်သော ဤကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးထက် သာ၍ လွန်ကဲမွန်မြတ်သော တစ်ပါးသော ကိုယ်တိုင် သိမြင်ရ သော ရဟန်းဖြစ်ကျိုးကား မရှိတော့ပြီ ဟု ဟောတော်မူ၏။

---

ဘဝါသဝါပိ စိတ္တံ ဝိမုစ္စတိ၊ အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စတိ၊ 'ဝိမုတ္တသ္မိံ ဝိမုတ္တမိ'တိ ဉာဏံ ဟောတိ၊ **'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ'**တိ ပဇာနာတိ။

**မှတ်ချက်။** 'ဝိမုစ္စတိ'သည် မဂ်ခဏ၊ 'ဝိမုတ္တသ္မိံ'သည် ဖိုလ်၊ 'ဝိမုတ္တမိတိ'သည် ပစ္စဝေက္ခဏာဉာဏ် ဖြစ်၏။

### အဘယ်ဇာတိကုန်သနည်း?

အာသဝက္ခယဉာဏ်ကိုရရှိသော ရဟန်း၏သန္တာန်၌ 'ခီဏာ ဇာတိ' ပဋိသန္ဓေ နေရခြင်းသဘော'ဇာတိ'ကုန်၏ဟု သိနိုင်လေ၏။ အဘယ်ပဋိသန္ဓေ 'ဇာတိ' ကုန်လေသနည်း?။

http://www.dhammadownload.com



## သာမညဖလသုတ်နိဂုံး

ဤသို့ ဟောတော်မူသောအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

## တရားတော်ကို ဥပမာဖြင့် လျှောက်ထားခြင်း

**ဘုရင်။** အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။

**ဥပမာ။** အရှင်ဘုရား ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ပြဘိသကဲ့သို့၊ မျက်စိလည်သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၊ မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့ ထို့အတူ အရှင်မြတ်ဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏။

---

ရှေးကပင်ကုန်ခဲ့ ပြီးဖြစ်သဖြင့် အတိတ်ပဋိသန္ဓေဇာတိကုန်မှုမျိုးကား မဟုတ်။ အားထုတ်မှုပင် မဖြစ်သေးသဖြင့် အနာဂတ်ပဋိသန္ဓေဇာတိကုန်မှုမျိုးလည်း မဟုတ်။ ပစ္စုပ္ပန်ပဋိသန္ဓေဇာတိမှာ ထင်ရှားရှိဆဲဖြစ်သဖြင့် ကုန်မှုမျိုးမဖြစ်နိုင်။ စင်စစ်မှာ မဂ်ကိုမပွားသဖြင့် ကာမ၊ရူပ၊အရူပ၊ တို့၌ဖြစ်သော ခန္ဓာ(၅)ပါး၊(၄)ပါး၊(၁) အပြားရှိသောဇာတိ၏ နောင်မဖြစ်ခြင်းသဘောကို မဂ်ဖြင့်သိသဖြင့် ကုန်ခြင်းမျိုးဖြစ်၏။

သိနိုင်ပုံမှာ မဂ်ကိုပွားသဖြင့် ပယ်ပြီးကိလေသာတို့ကို ဆင်ခြင်လျက် ထိုကိလေသာတို့ မရှိခြင်းကြောင့် ကံရှိနေသေးသော်လည်း နောင်ပဋိသန္ဓေကို အကျိုး မပေးတော့ဟု ဇာတိကုန်မှုကို သိနိုင်ပေ၏။ (သီ၊ဋ္ဌ၊ ၂၀၁)

### မြတ်သောအကျင့်ကို ကျင့်ပြီးပုံ

မြတ်သောအကျင့်ဟူသည် 'သာသနဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယ' အားဖြင့် (၂)မျိုးရှိ၏။ ဤ၌ မဂ္ဂင်(၈)ပါးကို သမထ၊ဝိပဿနာဘာဝနာ(၂)မျိုးဖြင့် ကျင့်သုံး ပွားများခြင်းဟူသော မဂ္ဂဗြဟ္မစရိယကို ဆိုလို၏။

http://www.dhammadownload.com



## သရဏဂုံ ဆောက်တည်ခြင်း

**ဘုရင်။** အရှင်ဘုရား အကျွန်ုပ်သည် "မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏"။ "တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"။ "သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"။ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ။

## အပြစ်ဝန်ချတောင်းပန်ခြင်း

**ဘုရင်။** အရှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကျွန်ုပ်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသောအကြောင်းကြောင့် သတ်ခဲ့မိပါ၏။

မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ်ဟု လက်ခံတော်မူပါ အရှင်ဘုရား" ဟု လျှောက်၏။

---

ကလျာဏပုထုဇဉ်(၁)ယောက်၊ သေက္ခပုဂ္ဂိုလ်(၇)ယောက်အားဖြင့် (၈) ယောက်သောပုဂ္ဂိုလ်တို့သည် မဂ္ဂဗြဟ္မစရိယကို 'ကျင့်သုံးဆဲ' ပုဂ္ဂိုလ်တို့ မည်၏။

အသေက္ခပုဂ္ဂိုလ်ခေါ် ရဟန္တာပုဂ္ဂိုလ်တို့သည်ကား မဂ္ဂဗြဟ္မစရိယကို 'ကျင့်သုံးပြီး' ပုဂ္ဂိုလ်များ ဖြစ်၏။

ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့ကိုသာ ရည်ရွယ်၍ 'ဝုသိတံ ဗြဟ္မစရိယံ' မြတ်သောအကျင့်ကို ကျင့်ပြီးပြီဟု ဆိုသည်။

ထိုရဟန္တာပုဂ္ဂိုလ်သည် သစ္စာ(၄)ပါးတို့၌၊ အရိယမဂ်(၄)ပါးတို့ဖြင့် ပရိညာကိစ္စ၊ပဟာနကိစ္စ၊သစ္ဆိကတကိစ္စ၊ဘာဝနာကိစ္စဟူသော မဂ်ကိစ္စ(၁၆)ချက်တို့ကို ပြုပြီးပုဂ္ဂိုလ်များ ဖြစ်တော်မူသဖြင့် 'ကတံ ကရဏီယံ'ဟု ဆို၏။ (သီ၊ဋ္ဌ၊ ၂၀၃)

http://www.dhammadownload.com



## အပြစ်ကို ခွင့်လွှတ်လက်ခံပုံ

၆၃။ မင်းကြီး မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ် လွှမ်းမိုးသွားခဲ့၏၊ သင်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို သတ်ခဲ့မိ၏၊ မင်းကြီး သင်သည် အပြစ်ကို အပြစ်ဟု မြင်၍ အပြစ်အားလျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကို အပြစ်အနေဖြင့် ငါတို့ လက်ခံကုန်၏။

---

### ဥပမာဖြင့်လျောက်ပုံပါဠိ

အဘိက္ကန္တံ ဘန္တေ။ အဘိက္ကန္တံ ဘန္တေ။ သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ 'စက္ခုမန္တော ရူပါနိ ဒက္ခန္တီ'တိ၊ ဧဝမေဝံ၊ ဘန္တေ၊ ဘဂဝတာ အနေကပရိယာယေန ဓမ္မော ပကာသိတော။

### ဥပမာအဓိပ္ပါယ်အဖွင့်များ

မသူတော်တို့၏တရား 'အသဒ္ဓမ္မ' မှ ထစေ၍ သူတော်ကောင်းတရား 'သဒ္ဓမ္မ' ကို မြင်စေခြင်းကိုပင် 'မှောက်ထားသောခွက်ကို လှန်သကဲ့သို့' ဟုလည်းကောင်း၊ ကဿပဘုရားရှင်၏ သာသနာလွန်ရာမှစ၍ မိစ္ဆာဒိဋ္ဌိတောဖြင့် ဖုံးလွှမ်းခံရမှုကို ဗုဒ္ဓသာသနာအဆုံးအမဖြင့် ဖွင့်ပြမှုကို 'ဖုံးထားသောအရာကို ဖွင့်ပြသည်' ဟုလည်းကောင်း၊ မှားယွင်းသောမိစ္ဆာမဂ်ဖြင့် လမ်းမှားနေသူအား မှန်သောသမ္မာမဂ်အကျင့်ဖြင့် နတ်ရွာ၊ နိဗ္ဗာန်လမ်းကို ညွှန်ပြသည်ကို 'လမ်းမှားနေသူအား လမ်းပြသည်' ဟုလည်းကောင်း ဆိုလိုသည်။

### သရဏဂုံဆောက်တည်ပုံပါဠိ

အဟံ ဘန္တေ၊ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။ ဥပါသကံ မံ ဘဂဝါ ဓာရေတု။ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

### သရဏဂုံဟူသည်

ကိုးကွယ်ရာအဖြစ်ဖြင့် ဆည်းကပ်ခြင်းကို (သရဏ+ဂမန)သရဏဂုံဟု

http://www.dhammadownload.com



## အပြစ်ကုစားခြင်း၏အကျိုး

၀၃။ မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ်ဟု မြင်၍ အကြောင်းအား လျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ ထိုသူ၏ ဤကုစားစောင့် စည်းခြင်းသည် အရိယာတို့၏ ဝိနည်းအဆုံးအမ၌ ကြီးပွားခြင်းအကြောင်းပင် တည်းဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင်

---

ခေါ်သည်။ သတ္တဝါတို့၏သန္တာန်၌ စီးပွားချမ်းသာ အဖြာဖြာတို့ကို ရလိုမှုနှင့် ထိုစီးပွား ချမ်းသာတို့ကို နှောင့်ယှက်ဖျက်ဆီးတတ်သော ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ ကြောက်တတ်မှုဟူသော သဘောနှစ်ခုတို့သည် ပီပြင်ထင်ရှားစွာ တည်ရှိကုန်၏။

ထိုကဲ့သို့သော ရလိုမှုသဘောကို ကျေနပ်လာနိုင်မှုအတွက် အားကိုးခြင်းနှင့်၊ ကြောက်တတ်မှုသဘောကို နှစ်သိမ့်ပေးနိုင်မှုအတွက် အကာအကွယ်ပြုခြင်းသဘော ကိုပင် 'ကိုးကွယ်'သည်ဟု ဆိုခြင်း ဖြစ်၏။ ဤသို့အားဖြင့် ကိုးကွယ်ရာအဖြစ် ဆည်းကပ်ခြင်းသည်ပင် 'သရဏဂမန' သရဏဂုံ မည်ပေ၏။

ဤ၌ကား ဘုရား၊တရား၊သံဃာဟူသော ရတနာမြတ်သုံးပါးတို့သည်သာ ကြောက်ရွံ့ထိတ်လန့်ဖွယ် ဘေးဒုက္ခအပေါင်း၊ အပါယ်ဆင်းရဲအပေါင်း၊ ပူပန်စေတတ် သော ကိလေသာခပ်သိမ်းတို့ကို ညှဉ်းပန်းနှိပ်စက် ပယ်သတ်ပေးတတ်သောကြောင့် ကိုးကွယ်ဆည်းကပ်ရာ 'သရဏဂမန' မည်၏။

## ရတနာသုံးပါးသည် သရဏမည်ပုံ

၁။ ဘုရားရတနာသည် လောကီ၊လောကုတ္တရာအစီးပွားကို ဖြစ်စေတတ်ခြင်း၊ အစီးပွားမဲ့ကို ဆုတ်နစ်စေတတ်ခြင်းဖြင့် သတ္တဝါတို့၏ဘေးအပေါင်းကို ညှဉ်းဆဲ နှိပ်စက် ဖျက်ဆီးတတ်သောကြောင့် 'သရဏ' မည်၏။

၂။ တရားရတနာသည် (၃၁)ဘုံဟူသော ဘဝခရီးခဲမှ ထုတ်ဆောင်တတ်၊ သက်သာရာကို ပေးတတ်သောကြောင့် 'သရဏ' မည်၏။

၃။ သံဃာရတနာသည် အနည်းငယ်မျှသော ဒါနမှုစသည်ဖြစ်သော်လည်း များပြားလှသောအကျိုးစီးပွားတို့ကို ရစေတတ်သောကြောင့် 'သရဏ' မည်၏။

http://www.dhammadownload.com


## ရတနာမြတ်သုံးပါးအဓိပ္ပါယ်

၁။ ဘုရားဟူသည် **'ဗုဇ္ဈတီတိ ဗုဒ္ဓေါ'** သစ္စာလေးပါးအမှန်တရားတို့ကို ကိုယ်တော်တိုင် သိတော်မူတတ်သောကြောင့်လည်းကောင်း တရားအလုံးစုံကို သိမြင်တော်မူတတ်သောကြောင့်လည်း 'ဗုဒ္ဓ'ဘုရားဟု ခေါ်၏။

၂။ တရားဟူသည် **'ဓာရေတီတိ ဓမ္မော'** ရအပ်သောမဂ်သို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း၊ တရားအတိုင်းကျင့်သူကို အပါယ်လေးပါးတို့၌ မကျရောက်နိုင်အောင်လည်းကောင်း ဆောင်တတ်သောကြောင့် 'ဓမ္မ'တရားဟု ခေါ်၏။ 'ဓမ္မအရ- မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး၊ နိဗ္ဗာန်၊ ပရိယတ်အားဖြင့် (၁၀)ပါး ရ၏။

၃။ သံဃာဟူသည် **'ဒိဋ္ဌိ,သီလ သံဃာတေန-သံဟတောတိ သံဃော'** ဒိဋ္ဌိ-အယူ၊ သီလ-အလေ့အကျင့်တို့ တူမျှခြင်းဖြင့် ပေါင်းစုအပ်သောကြောင့် 'သံဃ' သံဃာဟု ခေါ်သည်။ သံဃာအရ (၈)ယောက်သောအရိယာပုဂ္ဂိုလ်တို့ကို ရ၏။

## သရဏဂုံအကျဉ်း(၂)မျိုး

ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံသည် လောကုတ္တရာသရဏဂုံ၊ လောကီသရဏဂုံဟု (၂)မျိုး ရှိသည်။

**လောကုတ္တရာသရဏဂုံမှာ-** သစ္စာ(၄)ပါးတို့ကို ထိုးထွင်းသိသော မဂ်ခဏ၌ပင် သရဏဂုံညစ်နွမ်းမှုကို အမြစ်ပြတ်ပယ်သတ်ခြင်း၊ နိဗ္ဗာန်ကို အာရုံပြုခြင်းတို့ဖြင့် ရတနာမြတ်သုံးပါး၌ ကိုးကွယ်ဆည်းကပ်ခြင်းကိစ္စ ပြီးပြည့်စုံ၏။

**လောကီသရဏဂုံမှာ-** ပုထုဇဉ်ပုဂ္ဂိုလ်တို့သန္တာန်၌ သရဏဂုံညစ်နွမ်းမှုကို ကြာရှည်ပယ်သတ်ခြင်း၊ ရတနာမြတ်သုံးပါး၏ဂုဏ်တော်တို့ကို အာရုံပြုခြင်းတို့ဖြင့် ကိုးကွယ်ဆည်းကပ်ခြင်းကိစ္စ ပြီးပြည့်စုံလေ၏။ (သီ၊ ဋ၊ ၂၀၆)

ထိုသရဏဂုံ၏ အနှစ်သာရမှာ ဘုရားစသောဝတ္ထုတို့၌ **'သဒ္ဓါပဋိလာဘ'** သဒ္ဓါတရားကို ရရှိခြင်း၊ 'သဒ္ဓါမူလိက'သဒ္ဓါအရင်းခံရှိသော **'သမ္မာဒိဋ္ဌိ'** ဖြစ်ပေါ်ခြင်း၊ ပုညကိရိယာဝတ္ထု(၁၀)ပါးတို့၌ **'ဒိဋ္ဌိဇုကမ္မ'**အယူဖြောင့်မှန်ခြင်းတို့ ဖြစ်ပေ၏။

## သရဏဂုံ(၄)မျိုးအပြား

၁။ **'အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အတ္တာနံ နိယျာတေမိ'**၊ ယနေ့မှစ၍ တပည့်သည် မြတ်စွာဘုရားအား ကိုယ်ကို အပ်နှင်းပါ၏'ဟူသော သရဏဂုံသည် မိမိကိုယ်ကိုစွန့်လွှတ်အပ်နှင်းသော **'အတ္တသန္နိယျာတန'**သရဏဂုံ မည်၏။

၂။ **'အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယဏောတိ မံ ဓာရေထ'**၊

http://www.dhammadownload.com



“ယနေ့မှစ၍ တပည့်သည် ဘုရားကို ကိုးကွယ်လဲလျောင်းရာဟူ၍ဆည်းကပ်ပါ၏” ဟု သိမှတ်တော်မူပါဟူသော သရဏဂုံသည် ကိုးကွယ်ရာအဖြစ်ဆည်းကပ်သော ‘**တပ္ပရာယဏ**’ သရဏဂုံ မည်၏။

၃။ ‘**အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကောတိ မံ ဓာရေထ**’၊ ယနေ့မှစ၍ တပည့်သည် ဘုရား၏တပည့်ဖြစ်၏ ဟုသိမှတ်တော်မူပါဟူသော သရဏဂုံသည် တပည့်အဖြစ်ကပ်ရောက်သော ‘**သိဿဘာဝူပဂမန**’ သရဏဂုံ မည်၏။

၄။ ‘**အဇ္ဇ အာဒိံ ကတွာ အဟံ အဘိဝါဒန၊ ပစ္စုပဋ္ဌာန၊ အဉ္ဇလိကမ္မ၊ သာမိစိကမ္မံ ဗုဒ္ဓါဒီနံယေဝ ကရောမိ**’၊ ယနေ့မှစ၍ တပည့်သည် ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီ၊အရိုအသေပေးခြင်းအမှုတို့ကို ဘုရား၊တရား၊သံဃာတို့အားသာ ပြုပါ၏’ ဟူသော သရဏဂုံသည် မွန်မွန်မြတ်မြတ် ရိုသေပျပ်ဝပ်မှု(ရှိခိုးမှု)ကို ပြုသော ‘**ပဏိပါတ**’သရဏဂုံ မည်၏။ ထိုသရဏဂုံ(၄)မျိုးတွင် မည်သည့်သရဏဂုံကိုပင် ခံယူသည်ဖြစ်စေ။ သရဏဂုံ မြောက်ပေ၏။ (သီ၊ဋ္ဌ၊ ၂၀၆)

## ပဏိပါတ(၄)မျိုးထဲမှ (၁)မျိုး

အထက်ပါသရဏဂုံ(၄)မျိုးတွင် မွန်မွန်မြတ်မြတ်ရိုသေပျပ်ဝပ်မှုပြုသော ပဏိပါတသရဏဂုံသည် (၁)ဉာတိ-ဆွေမျိုးတို့ကိုရိုသေပျပ်ဝပ်ခြင်း၊ (၂) ဘယ-ကြောက်၍ရိုသေပျပ်ဝပ်ခြင်း၊ (၃) အာစရိယ-ဆရာဖြစ်၍ရိုသေပျပ်ဝပ်ခြင်း၊ (၄) ဒက္ခိဏေယျ-အလှူခံထိုက်ခြင်းသော မြတ်သောဂုဏ်ရှိ၍ရိုသေပျပ်ဝပ်ခြင်းအားဖြင့် (၄)မျိုး ကွဲ၏။

ထို(၄)မျိုးတွင်းလည်း ဒက္ခိဏေယျသရဏဂုံတစ်ခုသာလျှင် သရဏဂုံ မြောက်၏။ ကျန်သောရိုသေခြင်း ‘ပဏိပါတ’(၃)မျိုးတို့သည် သရဏဂုံမထိုက်ပေ။ အကြောင်းမှာ သရဏဂုံဟူသည် ‘**သေဋ္ဌဝသေန**’မြတ်သောဂုဏ်၏အစွမ်းဖြင့်သာ တည်နိုင်မှုနှင့်၊ပျက်နိုင်မှု ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် ငါတို့၏အမျိုးတည်းဟူ၍လည်းကောင်း၊ မြတ်စွာဘုရားသည် တန်ခိုးအာနုဘော်ကြီး၏ဟူ၍လည်းကောင်း၊ ငါတို့ကို ဆုံးမတတ်သောဆရာပေတည်းဟူ၍လည်းကောင်း ရှိခိုးခြင်းမျှသည် သရဏဂုံမထိုက်ပေ။ ‘**အယံ လောကေ အဂ္ဂဒက္ခိဏေယျော**’ မြတ်စွာဘုရားသည် တစ်လောကလုံး၌ မြတ်သော အလှူခံယူထိုက်သော၊ မြတ်သောဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ပေတည်း’ဟု ရှိခိုးဝပ်ချမှသာ သရဏဂုံကို ယူရာရောက်ပေ၏။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက

http://www.dhammadownload.com



အာဠာဝကဘီလူး၊ ဗြဟ္မာယုပုဏ္ဏားစသူတို့၏ ရှိခိုးခြင်းတို့ကဲ့သို့တည်း။(သီ၊ဋ္ဌ၊၂၀၇)

## သရဏဂုံ၏အကျိုးများ

လောကုတ္တရာသရဏဂုံ၌ သာမညဖလ(၄)ပါး(သမဏ၏ဖြစ်ကြောင်းဖြစ်ရာ မဂ်၏အကျိုးဖြစ်သောဖိုလ်)တို့သည် အကျိုးရင်း '**ဝိပါကဖလ**'မည်၏။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်းနိဗ္ဗာန်သည် အကျိုးဆက် '**အာနိသံသဖလ**' မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

'ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ'ဟု ဓမ္မပဒ၌ ဟောတော်မူ၏။

လောကီသရဏဂုံ၌ သုဂတိဘုံသို့ရောက်စေခြင်း'**ဘဝသမ္ပဒါ**'၊ စည်းစိမ်ဥစ္စာ အဖြာဖြာတိုးပွားပြည့်စုံခြင်း'**ဘောဂသမ္ပဒါ**'တို့သည် အကျိုးဖလ ဖြစ်၏။

ထိုတွင် လူဘဝ၊နတ်ဘဝစသည်တို့သို့ ရောက်ရခြင်းသည်'**ဝိပါကဖလ**' အကျိုးရင်း ဖြစ်၏။ လူစည်းစိမ်၊နတ်စည်းစိမ်စသည်တို့ကို ရရှိခံစားရခြင်းသည် '**အာနိသံသဖလ**'အကျိုး ဆက်ဖြစ်၏။ (သီ၊ ဋီကာအဖွင့်)

ထို့ကြောင့် မြတ်စွာဘုရားသည်-

'ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊ နတေ ဂမိဿန္တိ အပါယဘူမိံ။

ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရေဿန္တိ'ဟု သရဏဂုံ၏ အကျိုးနှင့်ပတ်သတ်၍ ဟောတော်မူ၏။

## သရဏဂုံညစ်နွမ်းကြောင်းများ

လောကီသရဏဂုံ၌ ရတနာမြတ်သုံးပါးတို့၌ မသိခြင်း'မောဟ'၊ ယုံမှားခြင်း'ဝိစိကိစ္ဆာ'၊ အမှားသိခြင်း'မိစ္ဆာဒိဋ္ဌိ'တို့သည် ညစ်နွမ်းကြောင်းတရားတို့ မည်၏။ ထိုညစ်နွမ်းကြောင်းတရားတို့ကြောင့် ကြီးကျယ်အရောင်မရှိခြင်း၊ ကျယ်ပြန့်သောအကျိုး မရှိခြင်းတို့ ဖြစ်၏။ လောကုတ္တရာသရဏဂုံ၌ကား ညစ်နွမ်းခြင်း မရှိတော့ပေ။

## သရဏဂုံပျက်ကြောင်းများ

http://www.dhammadownload.com



လောကီသရဏဂုံ၌ အပြစ်ရှိသောသရဏဂုံပျက်ခြင်း '**သာဝဇ္ဇဘေဒ**'၊ အပြစ်မရှိသောသရဏဂုံပျက်ခြင်း '**အနဝဇ္ဇဘေဒ**'ဟု (၂)မျိုး ပြား၏။

အပြစ်ရှိသောသရဏဂုံပျက်ခြင်းဟူသည် အညတိတ္ထိယခေါ် သာသနာပြင်ပ ပုဂ္ဂိုလ်တို့ကို မိမိကိုယ်ကိုအပ်နှင်းမှုစသည်ဖြင့် ဆရာတင်ခြင်းတည်း။ ထိုဆရာတို့ အပေါ်၌ ခင်တွယ်မှုတဏှာ၊ ထိုဆရာတို့၏အယူအဆကို အမှန်ထင်မှုဒိဋ္ဌိတို့၏အစွမ်းဖြင့် အနိဋ္ဌဖလကို ရရှိမှုကိုသာ ဆိုလိုသည်။ ရတနာသုံးပါးကို သရဏဂုံခံယူခြင်းကြောင့် အပြစ်ခံရခြင်းမျိုးကား မဟုတ်။ အပြစ်မရှိသောသရဏဂုံပျက်ခြင်းမှာ သေဆုံးခြင်းပင် ဖြစ်၏။ သေဆုံးလျှင် သရဏဂုံသည် အလိုလိုပင် ပျက်စီး၏။ ထို့ကြောင့်ပင် ယခုခေတ်တွင် သေသူကို သရဏဂုံတင်ပေးကြခြင်း ဖြစ်သည်။ သို့သော် သေသူ မှာကား သရဏဂုံပျက်သကဲ့သို့ပင် သရဏဂုံကို ခံယူနိုင်ခြင်းလည်း မရှိနိုင်တော့ပေ။ သေသူ၏ ဆွေမျိုးမိတ်သင်္ဂဟတို့သည်သာ သရဏဂုံကို ရရှိနိုင်ပေ၏။

လောကုတ္တရာသရဏဂုံ၌ကား ကွဲပြားခြင်း မရှိ။ အရိယာသာဝကတစ် ယောက်သည် အကယ်၍ ဘဝတစ်ပါးသို့ ရောက်ရှိသွားသော်ငြားလည်း သာသနာပ ဆရာကို မရှည်မှတ်တော့၊ မကိုးကွယ်တော့။ ဆရာမတင်တော့ပေ။

## ဥပါသကာဂုဏ်ရည်

ဇီဝကသည် မြတ်စွာဘုရားထံမှ သာမညဖလသုတ်တရားတော်ကို နာယူ ပြီးချိန်၌ သရဏဂုံဆောက်တည်ကာ '**ဥပါသကောတိ မံဓာရေဟိ**' တပည့်တော်ကို ဥပါသကာအဖြစ် မှတ်တော်မူပါဘုရားဟု လျှောက်၏။

ထိုစကားရပ်၌ **ကော ဥပါသကော?**၊ မည်သို့သော ဒါယကာမျိုးကို ဥပါသကာဟု ဆိုသနည်း။ '**ရတနတ္တယံ ဥပါသတီတိ ဥပါသကာ**'နှင့် အညီ ဘုရား၊တရား၊သံဃာဟူသော ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သူကို 'ဥပါသကာ'ဟု ဆိုရ၏။ ရတနာမြတ်သုံးပါးကိုဆည်းကပ်သူ အမျိုးသား ဒါယကာ သည် '**ဥပါသကာ**'မည်၏။ အမျိုးသမီးဒါယိကာမသည် '**ဥပါသိကာ**' မည်၏။ ရတနာမြတ်သုံးပါး၏အနီးအပါး၌ ချဉ်းကပ်ခစားနိုင်သူ 'လှူဒါယကာ'ကို ဆိုလို၏။

## ဥပါသကာ၏ ပြည့်စုံမှုနှင့် ပျက်စီးမှု

ဥပါသကာတစ်ယောက်၌ ငါးပါးသီလဟူသော ကိုယ်ကျင့်တရားနှင့်လည်း ပြည့်စုံရ၏။ 'လက်နက်၊သတ္တဝါ၊အသား၊ငါး၊သေရည်၊အဆိပ်'အားဖြင့် (၅)မျိုးသော မိစ္ဆာကုန်သွယ်မှုတို့မှရှောင်ကြဉ်၍ တရားသဖြင့်လည်း အသက်မွေးမြူရ၏။

http://www.dhammadownload.com



ထိုငါးပါးသီလမလုံခြုံမှုနှင့် မိစ္ဆာအာဇီဝမှရှောင်ကြဉ်မှု မရှိခြင်းသည်ပင် ဥပါသကာအဖြစ်ပျက်စီးမှု '**ဝိပ္ပတ္တိ**' မည်၏။ ထိုငါးပါးသီလလုံခြုံမှုနှင့် တရားသဖြင့် အသက်မွေးမှုမြူခြင်းသည်ပင် ဥပါသကာအဖြစ် ပြည့်စုံမှု '**သမ္ပတ္တိ**' မည်၏။

## ဥပါသကာ၏ ညစ်နွမ်းမှုနှင့် စင်ကြယ်မှု

ဥပါသကာတစ်ယောက်၏ ညစ်နွမ်းကြောင်းတရားသည် (၅)မျိုး ရှိ၏။ (၁)**အသဒ္ဓိယ**-ရတနာသုံးပါးကိုယုံကြည်မှုမရှိခြင်း၊ (၂)**ဒုဿီလ**-ငါးပါးသီလမလုံခြုံခြင်း၊ (၃) **ကောတူဟလမင်္ဂလိက**-အထူးအဆန်းမြင်မှု 'ဒိဋ္ဌ'၊ကြားမှု'သုတ' သိရမှု'မုတ'တို့ကို မင်္ဂလာဟု ယူခြင်း၊ (၄)**မင်္ဂလံ ပစ္စေတိ၊ နော ကမ္မံ**- လောကီမင်္ဂလာကို အကျိုးရကြောင်းအဖြစ်ယုံ၍၊ ကံကို အကျိုးရကြောင်းဟုမယုံ။(၅) **ဗဟိဒ္ဓါ ဒက္ခိဏေယျံ ပရိယေသတိ**- သာသနာ့ပြင်ပ၌ မြတ်သောအလှူခံပုဂ္ဂိုလ်ကို ရှာ၏။

ဤတရား(၅)ပါးတို့သည် ဥပါသကာတစ်ယောက်၏ ဂုဏ်နွမ်းကြောင်း အညစ်အကြေးတို့ ဖြစ်၏။ ထိုအညစ်အကြေးတို့နှင့်ပြည့်စုံသော ဥပါသကာတစ်ယောက်ကို 'စဏ္ဍာလဥပါသကာ၊မလဥပါသကာ၊ ပတိကိဋ္ဌဥပါသကာ'ဟု ခေါ်၏။

(၁)**သဒ္ဓါ**-ရတနာသုံးပါးကို ယုံကြည်မှုရှိခြင်း၊ (၂)**သီလဝါ**- ငါးပါးသီလလုံခြင်း၊ (၃) **နကောတူဟလမင်္ဂလိက**- ဒိဋ္ဌ၊သုတ၊မုတတို့ကို မင်္ဂလာဟုမယူခြင်း၊ (၄) **ကမ္မံ ပစ္စေတိ၊ နော မင်္ဂလံ**- ကံကိုသာကျိုးရှိသော အကြောင်းဟုယုံ၏။ မင်္ဂလာကို အကျိုးရှိသောအကြောင်းဟုမယုံခြင်း၊ (၅) **ဗဟိဒ္ဓါ ဒက္ခိဏေယျံ နဂဝေသတိ**- သာသနာပြင်၌ မြတ်သောအလှူခံပုဂ္ဂိုလ်ကို မရှာဖွေတော့ပေ။

ဤတရား (၅)ပါးတို့သည် ဥပါသကာတစ်ယောက်၌ မဖြစ်မနေ၊ ထားရှိနေရမည့် ဥပါသကာ၏သန့်စင်ကြောင်းဂုဏ်ရည်တို့ ဖြစ်၏။ ထိုဂုဏ်တို့နှင့်ပြည့်စုံသော ဥပါသကာမျိုးကို 'ရတနာဥပါသကာ၊ ပဒုမ္မာဥပါသကာ၊ ပုဏ္ဍရီကဥပါသကာ'ဟု ခေါ်ရလေ၏။ (သီ၊ ၄၊ ၂၁၀)

## အပြစ်ဝန်ချတောင်းပန်ပုံပါဠိ

**အစ္စယော မံ ဘန္တေ၊ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယောဟံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယကာရဏာ ဇီဝိတာ ဝေါရောပေသိံ။ တဿ မေ ဘန္တေ ဘဂဝါ၊ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု၊ အာယတိံ သံဝရာယ။**

http://www.dhammadownload.com



အဇာတသတ်မင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

**ဘုရင်။** ""အရှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ၊များသောပြုဖွယ်ရှိပါကုန်၏""

**ဗုဒ္ဓ။** ""မင်းကြီး ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏။ (သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏)""ဟု မိန့်တော်မူ၏။

ထိုအခါ အဇာတသတ်မင်းသည် မြတ်စွာဘုရား ဟောတော်မူသော

---

## အပြစ်ဝန်ချပုံနှင့် တောင်းပန်ပုံ

အဇာတသတ်မင်းသည် မြတ်စွာဘုရားထံမှ သာမညဖလတရားတော်ကို ကြားနာရသဖြင့် '**အဘိက္ကန္တံ ဘန္တေ**' စသည်ဖြင့် မိမိကိုယ်ကို အသက်ထက်ဆုံး အပ်နှင်းဆောက်တည်လျက် အတ္တသန္နိယျာတနသရဏဂုံကို ခံယူဆောက်တည်၏။

မိမိ၏ တရားစောင့်သော သောတာပန်ဖခင် ဘုရင်ဗိမ္ဗိသာရမင်းကို သတ်မိခဲ့သောအပြစ်ကို ကိုယ်တိုင်အပြစ်တရားမှတ် သိသည့်အလျောက် '**အစ္စယော မံ ဘန္တေ၊ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ**'ဟု ထိုအပြစ်ကို မြတ်စွာဘုရားရှေ့တော်မှောက်တွင် လျှောက်ကြားသိစေလေ၏။ ထိုသို့သိစေခြင်းကိုပင် 'အပြစ်ကို ဝန်ချသည်' ဟု ဆိုရ၏။

မိမိ၏အပြစ်ကို မြတ်စွာဘုရားထံမှောက်၌ ဝန်ချရုံမျှဖြင့်ကား အပြစ်မှ သက်သာခွင့်၊လွတ်မြောက်ခွင့်ကို မရနိုင်သေး။ ထို့ကြောင့် နောက်ထပ် '**တဿ မေ ဘန္တေ ဘဂဝါ၊ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု၊ အာယတိံ သံဝရာယ**'၊ 'မြတ်စွာဘုရား တပည့်တော်၏အပြစ်ကို အပြစ်တရားအနေဖြင့် လက်ခံတော်မူပါ။ နောင်တစ်ဖန်မဖြစ်အောင် စောင့်ထိန်းပါမည်'ဟုအပြစ်ကို တောင်းပန်မှု ပြုလေ၏။

မိမိကျူးလွန်သောအပြစ်ကို မိမိကိုယ်တိုင်ကပင် အပြစ်မှန်းမသိမြင်နိုင်ခြင်းသည်ကား အလွန်ဝန်လေးလှသောအမှု ဖြစ်၏။ အပြစ်မှန်းမသိသဖြင့်လည်း အပြစ်ကို ဝန်ချခြင်း၊ တောင်းပန်ခြင်းအမှုတို့ကို မပြုနိုင်ကြခြင်း ဖြစ်၏။

မိမိလွန်ကျူးပြစ်ကို ဝန်ချသည် ဖြစ်စေ၊ လွန်ကျူးခံရသူက မသိသည်ဖြစ်စေ လွန်ကျူးသူမှာသာ တင်းပြည့်ကျပ်ပြည့် အပြစ်ဒဏ်ထိုက်ရသည် ဖြစ်၏။ အပြစ်ကျူးလွန်ခံရသူ၊ (သို့မဟုတ်)၊ အပြစ်လက်ခံသူတို့သည် စင်စစ်အားဖြင့် လွန်ကျူးသူ၏အပြစ်တရားနှင့် မည်သို့မှ သက်ဆိုင်ခြင်းမျိုး မရှိ။ လွန်ကျူးသူသည် မိမိ၏

http://www.dhammadownload.com



တရားတော်ကို အလွန်နှစ်သက်စွာ ခံယူ၍ ဝမ်းမြောက်စွာ ရှိခိုးကျူးပြီးနောက် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အဇာတသတ်မင်း ပြန်သွား၍ မကြာမီ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏။

၄၃။ "ခတာယံ ဘိက္ခဝေ ရာဇာ။ ဥပဟတာယံ ဘိက္ခဝေ၊ ရာဇာ။ သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေါရောပေဿထ၊ ဣမသ္မိညေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထာ"။

"ရဟန်းတို့ ဤမင်းသည် မိမိတည်ရာကို မိမိပင် တူးဖြိုခဲ့၏၊ ရဟန်းတို့ ဤမင်းသည် မိမိကိုယ်ကို မိမိပင် ဖျက်ဆီးခဲ့၏။ ရဟန်းတို့ ဤမင်းသည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော်ကို

---

ကျူးလွန်ပြစ်ကို ဝန်ချ၊တောင်းပန်သည်အခါ၌ 'မသိ၍ မိုက်မဲမှုဖြစ်တာပဲ၊ သူ့အပြစ်နဲ့ သူ့အကျိုးပါပဲ' ဟု ခွင့်လွှတ်သည်းခံမှုသာ ပြုကြလေသည်။

သို့သော် လွန်ကျူးသူမှာကား မိမိအပြစ်ကို သိခြင်း၊ ဝန်ချ၊အသိပေးခြင်း၊ တောင်းပန်ခြင်း၊ နောင်တစ်ဖန်စောင့်စည်းခြင်းတို့ကြောင့် ကြီးသောအပြစ်ဒဏ် သေးငယ်ပေါ့ပါးခြင်း၊ သေးသောအပြစ်ဒဏ်တို့ ပပျောက်လွတ်ငြိမ်းခြင်းစသော အကျိုးတရားတို့ ရရှိပေ၏။

### အဇာတသတ်မင်း အပြစ်ဝန်ချ၊ တရားနာရကျိုး

အဇာတသတ်မင်းသည် တရားနာပြီးချိန်၌ ဤနေရာ၌ပင် သောတာပတ္တိမဂ်ဉာဏ်ကို ရရှိနိုင်သည့်ပါရမီ လုံလောက်စွာပါရှိခဲ့သူ ဖြစ်၏။ သို့သော် ဒေဝဒတ်တည်းဟူသော 'ပါပမိတ္တ' နှင့် ပေါင်းသင်းမိခဲ့သဖြင့် မဂ်တားဖိုလ်တားအန္တရာယ် ထိုက်ခဲ့သည်။ သို့သော် ဘုရားထံသို့ ဆည်းကပ်ခစား၍ တရားတော်ကိုလည်း နာယူ၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်နိုင်ခဲ့လေသည်။

အဇာတသတ်မင်း၏ ဤသို့ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း၊ မိမိ၏အပြစ်ကို မြတ်စွာဘုရားထံ၌ ဝန်ချတောင်းပန်လျှောက်ထားခြင်းတို့ကြောင့် လူသတ်မှုကျူးလွန်သူသည် အနည်းငယ်မျှ ရိုက်နက်ပုတ်ခတ်ဒဏ်ခံရ၍ လွတ်မြောက်

http://www.dhammadownload.com



မသတ်မိပါမူ၊ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာမြူ အညစ်အကြေး ကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်အလင်းသည် ဖြစ်ပေါ်ရာ၏'' ဟု မိန့်ဆိုတော်မူ၏။

သာမညဖလသုတ်တရားတော်ပြန်ပြီး၏။

◆ ◆ ◆

---

လာရသည့်ဥပမာကဲ့သို့ အရိယာသူတော်ကောင်းဖြစ်သော ဖခင်ကို သတ်မိခဲ့သဖြင့် ပုံမှန်အားဖြင့် မဟာအဝီစိငရဲကြီး၌ နှစ်ပေါင်းများစွာ အပြစ်ခံရမည့်ဘေးမှ သက်သာ ရာရကာ အဝီစိငရဲ၏အခြံအရံဖြစ်သော လောဟကုမ္ဘီငရဲငယ်၌သာ နှစ်ပေါင်း (၆၀၀၀၀)ကျခံရမည် ဖြစ်သည်။

ထိုငရဲမှလွတ်သောအခါ ပါရမီပြည့်စုံသဖြင့် ဝိဇိတာဝီမည်သော ပစ္စေက ဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံဝင်ရပေမည်။ (၄၊ ၂၁၂)

ထို့ပြင် အဇာတသတ်မင်းသည် ဖခင်ကို သတ်ခြင်းဟူသော ပဉ္စာနန္တရိယကံ လွန်ကျူးပြီးရာနေ့မှစ၍ ညဥ့်အခါတိုင်း၌ ချမ်းသာစွာ အိပ်ပျော်ရာကို မရ။ တရားတော် ကို နာရပြီးနောက်၌ ချမ်းသာစွာ အိပ်စက်ရ၏။ ရတနာမြတ်သုံးပါးကို ကြီးကျယ်စွာ ပူဇော်မှုကို ပြု၏။ မြတ်စွာဘုရားရှင်၏ သိက္ခာသုံးဖြာ သာသနာတော်မြတ်ကြီး၌ လွန်ကဲသော သဒ္ဓါတရားကို ရရှိ၏။

ထို့ကြောင့် 'ပေါထုဇ္ဇနိကာယ သဒ္ဓါယ သမန္နာဂတောနာမ ဣမိနာ ရညာ သဒိသော နာဟောသိ' သာသနာတော်၌ ပုထုဇဉ်တို့၏ သဒ္ဓါတရားတို့တွင် အဇာတသတ်မင်းနှင့်တူသော သဒ္ဓါပြည့်စုံသူမရှိဟု အဋ္ဌကထာ၌ ဆို၏။

သာမညဖလသုတ်အဋ္ဌကထာအဖွင့်ပြီး၏။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com



## အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)၏ ရေးသားထုတ်ဝေပြီးစာအုပ်များ-

၁။ ဂရုဓမ္မလူ့သီလတရားတော်

၂။ ပဋ္ဌာန်းတရားတော်

၃။ သတိပဋ္ဌာန်နှင့်မဇ္ဈိမပဋိပဒါလက်တွေ့ကျင့်စဉ်

၄။ သာမညဖလသုတ်တရားတော်

၅။ ဓမ္မပဒတရားတော်(ပို့ချချက်-ပတွဲ၊ ဒုတွဲ၊ တတွဲ)

၆။ ဋီကာကျော်မြန်မာပြန်(ပို့ချချက်-ပတွဲ၊ဒုတွဲ၊ တတွဲ)

၇။ အမေအိုရဲ့မေတ္တာပျို့(ဓမ္မရသပုံပြင်)

၈။ ပန်းနတ်သားရဲ့နတ်သမီးချော(ဓမ္မရသပုံပြင်)

၉။ ပြင်သစ်ဆရာတော်ဘဝနှင့်သာသနာ

၁၀။မရှိမကောင်းရှိမကောင်း၊ အပါယ်လူ၊ မေတ္တာစစ်ဖြင့် ချစ်ခြင်းဂုဏ်၊ သတိပဋ္ဌာန်ယောဂီဂုဏ်ရည်၊ ဂုဏ်သရေရှိတဲ့လူ၊ အစဉ် အလာတရားစသော ဓမ္မလက်ဆောင်စာအုပ်များ ဖြစ်သည်။

မကြာမီထွက်ရှိ မည့်စာအုပ်များမှာ-

၁။ အသုံးချအဘိဓမ္မာ

၂။ပါဠိသဒ္ဒါလေ့လာသင်ယူနည်း

၃။ဝေဒနာလမ်းခွဲ၊

၄။ခဏအရှုံးကိုအသုံးချသူ

၅။တရားနဲ့နေတဲ့လူ

၆။မဇ္ဈိမနှလုံးသား တို့ဖြစ်သည်။